
www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

ယောမင်းကြီးစာပေ
အနုပညာ စာပေနှင့် အသိဉာဏ်
ယောမင်းကြီးစာပေ
စာအုပ်အမှတ် ၆၆

BURMESE CLASSIC .com

# စန္ဒာဒေဝီ

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com

ဤ 'စန္ဒာဒေဝီ' ကို စာပေဗိမာန်အဖွဲ့ စာတည်းမှူးချုပ် ဦးဝင်းဖေက ကင်းလွတ်ခွင့် မှတ်ပုံတင်အမှတ် ၄၈၁[ယာယီ]ဖြင့် ထုတ်ဝေပြီး၊ ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်စက်) (၀၂၉၀၉) အမှတ် ၁၇၁၊ ၃၃ လမ်း ရန်ကုန်မြို့က ပုံနှိပ်သည်။

| | |
|---|---|
| ပဉ္စမအကြိမ် | – ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ (ယောမင်းကြီးစာပေ) |
| စတုတ္ထအကြိမ် | – ၁၉၆၅၊ အလီမွာစာပေ |
| တတိယအကြိမ် | – ၁၉၆၅၊ စက်တင်ဘာ၊ နုလုံးလှစာပေ |
| ဒုတိယအကြိမ် | – ၁၉၆၀၊ ဇူလိုင်လ၊ မြန်မာပြည်စာအုပ်တိုက် |
| ပထမအကြိမ် | – ၁၉၄၀ ဝန်းကျင် (စာအုပ်ရှာမတွေ့သေး) |
| ကွန်ပျူတာ | – သင်္ဂဟ |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | /200 ကျပ် |

ယောမင်းကြီးစာပေက ထုတ်ဝေသည်

– ၃၄၆/၁၉ အနော်ရထာလမ်း၊ ရန်ကုန်။ (ဖုန်း–၅၄၃၁၆၀)

– ၁၄၊ နှစ်ထပ်ရုံသစ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်း၊ ရန်ကုန်။



နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## ‘စန္ဒာဒေဝီ’နှင့် ပတ်သက်၍

ဆရာကြီးရွှေဥဒေါင်း၏ ‘စန္ဒာဒေဝီ’ကို စာအုပ်မထွက်မီ ကြေညာစဉ်က ‘တတိယအကြိမ်’ဟု ဖော်ပြခဲ့ပါသည်။ စာအုပ်အတွက် လိုက်လံ၍ ရှာဖွေသောအခါ ယခုအကြိမ်သည် ‘ပဥ္စမအကြိမ်’ ဖြစ်နေသည်ကို တွေ့ပါသည်။ ထို့ကြောင့် မိမိ၏အမှားကိုတောင်းပန်ရင်း ဆရာကြီး၏ စာအုပ်သည် အကြိမ်ကြိမ် ရိုက်နှိပ်ခဲ့ရခြင်းအတွက် များစွာ နှစ်ထောင်းအားရလျက် စာဖတ်ပရိသတ်အတွက် စာအုပ်ကောင်းတစ်အုပ် ပြန်လည်ပေးပို့နိုင်ခဲ့ခြင်းအတွက် ဝမ်းသာကြောင်း ပထမဦးစွာ ဖော်ပြလိုပါသည်။

ဤ ‘စန္ဒာဒေဝီ’ကို ဆရာကြီး စစ်ကြိုခေတ်က (အသက် ၄၀ ဝန်းကျင် အရွယ်ခန့်က) ရေးသားခဲ့ခြင်း ဖြစ်သော်လည်း ထိုစာအုပ်တွင် ဆရာကြီး၏ ဗုဒ္ဓဘာသာအခြေခံနှင့် အယူအဆများစွာကို ရှင်းလင်းစွာ ထင်ဟပ် ဖော်ပြထားသည်ကို တွေ့ရပေသည်။

ဝတ္ထုစဖွင့်လျှင်ဖွင့်ခြင်း ‘ကံ’နှင့်ပတ်သက်၍ ဖော်ပြထားပုံမှာ စာပိုဒ်တစ်ပိုဒ်နှစ်ပိုဒ်မျှနှင့်ပင် အခြားသော ဘာသာတရားများနှင့် ကွာခြားပုံကို ထိရောက်စွာ ဖော်ပြထားနိုင်ပေသည်။ (အခန်း ၁ အဖွင့်တွင် ဖတ်ရှုနိုင်ပါသည်)

အလားတူပင် ‘အနိစ္စ၊ ဒုက္ခ၊ အနတ္တ’ဟူသော ဗုဒ္ဓ၏ လက္ခဏာရေးသုံးပါး၌ အနတ္တလက္ခဏာနှင့် ပတ်သက်၍ ဖော်ပြပုံမှာလည်း စာနည်းသလောက် ထင်ရှားစေပါသည်။

ဒေဝ။ ‘သူ့တရားထဲက အရေးအကြီးဆုံး ပြောကြစမ်း’

ညို။ ‘လက္ခဏာရေးသုံးပါးဟာ အရေးအကြီးဆုံးပါ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ’

ဒေဝ။ ‘အနိစ္စဆိုတာ မမြဲဘူးတဲ့၊ ဒုက္ခဆိုတာ ဆင်းရဲတယ်တဲ့၊ ကျုပ်သိတယ်၊ အနတ္တဆိုတာဘာလဲ’

ညို။ ‘အနတ္တဆိုတာ ‘န အတ္တ’တဲ့၊ အတ္တမဟုတ်၊ ကိုယ်မဟုတ်၊ မိမိမဟုတ်၊ ငါမဟုတ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်

www.burmeseclassic.com

ဒေဝ။ 'အင်း၊ ဒီစကားတော်တော်ဆန်းတယ်၊ ကျွန်ုပ်မကြားဖူးဘူး၊
ငါမဟုတ်ဘူးတဲ့ဆိုတယ်၊ ငါမဟုတ်လျှင် သူလား၊ ဘယ်သူလဲ'

ဗုဒ္ဓမပွင့်မီက 'အနတ္တ'တရားမရှိပုံကို ထိရောက်စွာ ဖော်ပြလိုက်ခြင်းဖြစ်၏။ ဗုဒ္ဓသည် 'အတ္တ'ခေတ်ထဲတွင် ဓမ္မစကြာတရားတော်ကို မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆို လပြည့်နေ့၌ ပထမဆုံးဟောကြားပြီး 'သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး'နှင့် 'မဇ္ဈိမပဋိပဒါလမ်းစဉ်'ကို ကြေညာလိုက်ပြီး ရက်ပိုင်းမျှအကြာ ကဆုန်လပြည့်ကျော် ၅ ရက်တွင် အနတ္တလက္ခဏာသုတ်တော်ကို ဟောကြားကာ 'အတ္တ'ခေတ်နှင့် အယူအဆများကို လုံးဝတော်လှန်ပစ်ခဲ့ခြင်းဖြစ်၏။

ယခုကဲ့သို့ သာသနာနှစ် ၂၅၀၀ ကျော်လာသောအခါတွင် 'အနတ္တ'ကို ရေးရေးပါးပါးမျှ နားလည်နိုင်ဖွယ်ရှိသည်ဟု ဆိုနိုင်သော်လည်း ထိုခေတ်ကမူ ဤမျှခက်ခဲသော တရားတော်ကို ဗုဒ္ဓမှတစ်ပါး ထင်ရှားအောင် ဟောကြားနိုင်သောပုဂ္ဂိုလ် မရှိခဲ့ပေ။ (အနတ္တ လက္ခဏာသုတ်နှင့် ပတ်သက်၍ အရှင်ဇနကာဘိဝံသ၏ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် အဖွင့်၌ ရှင်းလင်းလွယ်ကူစွာ ဆက်လက်ဖတ်ရှုနိုင်ပါသည်)

ထို့ပြင် ဆရာကြီးသည် ဗုဒ္ဓ၏ 'ဥဒ္ဒိဿစေတီ'များ ကိုးကွယ်မှုနှင့် ပတ်သက်၍ ဝတ္ထု၏ တစ်နေရာတွင် ...

ကျွန်တော်။ '... ရွှေတိဂုံစေတီတော်ဆိုတာ ဒီဟာပါပဲ'
ဒေဝ။ 'ဒီဟာ ဘာလုပ်ဖို့လဲ'
ကျွန်တော်။ 'ဒီဟာကို ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ဖို့ဖြစ်ပါတယ်'
ဒေဝ။ 'ဒီဟာကိုးကွယ်တော့ ဘာဖြစ်သလဲ'
ကျွန်တော်။ 'ကုသိုလ်ရပါတယ်'
ဒေဝ။ 'ဉာဏ်ကို ကိုးကွယ်ခြင်းမဟုတ်ဘဲ သူတို့၏ပစ္စည်းကို ကိုးကွယ်လို့ ရနိုင်ပါသလား'
ကျွန်တော်။ 'ဉာဏ်ကိုပူဇော်ဖို့ နားမလည်သေးတဲ့ ပါရမီနုနယ်သူများအဖို့ ဖြစ်ပါတယ်'

ဟု ဗုဒ္ဓဆင်းတု ကိုးကွယ်မှုနှင့် ပါရမီအနုအရင့်ကို အမြွက်မျှဖော်ပြပုံမှာလည်း ဗုဒ္ဓဘာသာနှင့် ဆရာကြီး၏ အယူအဆကို ထင်လင်းစေသည်။

'စန္ဒာဒေဝီ'သည် မင်း မိဖုရားစည်းစိမ်ကို အကုသိုလ်တရားနှင့် မလဲလှယ်နိုင်ပုံကို ...

'မင်း မိဖုရားစည်းစိမ်နဲ့ ကမ္ဘာတစ်ခြမ်းကို အုပ်စိုးရမှာက တစ်ခဏလေး၊ လူတွေ သိန်းသန်းကုဋေ သတ်ပစ်လို့ ခံလိုက်ရမယ့်အပြစ်က ကမ္ဘာနဲ့ချင်လို့ ကြောက်စရာကောင်းလှတယ် ကိုတင်လှိုင်'ဟု ဆိုလိုက်သော စကားတစ်ခွန်းမှာ များစွာအံ့သြဖွယ်ကောင်းလှသော အလင်းရောင်ပေတည်း။

ဤစာသည် 'စန္ဒာဒေဝီ'ဝတ္ထုကို ဝေဖန်ချီးကျူးနေခြင်းမဟုတ်သောကြောင့် စာဖတ်သူတို့အတွက် ဝတ္ထုကောင်းတစ်ပုဒ်ကို ပေးနိုင်ခြင်းအတွက် ဝမ်းသာကြောင်း အမြွက်မျှဖော်ပြသော စကားမျှသာဖြစ်ပါသည်။

စွန့်စားခန်းဝတ္ထုဖတ်လိုသူ၊ အဆန်းတကြယ်ဝတ္ထု ဖတ်လိုသူနှင့် ဇာတ်လမ်းဝတ္ထုဖတ်လိုသူ၊ ဝတ္ထုကြိုက်သူတို့အတွက်ကိုမူ ဤ 'စန္ဒာဒေဝီ' ဝတ္ထုကြီးသည် အခြား မည်သည့်ဝတ္ထုများနှင့်မဆို ယှဉ်လျှင် 'လက်တစ်လုံးခန့် စွန်းထွက်နေမည်'ဟုသာ ဆိုလိုက်ချင်ပါတော့သည်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com

[၁]

ဗုဒ္ဓဘာသာဝင်တို့၏ အယူဝါဒအရ၊ သတ္တဝါအပေါင်းတို့ကို ကံသာလျှင် စီမံ ဖန်တီးသည်ဆို၏။ ခရစ်ယာန်တို့၏ အယူဝါဒအရ သတ္တဝါအပေါင်းတို့ကို ထာဝရဘုရားသခင်၏ အလိုတော်အတိုင်း စီမံတော်မူသည်ဆို၏။ ကံတရားကို မည်သူမျှလွန်ဆန်ခြင်းငှာ မတတ်နိုင်ဟူ၍ ဝန်ခံကြရသည့်နည်းတူ ဘုရားသခင်၏ အလိုတော်ကိုလည်း မည်သည့် သတ္တဝါမျှ လွန်ဆန်ခြင်းငှာ မတတ်နိုင်ဆို၏။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့၏ ကံတရားသည် ခရစ်ယာန်ဘာသာဝင်တို့၏ ဘုရားသခင်အလိုတော်ဟူသောစကားနှင့် မလွန်ဆန်နိုင်ခြင်းတည်းဟူသော အရာဌာနတွင် တူညီသည်ဟု ဆိုရန်ရှိ၏။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်တို့က ကံတရားသည် အဆန်းတကြယ် စီမံတတ်သည်ဟု ဆိုကြသော်လည်း ခရစ်ယာန်ဘာသာဝင်တို့ကမူ ဘုရားသခင်၏ အလိုတော်ကို ဆန်းကြယ်သည်ဟု တိုက်ရိုက် ဝန်မခံလိုမူ၍ 'လူတို့၏ ဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်ခဲ့သည်' ဟူ၍သာ ဆိုကြ၏။ ကံ၏အရိပ်နိမိတ်ကို တင်ကြိုမြင်စွမ်းနိုင်သောပုဂ္ဂိုလ်များ ရှိကြသော်လည်း ဘုရားသခင်၏ အလိုတော်ကို ကြိုတင်သိမြင်နိုင်သော လူများရှိကြသည်ဟု ခရစ်ယာန်တို့က ဝန်ခံလိုကြမည်မဟုတ်ချေ။ အကြောင်းကား ထိုကဲ့သို့ သိမြင်နိုင်သည်ဆိုပါလျှင် ဘုရားသခင်နှင့်ဉာဏ်ရည်တူသည်ဟု ဝန်ခံရာ

www.burmeseclassic.com



ရောက်နေမည် ဖြစ်ပေသောကြောင့်တည်း။

ကျွန်တော်၏ အဖြစ်အပျက်များကို ပြန်လည်ဆင်ခြင်လိုက်သည့် အခါ ကံတရားသည် အလွန်ဆန်းကြယ်စွာ ဖန်တီးစီမံလိုက်ကြောင်း တွေ့ရပေ၏။

ချစ်သူဟူသမျှအားလုံး ဆုံးရှုံးရသည့်အတွက် ကြေးငွေအားဖြင့် လျော်ကြေးပေးခြင်းနှင့်ပင်တူလှ၏။ နှစ်ပေါင်းကုဋေကုဋာက ချစ်ကြိုက် လာခဲ့သော (ကဿပဘုရားလက်ထက်မှ) မိန်းမတယောက်နှင့် ယခု တစ်ဘဝတည်းတွင် နှစ်ကြိမ်တိုင်တိုင် ပြန်လည်တွေ့ဆုံရခြင်းနှင့်လည်း တူလှ၏။ သို့သော် ကျွန်တော်၏အဖြစ်အပျက်ကို အစီအစဉ်အားဖြင့် ဖော်ပြမှသာလျှင် ကျွန်တော်ဆိုလိုသည့် အဓိပ္ပာယ်ကို နားလည်နိုင်ကြ ပေလိမ့်မည်။

ကျွန်တော်မှာ မန္တလေးမြို့သား ဇာတိဖြစ်၍ မြေပိုင်ရှင်သူဌေး ဦးဂုံတန်၏ တတိယသား မောင်တင်လှိုင် ဖြစ်ပါသည်။ ကျွန်တော်၌ မွေးပေါက်ဖော် ခုနစ်ယောက်ရှိမျှရာ ကျွန်တော်၏ သားချင်းများသည် အသက်အစဉ်အတိုင်းနေကြပါမူ လယ်မြေ ဧက ၂၀၀၀ ကျော် (အဖိုး ငွေ နှစ်သိန်းခန့်) ထိုက်တန်သော လယ်မြေ အမွေအနှစ်တို့အနက် ကျွန်တော့်အတွက် သုံးသောင်းဖိုးခန့်မျှသာ ဆက်ခံရရှိဖို့ ရှိပေလိမ့် မည်။

ယခုမှာမူ မန္တလေးမြို့တွင် ပလိပ်ကပ်ရောဂါ အကြီးအကျယ် ဖြစ်ပွားသောနှစ်က ကျွန်တော်၏ မိဘနှစ်ပါးနှင့်တကွ ညီအစ်ကို မောင်နှမ ခြောက်ယောက်တို့ပါ နှစ်လခန့်အတွင်း တစ်ယောက်ပြီး တစ်ယောက် ၎င်းရောဂါဖြင့် ကွယ်လွန်ကုန်ကြရကား ကျွန်တော်မှာ မိဘနှစ်ပါးတို့၏ အမွေအနှစ်ကို တစ်ယောက်တည်း ဆက်ခံရရှိခဲ့၏။

မန္တလေးမြို့တွင် နှမတစ်ယောက် သေဆုံးသည်နှင့်တပြိုင်နက် ကျွန်တော်တို့ မိသားဖသားတစ်စုသည် ကျွန်တော်တို့၏ လယ်မြေများ





ရှိရာ ပုသိမ်ကြီးရွာသို့ ရွှေ့ပြောင်းနေထိုင်ကြပါသော်လည်း ငါးရက် အတွင်း မိခင်ဖြစ်သူနှင့် ညီတစ်ယောက် ပျက်စီးပြန်သည်နှင့် ရွှေဘိုနယ် ဝက်လက်မြို့သို့ ပြောင်းရွှေ့နေထိုင်ကြပြန်၏။

၎င်းမြို့တွင် နှမတစ်ယောက်နှင့် အစ်ကိုတစ်ယောက် ပျက်စီးပြန် ရကား ဖခင်နှင့် ကြွင်းကျန်သော သားသမီး သုံးယောက်တို့သည် ကသာမြို့သို့ တက်ပြေးကြရပြန်၏။ ၎င်းမြို့တွင် ဖခင်နှင့် အစ်မ တစ်ယောက်၊ ညီတစ်ယောက် ဆုံးရှုံးပြန်လာရကား ကြွင်းကျန်ရစ် သော တစ်ဦးတည်းသားဖြစ်သည့် ကျွန်တော်သည် မန္တလေးမြို့သို့ ပြန်လာခဲ့၍ ဖြစ်လိုရာဖြစ်စေဟူသော သဘောမျိုးဖြင့် နေမြဲတိုင်း အိမ်တွင် ပြန်လည်ဝင်ရောက်နေထိုင်ခဲ့၏။

သို့ရာတွင် သေမင်းသည် ကျွန်တော့်အား အလွန်တရာ နက်နဲ ဆန်းကြယ် အံ့သြဖွယ်ကောင်းလှသော အဖြစ်အပျက် အခြင်းအရာ များကို ကိုယ်တိုင် ကြုံတွေ့ခံစားခွင့်ရှိစေရန် ရည်သန်ထားဟန် လက္ခဏာရှိရကား ကျွန်တော်က သေတွင်းသို့ ဆင်းပါရစေဆိုခြင်းကို လက်မခံဘဲ ငြင်းဆန်ထားခဲ့၏။

ပထမ၌ ပလိပ်ရောဂါကို ကြောက်ရွံ့သည့်အလျောက် ရှောင်ကွင်း ခဲ့ဖူးသော်လည်း နောက်ဆုံး ဖခင်နှင့်ညီတစ်ယောက် သေဆုံးသည့် အရေးတွင် လူနာများကို ပွေ့ဖက်ပိုက်ထွေးကာပြုစုခြင်း၊ မန္တလေးမြို့သို့ ပြန်ရောက်စအခါက သူငယ်ချင်းတစ်ယောက် ရောဂါကပ်ရောက်သည့် အရေးတွင် ညဥ့်အိပ်ညဥ့်နေ ပြုစုစောင့်ရှောက်ခြင်း စသည်ဖြင့် သေဘေးကို တမင်တိုးသော်လည်း အတွေ့များသဖြင့် ထုံသွားသော ကြောင့် လေလားမသိ၊ မည်သို့မျှမရှိ ပကတိ ကျန်းမာစွာရှိနေပေ တော့၏။

သို့ဖြစ်ရကား သေမင်းသည် ကျွန်တော်၏မိဘနှစ်ပါးနှင့် သားချင်း ခြောက်ယောက်တို့ကို ဆောင်ကြဉ်းသွားသည့်အတွက် ကျွန်တော့်အား



www.burmeseclassic.com

www.burmeseclassic.com



ငွေနှစ်သိန်းဖြင့် လျော်ကြေးပေးထားခြင်းနှင့် တူလှပေ၏။ သို့သော် ထိုမျှနှင့် မပြီးသေးချေ။

မိဘနှင့်သားချင်းများ သေဆုံးပြီးသည့်နောက် ဒုတိယနှစ်တွင် ကျွန်တော်နှင့် ကျောင်းနေဖက်ဖြစ်၍ အလွန်ချစ်ခင်သော သူငယ်ချင်း မောင်ကံထူးသည် ကောလင်းမြို့သို့ မြို့ပိုင်အလုပ်နှင့် ရောက်သွားစဉ် ကျွန်တော့်ထံ စာတစ်စောင် ရေးသားပေးပို့လိုက်၏။

၎င်းစာတွင် မိဘသားချင်းများ ဆုံးရှုံးခဲ့သည့် ကျွန်တော်ကဲ့သို့သော လူတစ်ယောက်မှာ တစ်ကိုယ်တည်းနေထိုင်ရန် မသင့်တော်သောကြောင့် အိမ်ထောင်ဖက်ရှာရန် အချိန်တန်ပြီဖြစ်ကြောင်း စကားပလ္လင်ခံပြီးနောက် အကယ်၍ ကျွန်တော်၌ ချစ်ကြိုက်ထားသူ ရည်းစားမရှိသေးလျှင် အလွန်သင့်တော်မည်ဟု ထင်မြင်ထားသော မိန်းကလေးတစ်ယောက်ကို ကောလင်းမြို့တွင် တွေ့မြင်ထားကြောင်း၊ မိန်းကလေးမှာ စက်ပိုင်၏ သမီးဖြစ်၍ အရုပ်အရည်၊ အကျင့်စာရိတ္တနှင့်တကွ မည်သည့်နေရာကမျှ ဆိုဖွယ်ရာမရှိကြောင်း၊ အမည်မှာ မအုန်းကြည်ခေါ်၍ ကျွန်တော့်ထက် အသက်သုံးနှစ်ခန့် ငယ်လိမ့်မည်ထင်ရကြောင်း၊ မည်သည့်နည်းနှင့်မဆို အခြားနေရာ၌ စီမံထားပြီးမရှိခဲ့လျှင် ကောလင်းမြို့သို့ မအုန်းကြည်ကို ကြည့်ရန်အတွက် လာခဲ့စေလိုကြောင်းများနှင့် ရေးသားပါရှိလေ၏။

ထိုအချိန်အခါ၌ ကျွန်တော်မှာ အသက် ၂၁ နှစ်မျှ ရှိပြီဖြစ်ရာ များစွာသော လူကုံထံသားသမီးများမှာ ထိုအရွယ်သို့ ရောက်သည့်အခါ အနည်းဆုံး ရည်းစားသုံးလေးယောက်ထက်မနည်း ချစ်ကြိုက်ဖူးကြမည် ဖြစ်ပေရာ ကျွန်တော်မှာ မျက်လုံးချင်းတိုက်ဆိုင်မိသဖြင့် သဘောကျသလိုလိုဖြစ်ဖူးသော မိန်းကလေးတစ်ယောက် နှစ်ယောက်မှတစ်ပါး ရည်းစားဟူ၍ တစ်ကြိမ်တစ်ခါမျှ မထားခဲ့ဘူးသေးချေ။





ယင်းသို့ဖြစ်ရခြင်းမှာ မိဘသားချင်းများ တစ်ပုံတစ်ခေါင်းကြီး စုပေါင်းသေဆုံးဖူးသောကြောင့် တစ်ကြောင်း၊ အင်းအိုင် မန္တရားနှင့် ရှေးစာဟောင်းများ လိုက်စားခြင်းအလုပ်တွင် ဝါသနာထုံခဲ့သောကြောင့် တစ်ကြောင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ သူငယ်ချင်း မောင်ကံထူး၏စာကို ရရှိသောအချိန်တွင် ကျွန်တော့်မှာ ရှာမှရှားသည်ဟု ဆိုလောက်သည့် လူပျိုအစစ်တယောက် ဖြစ်နေပေ၏။

သို့ရာတွင် ကျွန်တော်သည် မောင်ကံထူး၏ စာကို ဖွင့်၍ အိမ်ထောင်ဖက်ရှာဖို့ အကြောင်းများကို ဖတ်ရှုရာမှ မအုန်းကြည်၏ အမည်ကို စာရွက်ပေါ်တွင် မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ရင်ထဲတွင် ဖိုခနဲ လှိုက်ခနဲ ဖြစ်သွားလေတော့၏။

ကျွန်တော်မှာ ရည်းစားမထားဖူးသည် မှန်သော်လည်း မိန်းမသူငယ်ချင်းများရှိဖူးခြင်း၊ ကျောင်းကပွဲများတွင် မိန်းမများနှင့်တွဲလျက် ကဖူးခြင်း၊ ပျော်ပွဲစား ထွက်ကြသောအခါများတွင် မိန်းကလေးများနှင့် အရောတဝင်နီးရင်းစွာ ဆက်ဆံနေထိုင်ဖူးခြင်း စသည့်တို့ကို ထောက်ထားခြင်းအားဖြင့် ကျွန်တော်၏ ရင်ဖိုလှိုက်ခြင်းသည် ရသေ့ ရဟန်းများကဲ့သို့ မိန်းမနှင့် အလွန်ကင်းဝေးနေဖူးခြင်းကြောင့် ဖြစ်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်လျှင် နာမည်ကို ကြားရရုံမျှနှင့် အဘယ်ကြောင့် ထိုမျှလောက် တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရလေသနည်း။ (အဖြေမှာ အလွန်တရာ ဆန်းကြယ်လှသည်ဖြစ်၍ နောင်အခါမှ တရေးရေး ပေါ်ထွက်လာနိုင်ဖွယ်ရာ ရှိပေ၏)

တစ်ရက် နှစ်ရက် အတွင်း၌ ကျွန်တော်သည် သူငယ်ချင်း မောင်ကံထူး၏ စာအကြောင်းကို စဉ်းစားစိတ်ကူးလျက်ရှိရာ မအုန်းကြည်ဟူသောအမည်ကို သတိရသည်နှင့် တစ်ပြိုင်နက် ရင်ဖိုလှိုက်ခြင်းသည် တစ်ရက်ထက်တစ်ရက် ဆုတ်ယုတ်ရမည့်အစား တိုး၍သာ



www.burmeseclassic.com

www.burmeseclassic.com



လာချေတော့၏။

တတိယနေ့၌ မောင်ကံထူးထံ စာတစ်စောင်ရေးထည့်လိုက်ရာ ကျွန်တော်၏စိတ်နှလုံးမှာ လွတ်လပ်စွာ ရှိနေသည်ဖြစ်၍ ထိုက်ရာ၌ နားလိုလျှင် နားနိုင်လိမ့်မည် ထင်ရကြောင်းများနှင့် ခပ်ရွှမ်းရွှမ်း လက်စသပ်လိုက်၏။

ပဥ္စမနေ့တွင် ကျွန်တော်သည် ကောလင်းမြို့သို့ မီးရထားဖြင့် ဆိုက်ရောက်သွား၍ မြို့ပိုင်မောင်ကံထူးသည် ဘူတာရုံမှ လာရောက်ကြိုဆိုပြီးလျှင် ၎င်း၏နေအိမ်သို့ ခေါ်ဆောင်သွားလေ၏။ ၎င်းနေ့ ညနေတွင် မအုန်းကြည်တို့၏နေအိမ်သို့ ကိုကံထူးနှင့်အတူ သွားရောက် လည်ပတ်ကြလေရာ နာမည်ကိုကြားစဉ်က ဖိုလှိုက်ခဲ့သော ကျွန်တော်၏ ရင်ဘတ်သည် မျက်နှာကို ကိုယ်တိုင်မြင်လိုက်ရသောအခါတွင် တူကြီး များနှင့် ထုနှက်ဘိသကဲ့သို့ တဒုန်းဒုန်း တဒိုင်းဒိုင်း မြည်ဟိန်းနေပေ တော့၏။

ထို့နောက် မျက်နှာချင်းဆိုင်ထိုင်လျက် (လူကြီးများရှေ့တွင်) စကား ပြောကြရသောအခါတွင်မူကား ကျွန်တော်မှာ ရင်ထဲက မြည်သံကို မြို့အုပ်ကိုကံထူး ကြားလိမ့်မည်ထင်သည်နှင့် လက်ဖြင့် ဖိနှိပ်ထားမိ သေး၏။

[ကျွန်တော်သည် ဤအတ္ထုပ္ပတ္တိကို ရေးသားဖော်ပြရာတွင် မအုန်းကြည်နှင့် ယခုအကြိမ် ချစ်ကြိုက်ကြပုံကို အကျယ်တဝင့် ဖော်ပြ ရန် ရည်ရွယ်ရင်းမရှိဘဲ စကားစပ် အနေမျိုးဖြင့်သာ ဖော်ပြခြင်း ဖြစ်သောကြောင့် လူပျိုလှည့်ရပုံ အဖြစ်အပျက်များကို အကျဉ်းချုံး၍ ရေးပဝေသဏီမှ တွေ့ခဲ့ကြပုံ အကြောင်းအရာများသို့ ရောက်စေခြင်းငှာ အမြန်ကျော်လွှားလိုက်ရပေအံ့။]





ပဌမအကြိမ် တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် မေတ္တာသက်ဝင် ခြင်း (love at first sight) ဟူ၍ အင်္ဂလိပ်စကား ရှိသည်ကို ကျွန်တော်ကြားရဖူး၏။ ကျွန်တော်တို့နှစ်ယောက်မှာမူကား တစ်ယောက် နှင့်တစ်ယောက် မျက်နှာချင်းမဆိုင်ရသေးဘဲ စိတ်ထဲ၌ နာမည်ကို ကြားလိုက်ရကတည်းကပင် စိတ်ထဲက ချစ်ခင်နေခဲ့ပြီဟု ဖြောင့်ချက် ပေးရပေတော့မည်။ [မအုန်းကြည်ကလည်း ကျွန်တော် လာရောက် လည်ပတ်မည်ဟု မြို့အုပ်ကိုကံထူးကပြောပြ၍ ကျွန်တော်၏ နာမည်ကို ကြားလိုက်ကတည်းကပင် ရင်ထဲ၌ ဖိုလှိုက်ခြင်း ဖြစ်ရဖူးကြောင်းနှင့် ကျွန်တော်နှင့် အကြောင်းဆုံဆည်းသောအခါတွင် ဖွင့်ဟပြောဆို ဖူး၏။]

ထိုကဲ့သို့ဖြစ်ရခြင်းမှာ ကျွန်တော်နှင့် မအုန်းကြည်တို့သည် သာမန် အားဖြင့် အကြောင်းရေစက် ဆုံဆည်းကြသော ဇနီးမောင်နှံမဟုတ်၊ ရှေးဘဝ အဆက်ဆက် ပန္နက်ချခဲ့ဖူးသော မေတ္တာဓာတ်အဟုန်ကြောင့် ဖြစ်ရကြောင်းကို နောင်ဖော်ပြလတ္တံ့သော အဖြစ်အပျက်များအားဖြင့် ထင်ရှားပေလတ္တံ့။

ကျွန်တော်သည် ကောလင်းမြို့သို့ ဆိုက်ရောက်ပြီးသည့်နောက် ရက်သတ္တတစ်ပတ်ခန့်အတွင်းတွင် မြို့အုပ်ကိုကံထူးက မအုန်းကြည် ၏ မိဘများနှင့် စကားကြောင်းလမ်းပြီးဖြစ်ခဲ့ရာ ရက်သတ္တနှစ်ပတ် အတွင်းတွင် ထိမ်းမြားလက်ထပ်ခြင်းကိစ္စကို ဆောင်ရွက်ကြလေ၏။

လက်ထပ်ပြီးသည့်နောက် ကျွန်တော်မှာ ဝမ်းစာအတွက် အလုပ် လုပ်နေရသော လူတစ်ယောက်လည်းမဟုတ်။ လက်ထပ်ဇနီးမောင်နှံ တို့ ဤမြို့ ထိုမြို့ စသည်တို့သို့ လှည့်လည်ရသည့် 'ဟန်းနီးမွန်း' Honey moon ခေါ် အနောက်တိုင်းသားတို့၏စနစ်ကို ခပ်ကြိုက်ကြိုက် ရှိသည်လည်း တစ်ကြောင်းကြောင့် အထက်အောက် မြန်မာပြည်ရှိ တန်ခိုးကြီး ဘုရားများသို့ သုံးလတိုင်တိုင် လှည့်လည်ဖူးမြော်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ငင်းစနစ်မှာ လက်ထပ်ခါစ ဇနီးမောင်နှံတို့အဖို့ အလွန်သင့်လျော်လှသည် ဖြစ်သောကြောင့် အိမ်ထောင်ပြုရခြင်းအလုပ်ကို လျင်မြန်စွာ အီခြင်း ရွံခြင်း မဖြစ်လိုသူတို့အတွက် နည်းကောင်းလမ်းကောင်းတစ်ခု အဖြစ်နှင့် ထောက်ခံချက်ပေးလိုပေ၏၊ အကြင်လင်နှင့် မယားတို့သည် အနှစ် ၁၀၀ မျှပင် ပေါင်းသင်းနေထိုင်ကြရစေကာမူ လက်ထပ်စအခါက မည်သည့်နေရာသို့ အတူတကွသွားခဲ့ရပုံ၊ မည်သည့်ဒုက္ခမျိုး တွေ့ခဲ့ရပုံ စသည်တို့ကို တစ်သက်ပတ်လုံး မမေ့နိုင်လောက်အောင် စွဲမြဲစွာ အမှတ်တစ်ခု ပြုကြရမည်သာ ဖြစ်ပေ၏။

ယုတ်စွာအဆုံးအားဖြင့် မည်သည့်လမ်းခရီး၌ ရေငတ်မွတ်သဖြင့် ခင်ပွန်းသည်က တောနင်း၍ ရေရှာပေးဖူးခြင်းစသော အဖြစ်အပျက်ကလေးမျိုးကိုပင် တကယ့်ရာဇဝင် အဖြစ်အပျက်ကြီး တစ်ခုမက နှစ်ဦးလုံး၏စိတ်ထဲတွင် စွဲမြဲစွာထင်မြင်မိကြပေလိမ့်သတည်း။ ငယ်ရွယ်နုနယ်ခြင်းသည် လွမ်းဆွတ်ကြည်နူးဖွယ် အခြင်းအရာ ပေါ်များလှပေစွတကား။

ကျွန်တော်တို့ ဇနီးမောင်နှံမှာ ကာလကြာရှည်စွာ မပေါင်းကြရသည့်အတွက် နည်းနည်းနှင့်ကြဲကြဲဝိုင်းဟူသောစကားကဲ့သို့ အချိန်ရှိသလောက် တစ်ယောက်အပေါ်၌တစ်ယောက် အချစ်ပိုကြပေ၏။ အလောင်းတော် ကိန္နရီမောင်နှံတို့ တစ်ညတာမျှ ကွဲကွာသည့်အရေးကို အနှစ် ၇၀၀ တိုင်တိုင် မမေ့နိုင် ဆိုသောစကားမှာ ကဲလွန်းသည်ဟု မှတ်ထင်မိခဲ့ဖူးရာ စစ်ကိုင်းနှင့် မန္တလေးမြို့အကူးတွင် မိုးသက်မုန်တိုင်းမိသဖြင့် သောင်ပြင်၌ တစ်ယောက်စီ အိပ်စက်ခဲ့ရဖူးသော အဖြစ်ကို မအုန်းကြည်သည် တွေးမိတိုင်း မျက်ရည်မဆည်နိုင်အောင် ဖြစ်ရသည်တွင်မှ ကိုယ်ချင်းစာသဘောနှင့် ဟုတ်ပေလိမ့်မည်ဟု အောက်မေ့မိ၏။

တစ်နှစ်ခန့်မျှ အတူတကွနေထိုင်ကြရသည်အတွင်း မအုန်းကြည်



2A



နှင့် ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် တစ်နာရီခန့်မျှ ခွဲခွာဖူးသည်မရှိခဲ့ရာ ထိုအချိန်ကာလအတွင်း တစ်ယောက်နှင့် တစ်ယောက် ပြောမှားဆိုမှား အထင်အမြင်မှားခြင်းလည်းမရှိ၊ ခွန်းကြီးခွန်းငယ် အော်လားဟစ်လား ပြောဆိုရသည်လည်းမရှိ၊ အလွန့်အလွန် စိတ်တိုင်းကျလျက်ရှိကြ၏။ တစ်ခုသောအရာကို တစ်ယောက်က နဂိုအားဖြင့် မကြိုက်ခဲ့သော်လည်း တစ်ယောက်ပြုသောအခါ၌ ကောင်းသည်ဟု မှတ်ထင်လာမိ၏။

ဥပမာ ကျွန်တော်သည် အစိမ်းရောင်ကို မုန်းတတ်သူတစ်ယောက်ဖြစ်ရာ မအုန်းကြည်က ကျွန်တော့်အတွက် ဗန်ကောက် အစိမ်းနုလုံကွင်းတစ်ထည်ဝယ်ထား၍ ၎င်းကိုယ်တိုင်အဖို့လည်း ကျွန်တော်နှင့် သွေးတူမွေးတူ လုံကွင်းတစ်ထည် ဝယ်ထားလိုက်၏။

ထိုနေ့မှစ၍ ကျွန်တော်သည် အစိမ်းရောင်နှင့် ပြန်ပေါင်းထုပ်မိလေတော့၏။ မအုန်းကြည်ကလည်း ရုပ်ရှင်ကားများကို အပြစ်ဆိုခဲ့ဖူးသူတစ်ယောက်ဖြစ်ရာ ကျွန်တော်က ရုပ်ရှင်ကောင်းကြောင်းပြောပြ၍ တစ်ကြိမ်ပြဖူးရာတွင် ရုပ်ရှင်သမားတစ်ယောက် ဖြစ်လာလေတော့၏။

ကျွန်တော်တို့ လင်မယားမှာ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်မြတ်နိုးကြသည့်အပြင် အချို့သောလင်မယားများကဲ့သို့ မချစ်ခင်လေဟန် ပရိယာယ်မျိုး ပြုလုပ်ခြင်းကိုလည်း ဝါသနာမရှိကြရကားလူများသည် ကျွန်တော်တို့ကို မေးငေါ့ကာ ပြုံးရယ်တတ်ကြ၏။ ကျွန်တော်တို့ကလည်း ၎င်းတို့ မေးငေါ့သည်ကို ရိပ်မိသည်နှင့် တစ်ယောက်ကိုတစ်ယောက် တိုး၍ ထင်ထင်ရှားရှား ဂရုစိုက်ကြ၏။ နောက်ဆုံး၌ အိမ်နီးချင်းများသည် ကျွန်တော်တို့အား 'ကိန္နရီမောင်နှံ' ဟူသော နာမည်ဖြင့် မှည့်ခေါ်ထားကြ၏။

ကျွန်တော်သည် ကျွန်တော်တို့ဇနီးမောင်နှံ၏ ချစ်မြတ်နိုးခြင်းအကြောင်းကို ယခုကဲ့သို့ အကျယ်တဝင့် ဖော်ထုတ်ရေးသားရခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သင်ခန်းစာ ယူစေလိုသောသဘောဖြင့် မဟုတ်ဘဲ ကျွန်တော်တို့၏ မေတ္တာသည် ယခုတစ်ဘဝတည်းနှင့် ဖြစ်ပေါ်လာသော မေတ္တာမျိုး မဟုတ်။ ရှေးဘဝအစဉ်အဆက်က ဖြစ်ပျက်လာခဲ့ဟန် လက္ခဏာ ရှိသည့်အကြောင်းကို ယုတ္တိလုံလောက်စေခြင်းငှာ ဖော်ပြရခြင်း ဖြစ်ပေ၏။

မင်္ဂလာဆောင်နှင်းပြီးနောက် ၁၂ လမြောက်လတ်သော် ဇနီး မအုန်းကြည်မှာ သားယောကျ်ားကလေးတစ်ယောက် ဖွားမြင်လေရာ ကျွန်တော်မှာ ၎င်းသားကလေးကို ရန်သူကြီးတစ်ယောက်အနေဖြင့် သဘောထားမိ၏။ အကြောင်းမူကား ၎င်းအားမွေးဖွားရသည့်အတွက် မအုန်းကြည် အသက်ဆုံးရှုံးရသည်ဟု ကျွန်တော့်စိတ်ထဲတွင် စွဲမြဲ ထင်မြင်မိခဲ့ပေသောကြောင့်တည်း။

သို့ဖြစ်၍ မအုန်းကြည်၏ ဈာပနကိစ္စပြီးစီးသည်နောက် သုံးရက် မြောက်သောနေ့တွင် ၎င်းသားကလေးသည် မိခင်၏လမ်းသို့ ထက်ကြပ် မကွာ လိုက်ပါသွားသောအခါ၌ စိတ်ထဲတွင် ကံစိုက်လောက်အောင် မရှိသည့်ပြင် ဝန်ကျသွားပေပြီဟူ၍ပင် မှတ်ထင်မိသေး၏။ ဤသို့ ဖော်ထုတ်ရေးသားရခြင်းအားဖြင့် ရက်စက်ရာကျသည် မှန်သော်လည်း သူတပါးနှင့်မတူအောင် ပူလောင်ဆွေးမြေ့သူတစ်ယောက် ဖြစ်သည့် အတွက် အခွင့်လွှတ်ကြလိမ့်မည်ဟု မျှော်လင့်မိပေသည်။

ထူးဆန်းသော အခြင်းအရာတစ်ခုမှာ မအုန်းကြည် ကွယ်လွန် သည့်နေ့မှစ၍ ကျွန်တော်မှာ မအုန်းကြည်အကြောင်းကို အိပ်မက် တွင် မမြင်မက်သောညဥ့်ဟူ၍ တစ်ညဥ့်မျှမရှိချေ။ ကောလင်း၌နေသည် ဖြစ်စေ၊ မန္တလေး၌ နေထိုင်သည်ဖြစ်စေ၊ စိတ်ဖြေလက်ပျောက်၍ လည်ပတ်ရာ၌ဖြစ်စေ မအုန်းကြည်သည် အိပ်မက်ထဲတွင် အမြဲပေါ်လာ လေ့ရှိ၏။

သာ၍ ထူးဆန်းသော အချက်တခုမှာ ကျွန်တော်သည် ၎င်း





အတွက် ပူပန်သောက ရောက်နေရသဖြင့် တစ်နာရီ တစ်မိနစ်မျှ စိတ်ကြည်ရွှင်ခြင်း မရှိငြားသော်လည်း မအုန်းကြည်အကြောင်းမြင်မက် ရသမျှသော အိပ်မက်များမှာ စိတ်ညစ်ညူးဖွယ်ရာ မဟုတ်ဘဲ ပျော်ပျော် ရွှင်ရွှင်ရှိနေသော မအုန်းကြည်၊ ဝတ်စားတန်ဆာလှပစွာ ဆင်ယင်ထား သော မအုန်းကြည်တို့ကိုသာလျှင် အခါခပ်သိမ်း တွေ့ရမြင်ရပေ၏။

သို့ရာတွင် အိပ်မက်များသည် တဖြည်းဖြည်း ပြောင်းလဲလာ သည်ကို ကျွန်တော်သတိပြုမိ၏။ ပထမ၌ မအုန်းကြည်သည် ကျွန်တော် နှင့် တွေ့ရသည်အတွက် ကျေနပ်နှစ်သက်ဟန် မျက်နှာထားမျိုးရှိခဲ့ရာ ကျွန်တော့်အား သွေးဆောင်ခေါ်ငင်သည့် အဓိပ္ပာယ်မျိုးရှိသည့် အိပ်မက် မျိုးသို့ ပြောင်းလဲခဲ့လေပြီး နောက်ဆုံးအိပ်မက်များတွင်မူကား (မအုန်း ကြည်သည် အိမ်မက်ထဲတွင် မြောက်အရပ်သို့ အမြဲ မျက်နှာမူလေ့ ရှိ၏။) ကျွန်တော်၏လက်ကိုကိုင်ဆွဲလျက် မြောက်အရပ်သို့ လက်ညှိုး ညွှန်ကာ 'ကျွန်မရှိရာကို လာပါတော့ကိုကို၊ ကျွန်မ စောင့်နေရတာ ပျင်းလှပါပြီ၊ လာပါတော့' ဟု အကြိမ်ကြိမ်ခေါ်သေး၏။ ၎င်း၏ မျက်နှာ ထားမှာမူ အနည်းငယ်မျှ ညှိုးငယ်ခြင်းမရှိ၊ ကြည်လင်ရွှင်ပျစွာသာလျှင် ရှိနေ၏။

ကျွန်တော်သည် ဤအိပ်မက်များ အကြောင်းကို မိတ်ဆွေ သူငယ်ချင်းများအား ပြောပြတိုင်ပင်သည့်အခါ ၎င်းတို့က 'ခင်ဗျား စိတ်စွဲလမ်းလို့ မက်တာပါဗျာ' ဟုပြောကြ၏။ သို့သော် ဤမျှလောက် နေ့ဆက်ရက်ဆက် မြင်မက်ရခြင်းဖြစ်သောကြောင့် ၎င်းတို့၏စကားကို ကျွန်တော် မကျေနပ်နိုင်ချေ။ ယင်းသို့ဖြစ်လျှင် မည်သည့် အခြား အဓိပ္ပာယ်မျိုး ရှိနိုင်ပါအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com

[၂]

တစ်နေ့သ၌ကျွန်တော်သည် လယ်စုအတွက်ရရှိသော စပါးတစ်သောင်းကျော်ကို ရောင်းချပြီးနောက် ရရှိသောငွေကို ခရီးသွားခြင်းအားဖြင့် ဖြုန်းတီးချေတော့အံ့ဟု အကြံပြုလျက် အိန္ဒိယပြည်သို့ ထွက်လာခဲ့လေ၏။ ကာလကတ္တား၊ ဒေလီ၊ ဆင်းမလား၊ ဘုံဘိုင် စသော မြို့ကြီးများသို့ လှည့်လည်ပြီးနောက် မဒရပ်မြို့သို့ ဆိုက်ရောက်သောအခါ ကျောင်းနေဖက် သူငယ်ချင်း ကိုသာမြတ်နှင့်ကိုဖူးညိုဆိုသူ နှစ်ယောက်တို့မှာ ၎င်းမြို့၌ ဆေးကျောင်းသားအဖြစ်နှင့် ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရလေ၏။

ကျွန်တော်သည် ဟိုတယ်တစ်ခုတွင် တည်းခိုနေထိုင်ခဲ့ရာ သူငယ်ချင်းနှစ်ယောက်တို့လည်း ကျွန်တော်ရှိရာသို့ လာရောက်ကြ၍ အားလပ်သော အချိန်ဟူသမျှကို ကျွန်တော်နှင့်ပင် ကုန်လွန်ခဲ့စေ၏။

မြန်မာပြည်မှ ထွက်ခွာ၍ သင်္ဘောပေါ်၌ဖြစ်စေ၊ ကာလကတ္တား ဘုံဘိုင်စသော မြို့များ၌ဖြစ်စေ၊ ယခုမဒရပ်သို့ ဆိုက်ရောက်ရာတွင်ဖြစ်စေ ယခင်က အိပ်မက်သည် တစ်ညဉ့်မျှ ပြတ်လပ်ဖူးသည်မရှိချေ။ ထူးခြားသော အချက်တစ်ခုမှာ ကျွန်တော် ထွက်လာသည့်အတွက် အိပ်မက်ထဲတွင် မအုန်းကြည်သည် စိတ်ကျေနပ်ဟန်ရှိ၍ 'ဟုတ်ပြီ





ကိုကို၊ ကျွန်မနှင့်နီးနီးလာပြီ၊ ကြိုးစားလိုက်ပါကိုကို' စသော စကားမျိုးများဖြင့် အားပေးချေသေး၏။

အိပ်နေရာမှ နိုးလာသည့်အခိုက်မျိုးတွင် မအုန်းကြည် ဘယ်နေရာ၌ရှိနေ၍ အဘယ်ကဲ့သို့ရောက်အောင်လာရမည်နည်းဟု မေးမည်ဟု ကြံစည်ထားဖူးသော်လည်း အိပ်မက်တို့ထုံးစံအတိုင်း တကယ်မြင်မက်သောအခါ၌ မမေးဖြစ်ဘဲ မေ့လျော့ ချန်လှပ်ထားခဲ့မိသည်ကိုသာ တွေ့ရပေ၏။

ကျွန်တော်၏သူငယ်ချင်းနှစ်ယောက်အနက် ကိုသာမြတ်ဆိုသူမှာ အတော်ပင်စဉ်းစားဉာဏ်ရှိသူဖြစ်၍ မိမိဉာဏ်စွမ်းကိုလည်း အားကိုးသူတစ်ယောက်ဖြစ်၏။ မည်သူက မည်ကဲ့သို့ ပြောသော်လည်း မယုံ။ တတ်နိုင်လျှင် ဘုရားဟောဖြစ်စေကာမူလည်း သူ၏ဉာဏ်ဖြင့်နှိုင်းဆ၍ ယုံသင့်မှယုံမည်ဆိုသော လူတစ်ယောက်ဖြစ်၏။ စုန်း တစ္ဆေ အမှောင့်ပယောဂ အင်းအိုင်လက်ဖွဲ့ မန္တရားစသော ပညာများအကြောင်းကို လားလားမျှ ယုံကြည်သူတစ်ယောက် မဟုတ်ချေ။

ဒုတိယသူငယ်ချင်း ကိုဖူးညိုမှာမူ ကိုသာမြတ်နှင့် တိုက်ရိုက်ဆန့်ကျင်သော လူတစ်ယောက်ဖြစ်၏။ လောကဓာတ်ပညာနှင့်ဆိုင်ရာ ဆေးအတတ်ကို သင်ကြားလျက်ရှိသော်လည်း ရှေးနည်းရှေးထုံးကို မပယ်လိုသူတစ်ယောက် ဖြစ်သောကြောင့် လက္ခဏာဆရာ ယောင်ယောင်၊ ဗေဒင်ဆရာယောင်ယောင်နှင့် ချောင်လည်ချောင်ပတ် လုပ်တတ်သူတစ်ယောက် ဖြစ်၏။

ရဟန်းအဖြစ်နှင့် နှစ်ဝါရခဲ့၍ ဓာတ်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်းများအပြင် ကမ္မဋ္ဌာန်းထိုင်ခြင်း အလုပ်ကိုလည်း စမ်းသပ်ခဲ့ဖူး၏။ အဂ္ဂိယဘက်တွင်လည်း အသင့်အတင့် ခေါက်မိ၏။ အကျဉ်းချုံး၍ ဖော်ပြရသော် ထိုလူနှစ်ယောက်ကို ကျွန်တော် တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ရဖူးပေရာ ကျွန်တော်ကဲ့သို့ ဆန့်ကျင်ဘက်သဘောရှိသူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏အခန်းမှာ ထိုလူနှစ်ယောက်တို့၏ ငြင်းလုံး၊ ခတ်လုံး ကော်လုံးများဖြင့် အမြဲလိုပင် ဆူညံလျက်ရှိနေပေတော့၏။

ကျွန်တော်သည် အိပ်မက်မျိုးအကြောင်းကို သူငယ်ချင်း နှစ်ယောက်တို့အား ပြောပြသောအခါ ကိုသာမြတ်ကမူ ဥပါဒါန်ကြောင့် ဖြစ်သည်ဟုပြော၏။ တစ်ညဉ့်မှ မပြတ်လတ်အောင် ဥပါဒါန် စွဲကပ်သူ တစ်ယောက် အကြောင်းကို ကြားဖူးပါ၏လောဟု မေးသောအခါ မကြားဖူးရုံမျှနှင့် မရှိနိုင်ဟူ၍ မယူဆထိုက်ကြောင်း ဆင်ခြေလဲသေး၏။

ကိုဖူးညိုကမူ တစ်ညဉ့်မျှ ပြတ်လပ်သည်မရှိကြောင်းကြားသိရသည်နှင့် တပြိုင်နက် ကေန်မုချ တစ်စုံတစ်ရာ ထူးထူးခြားခြား ရှိရမည်၊ သာမန်အဖြစ်အပျက် မဟုတ်နိုင်ဟုပြော၏။ ၎င်း၏ ထင်မြင်ချက်မှာ မအုန်းကြည်သည် 'မကျွတ်သေးပဲရှိနေသောကြောင့် ကျွန်တော်အား ညစဉ်အိပ်မက်ပေးနေဟန်တူမည်'ဟုဆို၏။ ကျွန်တော့်အား ခေါ်လျက်ရှိသည် ဆိုခြင်းမှာမူ ကျွန်တော်၏ဝိညာဉ်ကို နှိုက်ယူရန် ကြံစည်နေဟန်တူသောကြောင့် သတိဝီရိယနှင့် နေထိုင်သွားလာဖို့ သတိပေးသေး၏။

ထိုအခါ ထူးဆန်းသော အခြင်းအရာတစ်ခု ဖြစ်ပျက်သေးသည်မှာ ကျွန်တော်သည် သူငယ်ချင်းနှစ်ယောက်တို့နှင့် တွေ့စအခါက မိဘသားချင်းအားလုံး သေဆုံး၍ အမွေပစ္စည်းအားလုံးကို ဆက်ဆံရရှိလိုက်ကြောင်း ပြောပြဖူး၏။

ထိုအခါ ကိုဖူးညိုက မယားဆုံးပြီးသည်နောက် ပစ္စည်းများ ရဖူးသေးသလားဟုမေးရာ မရဘူးကြောင်း ကျွန်တော်က ပြန်ပြော၏။ ထိုအခါ ကိုဖူးညိုက ...

ညို။ 'ကိုင်းဒါဖြင့် အိုင်ယာလန်ထီ ထိုးစမ်းဗျာ'

မြတ်။ 'ငွေ နှစ်ကျပ်ကုန်အောင် တိုက်တွန်းနေပြန်ပြီလား'

ညို။ 'မဟုတ်ဘူးဗျ၊ ဒီလူ့ဇာတာက အင်မတန်ထူးဆန်းတယ်၊





လူသေလျှင် သူ့မှာလျော်ကြေးရတာချည်းပဲ၊ ထိုးသာထိုးပါဗျာ၊ ကျုပ် တွက်ကိန်း မှန်တတ်ပါတယ်'

များမကြာမီ ၎င်းဟိုတယ်မှ အိုင်ယာလန်ထီအတွက် လက်မှတ်တစ်စောင် ထိုးလိုက်ရာ ပထမဆုပေါက်လာသည်နှင့် ကျွန်တော်မှာ ရွှေဒင်္ဂါးလေးသောင်း ရရှိခဲ့လေ၏။

ညို။ 'ဘယ့်နှယ်လဲဗျ ကျုပ်ပြောတာ'

မြတ်။ 'ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ပါဗျာ'

ကျွန်တော်။ 'ဘာကြောင့်ပေါက်တာဖြစ်ဖြစ် ခင်ဗျားတို့နဲ့ အတူတူနေတုန်း ပေါက်တဲ့ငွေဖြစ်လေတော့ ခင်ဗျားတို့နဲ့ အတူတကွ သုံးစွဲမယ်ဗျာ'

ထိုအတောအတွင်း၌ ကျွန်တော်မှာ မအုန်းကြည်အကြောင်း အိပ်မက်များကို ညတိုင်း မြင်မက်တုန်းပင် ရှိနေလေ၏။

ထီပေါက်ပြီးသည့် နောက်တစ်ည၌ အိပ်မက်ထဲတွင် မအုန်းကြည်က 'ကိုင်းကိုကိုရေ၊ ကျွန်မဆီလာဖို့ ကိုကို့မှာ စရိတ်လည်းရပြီ၊ ဒီတစ်ခါမလွဲနဲ့တော့နော်'ဟု ပြောသည်နှင့် ကျွန်တော်က 'မအုန်းကြည်က ဘယ်မှာနေလို့ ဘယ်ကိုလာခဲ့ရမှာလဲ'ဟု မေးလိုက်သောအခါ မအုန်းကြည်သည် ကျွန်တော်၏လက်ကိုကိုင်လျက် 'ဟောဟိုက ရေအိုင်ကြီးကို မြင်ရဲ့လား၊ အလယ်ခေါင်မှာ ကျွန်းကလေးရှိတယ်နော်၊ ကျွန်းအလယ်မှာ ကျောက်ဆောင်ကြီးတွေ့တယ်ဟုတ်စ၊ အဲဒီကျောက်ဆောင်အတွင်းက ဂူထဲမှာ ကျွန်မစောင့်နေတယ် ကိုကို့ရဲ့၊ လာဖြစ်အောင်လာခဲ့နော်၊ ကျွန်မမျှော်နေမယ်'ဟု ပြောပြီးနောက် ကျွန်တော်လည်း အိပ်ရာမှ လန့်နိုးလေ၏။

သို့ဖြစ်ရကား ကျွန်တော်သည် ရေအိုင်ကြီးကို လည်းကောင်း၊ ကျွန်းကိုလည်းကောင်း၊ ကျောက်ဆောင်ကြီးကိုလည်းကောင်း မျက်စိထဲတွင် ထင်ရှားစွာ မြင်လျက်ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညဥ့်မှစ၍ မအုန်းကြည်သည် အိပ်မက်ထဲတွင် ကျွန်တော်အား 'ခုတောင်မလာသေးဘူးလားကိုကို၊ လေယာဉ်ပျံနဲ့လာရင် သိပ်မဝေးပါဘူး၊ ကိုဖူးညိုလည်း ခေါ်ခဲ့နော်၊ ကျွန်မနဲ့ကိုကိုနဲ့ တွေ့ရအောင် သူလုပ်ပေးတတ်တယ်'' စသည်ဖြင့် အထပ်ထပ် ပြောလေ့ရှိလေ၏။ တစ်ညသော်လည်း ဤစကား၊ တစ်ခါမက်လျှင်လည်း ဤစကား အတိုင်း ပြောလေ့ရှိရကား ကျွန်တော်သည် ကိုဖူးညို တစ်ယောက်တည်းလာခိုက်တွင် နောက်ဆုံးအိပ်မက် အကြောင်းကို ပြောပြ၍ ၎င်း၏အကြံကို တောင်းလေ၏။

ညို။ 'ကျွန်တော်က ခင်ဗျားတို့နှစ်ယောက်တွေ့ရအောင် လုပ်ပေးနိုင်တယ်ဆိုပါတော့၊ သိပ်ထူးဆန်းတာပဲ၊ ပယောဂကလေး ချောက်တီးချောက်ချက် လိုက်စားဖူးပေမယ့် ဒီလောက်တောင် ကျွန်တော် မစွမ်းပါဘူး၊ သို့သော် ညစဉ်ညတိုင်း ဒီစကားချည်း ပြောနေတယ်ဆိုတော့ မယုံရမှာ ခက်နေပြီကော'

ကျွန်တော်။ 'ကိုင်း ဘာပဲဖြစ်ဖြစ် ကျွန်တော်တစ်ခု စမ်းကြည့်တော့မယ်ဗျ၊ လေယဉ်ပျံတစ်စင်းဝယ်၊ ကျွန်တော် အမောင်းသင်ပြီး နှစ်ယောက်သား ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် လိုက်ရှာစမ်းကြစို့လားဗျ''

ညို။ '(ဝမ်းမြောက်စွာနှင့်) ကျွန်တော့်အတွက်တော့ စိမ်လိုက်ပါဗျ၊ ခင်ဗျားခေါ်ရာလိုက်ပါ့မယ်၊ သို့သော် ကိုသာမြတ်တစ်ယောက်တော့ ချန်ထားခဲ့လို့ မတော်ပေဘူးထင်တယ်ဗျာ''

ကျွန်တော်။ 'သူလိုက်လျှင် သာကောင်းတာပေါ့၊ သို့သော် ဒီလူက ကျုပ်တို့အကြံကိုသိလျှင် တောက်တီးတောက်တဲ့လို့ ပြောလိမ့်မယ်'

ညို။ 'ပြောမှတော့ စိတ်သာချ၊ သို့သော် ဒီလို လုပ်ကြစို့ဗျာ၊ ဒီအကြံအစည်ကို မပြောဘဲ လေယာဉ်ပျံတစ်စင်းနဲ့ လျှောက်လည်ရအောင်ဆိုတော့ သူလိုက်ကောင်းလိုက်လိမ့်မယ်'





ကျွန်တော်။ 'စမ်းကြည့်ကြစို့ဗျာ'

ကျွန်တော်တို့က ကိုသာမြတ်အား အကြံအစည် အကြောင်းကို မပြောဘဲ လေယာဉ်ပျံတစ်စင်းနှင့် ကမ္ဘာကိုလှည့်ကြမည်ဟု ပြောသောအခါ ကိုသာမြတ်လည်း ဝမ်းမြောက်စွာ သဘောတူညီလေ၏။

ကိုသာမြတ်နှင့်ကိုဖူးညိုတို့မှာ အစိုးရစရိတ်နှင့် ပညာသင်သူများဖြစ်သောကြောင့် ၎င်းတို့နုတ်ထွက်ရေးအတွက် ကျွန်တော်မှာငွေတစ်သောင်းကျော်မျှ လျော်ကြေးပေးလိုက်ရ၏။ သို့သော် ငွေလေးသောင်းခန့်မျှ ထိပေါက်ထားသော ကျွန်တော့်အတွက်မှာ ဝန်မလေးလှချေ။ လေယာဉ်ပျံမှာ ၂၆,၀၀၀ မျှ ကုန်ကျ၍ ကောင်းမွန်စွာ မောင်းနှင်တတ်ရန်အတွက် ကျွန်တော့်အဖို့ သုံးလမျှ သင်ကြားရသေး၏။

နောက်ဆုံး၌ လိုအပ်သော ရိက္ခာများနှင့် ကိရိယာတန်ဆာများကို ဝယ်ယူ တင်ဆောင်ကြပြီးနောက် ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်သည် တပေါင်းလပြည့်ကျော် ၁ ရက် မတ်လ ၁၃ ရက်နေ့ နံနက်စောစောအချိန်တွင် မဒရပ်မြို့မှ မြောက်စူးစူးအရပ်သို့ ထွက်ခွာလာခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[၃]

ကျွန်တော်တို့သည် လမ်းခရီးတွင် တစ်စုံတရာ အနှောင့်အယှက် မတွေ့ရဘဲ ဒါဂျီလင်မြို့သို့ နောက်ဆုံးဆိုက်ရောက်ခဲ့ကြလေရာ ထိုမြို့မှ မြောက်အရပ်သို့ ဆက်လက်ပျံသန်းပါမူကား မြို့ကြီးပြကြီးဟူ၍ တွေ့ရန် မရှိတော့ဘဲ ဟိမဝန္တာတောင်တန်းကြီးကိုသာ တွေ့ရတော့မည့် အကြောင်း ရှိသည်နှင့် အရေးကြီးသော ခရီးအဆစ်အပိုင်းသို့ ရောက်ရှိလာကြပြီ ဖြစ်ကြောင်း ရိပ်မိလေ၏။

ဒါဂျီလင်မြို့၌ သုံးရက်ခန့်နားနေစဉ် အိပ်မက်ထဲတွင် မအုန်းကြည် သည် ကျွန်တော်တို့၏ စွန့်စားခြင်းအတွက် များစွာ နှစ်သက်အားရ သည့် လက္ခဏာနှင့် 'ဟောဒါမှ သစ္စာရှိတဲ့ ငါ့ကိုကို' ဟု ရွတ်ဆိုကာ ကျွန်တော်၏ နဖူးကိုပင် နမ်းရှုတ်သေး၏။ 'ဘာမှမကြောက်ပါနဲ့ ကိုကိုရယ်၊ ကျွန်မစောင့်ရှောက်ပြီး လိုက်လာပါတယ်' ဟူ၍လည်း အားပေးစကား ပြောကြားသေး၏။

ဒါဂျီမြို့မှ နံနက်စောစော ထွက်ခွာကြရလျှင်မူကား ကျွန်တော်တို့ သည် ရှေးကကဲ့သို့ ခပ်ပေါ့ပေါ့ သဘောမထားနိုင်တော့ဘဲ ဘေး အန္တရာယ် ထူထပ်သော အစိတ်အပိုင်းသို့ ရောက်လာကြသည့် အကြောင်းကို အမှတ်ပြုမိကြလေ၏။





မြို့ပေါ်မှ ကျော်လွန်၍ ဟိမဝန္တာတောင်တန်းဘက်သို့ မျက်နှာမူ ကာ ပျံသန်းလိုက်သည်နှင့်တစ်ပြိုင်နက် ဝါဂွမ်းပုံကြီးများသဖွယ် ဖွေးဖွေး ဖြူလျက်ရှိသော တိမ်တိုက်ကြီးများသည် ကျွန်တော်တို့၏ လေယာဉ်ပျံ အောက်တည့်တည့်သို့ ရောက်နေကြသည်ဖြစ်ရာ ရှေ့မျက်နှာ၌မူ တောင်များသည် မိုးပွင့်ဖုံးအုပ်ထားသဖြင့် ဆွတ်ဆွတ်ဖြူသော လှိုင်း တန်းရှည်ကြီးများသဖွယ် ဆီးကာလျက်ရှိကြသည်ကို တွေ့မြင်ရ လေ၏။

ကျွန်တော်သည် ကောင်းကင်ခရီးမှ လေယာဉ်ပျံသန်းသွားကြ စဉ် အလွန်မြင့်သော တောင်ကြီးများကို တစ်တောင်ပြီးတစ်တောင် ကျော်လွန်ခဲ့ကြရလေရာ လေယာဉ်ပျံဦးတည့်တည့်၌ ကန့်လန့်ခံလျက် တည်ရှိ၍ အလွန်တရာ မတ်စောက်မြင့်မောက်လှသော တောင်ကြီး တစ်လုံးကို ဖြတ်ကျော်ပြီးသည်နှင့်တစ်ပြိုင်နက် သာ၍ မြင့်မောက် သော တောင်ကြီးတစ်လုံးကို ရှေ့တည့်တည့်တွင် ပေါ်ထွက်လာပြန် လေ၏။

တစ်ခါတရံ တောင်များသည် တစ်လုံးနှင့်တစ်လုံး ယှဉ်ကပ် ဆက်စပ်လျက်ရှိကြပေရာ တစ်ခါတရံတွင်လည်း တစ်တောင်နှင့် တစ်တောင်အကြားတွင် စိမ်းစိုပြန့်ပြူးသော လွင်ပြင်ကြီးများကိုတွေ့ရှိ ရ၍ ချောင်းငယ်မြစ်ငယ်များသည် လွင်ပြင်တလျောက် ဖြတ်သန်း စီးဆင်းနေသည်များကို အပ်ချည်မျှင်ခန့်သာ တရေးရေး တဖွေးဖွေးမျှ တွေ့မြင်ကြရ၏။

ထိုအတောအတွင်း၌ ကျွန်တော်တို့၏ လေယာဉ်ပျံ အတောင် စွန်းများ၌ ဆီးနှင်းခဲများ စုပုံလျက် ရှိသောကြောင့် လိုသလောက် မြင့်တက်အောင် ပျံသန်းရန်မဖြစ်နိုင်သည်ကို တွေ့ကြပေရာ တစ်ခါတရံ အလွန်မြင့်သော တောင်တန်းတစ်ခုကိုလွတ်အောင် ကျော်လွှားရာ၌ တောင်ထိပ်တွင်ရှိသော မိုးပွင့်ခဲများသည် လေယာဉ်၏ ဝမ်းဗိုက်ကို

www.burmeseclassic.com



ထိုလုမတတ် ဖြစ်သွားသောကြောင့် ဟယ်ခနဲ ဖြစ်သွားကြရလေ၏။

မွန်းတည့်အချိန်တိုင် ရောက်လတ်သော် တောင်များသည် တဖြည်းဖြည်း ကြဲသည်ထက် ကြဲလာသည်ကို တွေ့ကြရပေရာ နောက်ဆုံး၌ မျက်စိတဆုံးကျယ်ဝန်း၍ အလွန်တရာ ညီညာပြန့်ပြူးလှသော လွင်ပြင်ကြီးတစ်ခုသို့ ဆိုက်ရောက်လာကြလေ၏။

ထိုခဏ၌ တိမ်တိုက်ကြီးတစ်ခုသည် ကျွန်တော်တို့ ရှေ့တည့်တည့်တွင် ဆီးကာလျက်ရှိရာ ကျွန်တော်သည် တိမ်တိုက်ထဲမှ ဖြတ်၍ ပျံသန်းရမည် သို့မဟုတ် တိမ်တိုက်ပေါ်မှ ကျော်လွှားပျံသန်းရမည်ကို စဉ်းစားနေသည့်အခိုက်တွင် အလွန်ထူးဆန်းသော အခြင်းအရာကို မြင်လိုက်ရသည်နှင့် ကိုဖူးညိုအား လက်တို့၍ပြမိ၏။ ကိုဖူးညိုသည် ကျွန်တော်မြင်သည့်အတိုင်း မြင်ဟန်ရှိသည်နှင့် ကိုသာမြတ်အား လက်တို့ပြပြန်ရာ ကိုသာမြတ်မှာ သူ၏မျက်စိကို မယုံကြည်နိုင်သည့် လက္ခဏာနှင့် အထပ်ထပ်ပွတ်လျက် ကြည့်နေသေး၏။

ကျွန်တော်တို့တွေ့မြင်ရသော အချင်းအရာမှာကား ကျွန်တော်၏ဇနီး မအုန်းကြည်သည် တိမ်တိုက်များအကြားမှ ထွက်ပေါ်လာ၍ လက်တစ်ဖက်ဖြင့် ကျွန်တော်တို့ကို တားဆီးသည့်အဟန် လက်ပြလျက် အခြားလက်တစ်ဖက်ဖြင့် မြေအောက်သို့ လက်ညှိုးညွှန်၍ ပြနေလေ၏။ ကျွန်တော်တစ်ယောက်တည်းဖြစ်ခဲ့လျှင် မကြာခဏ အိပ်မက်မြင်မက်သူ ဖြစ်သောကြောင့် စိတ်စွဲသဖြင့် မြင်ရသည်ဟု ဆိုဖွယ်ရှိပေရာ အလွန်တရာ ယုံကြည်ခဲလှသော ကိုသာမြတ်ကိုယ်တိုင် မြင်ရခြင်းဖြစ်သောကြောင့် ထင်မိထင်ရာ ထင်မြင်ခြင်းဖြစ်သည်ဟု မစွပ်စွဲနိုင်ပေ။ သို့သော် ဘယ်ကဲ့သို့ပြုကြရချေမည်နည်း။

ထိုအခါ ကိုဖူးညိုက 'ဒီဟာ ဘယ်သူလဲ' ဟုမေးရာ ကျွန်တော်က 'မအုန်းကြည်လေ၊ ကျွန်တော်မိန်းမပဲ' ဟု ပြန်ပြောလိုက်၏။ ကိုဖူးညိုသည် တစ်ခဏတာမျှ စဉ်းစားနေပြီးနောက် ''ကိုင်း ဘယ့်နှယ်ရှိရှိ





ဆင်းစမ်းဗျာ၊ ကျုပ်တို့လာကတည်းက သူ့အတွက်လာခြင်းဖြစ်လေတော့ သူကခိုင်းလျှင် လုပ်သာလုပ်ပေတော့ဗျာ၊ ဖြစ်ချင်ရာ ဖြစ်ပေတော့၊ ဆင်းသာဆင်း' ဟု ပြော၏။

ကျွန်တော်သည် ကိုသာမြတ်ကို လှမ်းကြည့်လိုက်သော်လည်း နဂိုကတည်းက အလုံးစုံဖွင့်ဟတိုင်ပင်ခဲ့သူမဟုတ်သောကြောင့် သူ့ခမျာမှာ နားမလည်ရှာဘဲ ကျွန်တော်တို့ကို ပြန်၍ငေးကြည့်နေရာ ကျွန်တော်လည်း ကိုဖူးညို၏စကားကို သဘောတူသည်နှင့် လေယာဉ်ပျံဦးကို မြေဆီသို့ ထိုးစိုက်ချလိုက်လေ၏။ ကိုသာမြတ်သည် အံ့သြသော မျက်နှာထားနှင့် ကြည့်နေသော်လည်း မည်သို့မျှ ကန့်ကွက်ဖော်မရချေ။

ပေ ၃၀၀၀ ခန့် ဆင်းသက်မိသော် အလွန်တရာ မြေပြင်ညီညာသည့် ကွင်းကြီးထဲသို့ ရောက်လာကြ၍ လေယာဉ်ပျံဘီးသည် မြေပြင်ကို ကန်ပြီးနောက် အနည်းငယ်လိမ့်၍ ရပ်လိုက်သောအခါတွင် လူတို့တမင် သုတ်သင်ရှင်းလင်းထားသည့် လေယာဉ်ပျံကွင်းတမျှ ချောမွတ်ပြေပြစ်စွာ ရှိသည်ကို တွေ့ကြလေ၏။

ကျွန်တော်တို့သည် မသေမပျောက်ဘဲ မြေပြင်သို့ ရောက်ရခြင်းအတွက် ဝမ်းမြောက်စွာနှင့် လေယာဉ်ပျံပေါ်မှ ဆင်းကြ၍ တောင်မြောက်လေးပါးသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ကိုက်ပေါင်း ၁၀၀ ခန့် ကွာလှမ်းသော နေရာတွင် လူပေါင်း ၃၀ ခန့် စုရုံးနေကြသည်ကို အံ့သြစွာနှင့် တွေ့မြင်ကြရလေ၏။

ထိုလူများသည် ခါးတွင် သားရေချပ်များဖြင့်ပတ်စီး၍ အထက်ပိုင်းတွင်ကား ဆေးမင်များဖြင့် ခြယ်လှယ်ထားလေရာ လက်တွင် လေးမြှားများ အသီးအသီး ကိုင်ဆောင်လျက်ရှိကြ၏။ ကျွန်တော်တို့သည် လူစုကို မြင်ကြသောအခါ မိတ်ဆွေဖြစ်မည်၊ ရန်သူဖြစ်မည် မသိနိုင်သည်နှင့် ခြောက်လုံးပြူးကိုယ်စီကိုင်ကာ အရိပ်အကဲကို ကြည့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်တော်တို့ အထဲတွင် ခေါင်းဆောင်ပြုလုပ်သူ ကိုသာမြတ်က ထိုလူစုကို လက်ယပ်၍ ခေါ်စမ်းရာ ၎င်းတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေပြီးနောက် တဖြည်းဖြည်း ရှေ့သို့တိုးလာကြ၏။ ၎င်းတို့အထဲတွင် အခြားလူများထက် ဦးခေါင်း တစ်လုံးခန့်မြင့်၍ ဦးထုပ်တွင် ငှက်ခါးတောင်တစ်ခု ထိုးစိုက်ထားသူ တစ်ယောက် ပါရှိလေရာ ဆွတ်ဆွတ်ဖြူသောသားမွေးကို ဝတ်ထားခြင်း၊ ကိုယ်ဟန်အမူအရာ ခန့်ညားခြင်း၊ ရဲတင်းသော မျက်လုံးများရှိခြင်း၊ ပုတီးတန်ဆာများ ပိုမို၍များပြားခြင်းကို ထောက်သဖြင့် အကြီးအကဲနှင့် တူပေ၏။

ကျွန်တော်တို့သည် ၎င်းလူစုနှင့် ခြေပြလက်ပြ နည်းအားဖြင့် စကားပြောကြရာတွင် ၎င်းတို့သည် ကျွန်တော်တို့ လာရောက်မည့် အကြောင်းကို (မည်သည့်နည်းနှင့်မဆိုနိုင်) သိရှိထားနှင့်ဟန် တူပေ၏။ နောက်ဆုံး၌ ထိုလူစုသည် ကျွန်တော်တို့အား အသင့်ပြင်ဆင်ထားသော တဲတခုသို့ ခေါ်သွား၍ နို့၊ ပြောင်းဖူး၊ အသားခြောက်စသော စားစရာများဖြင့် ဧည့်ခံကျွေးမွေးကြ၏။

ကျွန်တော်တို့အား စားစရာများကို တည်ခင်းကျွေးမွေးသူများ အနက် အလုံးအရပ်အားဖြင့်လည်းကောင်း၊ အသားအရေအားဖြင့် လည်းကောင်း၊ အဆင်းသဏ္ဍာန်အားဖြင့်လည်းကောင်း ဆိုဖွယ်ရာ မရှိသည့် မိန်းမပျိုကလေး လေးယောက်တို့ ပါရှိလေရာ ၎င်းတို့၏ နှာတံနှင့် မျက်လုံးတို့ကို အကဲခတ်ရခြင်းအားဖြင့် တရုတ်နှင့် ကုလား စပ်ကြားကျသော လူမျိုးဟူ၍ ဆိုထိုက်ပေ၏။ အသားအရေမှာမူ ယောကျ်ားရော မိန်းမပါ ညိုသည်မရှိ၊ ပိန်သည်မရှိ၊ ခပ်ဖိုင့်ဖိုင့်နှင့် ခပ်ဖြူဖြူချည်းသာ ရှိနေကြပေ၏။

စားသောက်ပြီးလတ်သော် အကြီးအကဲလုပ်သူမှာ ကျွန်တော်တို့ ရှေ့သို့လာ၍ ခြေပြလက်ပြ နည်းအားဖြင့် ၎င်းတို့နှင့် အတူလိုက်ရန်





ဖိတ်ခေါ်လေရာ ကျွန်တော်တို့လည်း 'သန်းခေါင်ထက် ညဉ့်မနက်နိုင်' ဟု အောက်မေ့ကာ ခပ်သွက်သွက်ပင် လိုက်ပါသွားကြလေ၏၊ သုံးမိုင်ခန့် သွားမိလတ်သော် မြို့တစ်မြို့အစွန်အဖျားသို့ ရောက်လာကြလေရာ မြို့မှာ ကျုံး၊ မြို့ရိုး၊ ပြအိုး စသည်တို့ဖြင့် မြန်မာဆန်ဆန် ရှေးအိန္ဒိယ မြို့များ ခပ်ဆန်ဆန်ရှိနေကြ၏။ မြို့ရိုးမှာမူ လက်ခုပ် တစ်ဖောင်သာသာ မျှသာမြင့်၍ မြေအုတ်တို့ဖြင့် တည်ဆောက်ထားရာ တံတားမှာ ဖြုတ်နိုင် တတ်နိုင်အောင် စက်သီးများဖြင့် အရှင်တပ်၍ထား၏။

ကျွန်တော်တို့သည် ထင်းရှူးသားဖြင့် ဆောက်လုပ်ထားသော ကျုံးကူးတံတားမှ ဖြတ်ကျော်၍ မြို့ရိုးအတွင်းသို့ ဝင်သွားကြသောအခါ အိမ်များမှာ များသောအားဖြင့် ထင်းရှူးသားဖြင့်ဆောက်လုပ်၍ တစ်ထပ်တည်း ခပ်နိမ့်နိမ့်ရှိကြသည်ကို တွေ့ကြရလေ၏။ လမ်းများမှာ ပေ ၅၀ ခန့် ခပ်ကျဉ်းကျဉ်းရှိကြ၍ ၎င်းတလျှောက် မိုင်တစ်ဝက်ခန့် လျှောက်မိကြသောအခါ အကြီးအကဲ၏ နန်းတော်သို့ ဆိုက်ရောက်လာကြလေ၏။

နန်းတော်မှာ များသောအားဖြင့် ထင်းရှူးသားကို ထက်ခြမ်းခွဲလျက် အလုံးဘက်ကိုအပြင်ထွက်ကာ၍ အတွင်းဘက်တွင် ချောမွတ်သောမျက်နှာရှိနေပေရာ သစ်ခြမ်းများအကြားတွင် ကွက်လပ်မရှိရအောင် 'စီသားကျ'လျက် တစ်ခြမ်းနှင့်တစ်ခြမ်း၌ ကာထား၏။ နန်းတော်မှာ အဆောင်ဆောင် အခန်းခန်းဖွင့်ထား၍ အတော်ကျယ်ဝန်းဟန်ရှိသော်လည်း အချွန်အတက်တို့ဖြင့် တပ်ထားသည်လည်းမရှိ၊ ငုံးတိတိရှိသည်ဟု ကျွန်တော်တို့ထင်မြင်မိ၏။ ကြမ်းပေါ်၌မူ 'ရာဇပလ္လင်'မှာလည်း မြေအုတ်များကို မြင့်အောင်စီထား၍ သားမွေးများ ခင်းကျင်းထားသည့် စင်မြင့်မျှသာ ဖြစ်၏။

အကြီးအကဲ သို့မဟုတ် ရှင်ဘုရင်သည် ပလ္လင်ပေါ်တွင် တင်ပျဉ်ခွေကာထိုင်လျက် ကျွန်တော်တို့ သုံးယောက်အား ခုံမြင့်ကလေးတစ်ခုစီ

www.burmeseclassic.com

ခင်းပေးစေပြီးနောက် ထိုင်မိကြသောအခါ သားရေဖုံကလေးတီးသံကို ခပ်ဝေးဝေးမှ ကြားကြရလေ၏၊ အတန်ငယ်ကြာလတ်သော် ဗုံသံ၊ လင်းကွင်းသံ၊ ကြေးလင်ပန်းတီးသံတို့ ဆူညံလာ၍ ၎င်းအသံများနှင့် အတူ လူ၏တေးချင်းသံများလည်း ရောပြွမ်းထွက်လာခဲ့ရာ သူငယ်မ ၁၂ ယောက်ခန့်တို့သည် တီးသူကတီး၊ ဆိုသူကဆို၊ ကသူက က,လျက် ရာဇပလ္လင်ဘက်သို့ တဖြည်းဖြည်းလျှောက်လာကြလေ၏။

ကျွန်ုပ်တို့ရှေ့သို့ ရောက်လာကြပြီးနောက် အသံရပ်စဲသွားလတ်သော် ပုဏ္ဏားများအသွင် ဝတ်ဆင်ထားသော လူတစ်ယောက် ထွက်ပေါ်လာ၍ ဆန်မန်းပေါက်ပေါက်များကို ထိုမှဤမှပတ်ကြဲလျက် သပြေရွက်နှင့်တူသော သစ်ရွက်များကို ကျွန်တော်တို့အား ပေးပြီးလျှင် ကျယ်လောင် စူးရှစွာသောအသံဖြင့် (ဂါထာမန္တရားများလော မဆိုနိုင်) ရွတ်ဖတ်လေ၏။

ထို့နောက် ၎င်းလူသည် သပြေခက်နှင့်တူသော သစ်ရွက်များကို ကျွန်တော်တို့၏ ရင်ဘတ်တွင် ထိုးစိုက်ပေးပြီးနောက် ရှင်ဘုရင်ကို အရိုအသေပြုလျက် နောက်ပြန်ဆုတ်ထွက်သွားလေ၏။ ထိုခဏ၌ သူငယ်မကလေး ၁၂ ယောက်သည် တိတ်ဆိတ်စွာ ထိုင်နေကြရာမှ ရုတ်တရက်ထ၍ အထက်ပိုင်းတွင် ပလာကျင်းထားသော ကိုယ်များဖြင့် ကျွန်တော်တို့ကို ထိလုမတတ် ရစ်ပတ်ကခုန်ကြလေရာ တစ်ခါတစ်ရံ ၎င်းတို့၏မွှေးကြိုင်သော ရင်သားများသည် ကျွန်တော်တို့၏နှာခေါင်းနှင့် ထိလုမတတ် ဝဲလျက်ဝဲလျက် လှည့်သွားကြလေ၏။

ထိုအခါ ကိုဖူးညိုက 'တေမိမင်း အလိုစမ်းတယ်ဆိုတာ ဒီလိုပဲလား မဆိုင်နိုင်ဘူး'ဟု ကျွန်တော့်အား ပြုံးရယ်ကာ လှမ်းပြောလိုက်ရာ ကိုသာမြတ်က 'ကျုပ်တို့ တေမိမဟုတ်လို့ သိပ်ခက်နေတော့တာပဲ' ဟု ပြန်ပြောလိုက်သေး၏။





(နောက်အခါ၌ ကျွန်တော်တို့ သိရှိရသည်မှာ ကျွန်တော်တို့လာ ရောက်မည့်အကြောင်းကို ၎င်းပုဏ္ဏားက 'ပူး'၍ ပြောထားနှင့်သည်ဟု ပြောကြ၏။)

ထိုညဉ့်၌ ကျွန်တော်တို့အား ဘုရင်၏ နန်းတော်အတွင်းရှိ အဆောင်တစ်ဆောင်တွင် အိပ်စက်စေရာ ကျွန်တော်သည် ၎င်းမြို့၌ တည်းခို နေထိုင်ရပုံ အခြင်းအရာများကို အကျဉ်းမျှလောက်သာ သိမ်းကျုံးဖော်ပြ၍ မအုန်းကြည်ခေါင်ခြင်းတည်းဟူသော အဓိပ္ပါယ် ပေါ်လွင်စေမည့် အဖြစ်အပျက်များသို့ ရောက်စိမ့်သောငှါ အမြန် ကျော်လွှားရေးသားရပေတော့အံ့။



www.burmeseclassic.com

www.burmeseclassic.com

[၄]

ကျွန်တော်တို့သည် ၎င်းပိန္နဝမြို့သို့ဆိုက်ရောက်၍ သုံးလခန့် ကြာရှိလှသော် ပျင်းရိငြီးငွေ့ကုန်ကြလေပြီ။ ထိုအချိန်ကာလအတောအတွင်း ၎င်းမြို့သားတို့၏ ဘာသာစကားကို မနေမနား လေ့ကျင့်ခြင်းအားဖြင့် အတော်အတန်ပြောနိုင်ကြပြီဖြစ်ရာ ၎င်းတို့စကားမှာ ပါဠိစကားလုံးများ၊ ဟိန္ဒူစတန်နီစကားလုံးများ၊ မာဂဓစကားလုံးများ ရောပြွမ်းနေသည် ဖြစ်သောကြောင့် ကျွန်တော်တို့အဖို့ အလွန် မခဲယဉ်းလှချေ။

ထို သုံးလအတွင်း ကျွန်တော်တို့သည် လေယာဉ်ပျံဖြင့် ထွက်ပြေးရန် ကြံစည်ပေါင်း များခဲ့လှသော်လည်း အစောင့်အကြပ်များအားဖြင့် မျက်ခြေမပြတ်အောင် ညှပ်ထားသောကြောင့် အထမမြောက်ခဲ့ချေ။ ယခင် ပုဏ္ဏားက ကျွန်တော်တို့ရှိနေသမျှ ကာလပတ်လုံး ၎င်းတိုင်းပြည်တွင် ဝပြောသာယာခြင်းရှိလိမ့်မည်ဟု ဟောထားသောကြောင့် ဘုရင်ဖြစ်သူ 'မုနိယ'က ကျွန်တော်တို့ကို အပျောက်မခံခဲ့ချေ။

ထူးဆန်းသော အခြင်းအရာတစ်ခုမှာ ၎င်းကွင်းမြို့သို့ ဆိုက်ရောက်သောနေ့မှစ၍ ကျွန်တော်သည် မအုန်းကြည်အကြောင်းကို တစ်ကြိမ်တစ်ခါမျှ အိပ်မက်မမက်တော့ချေ။ ယင်းသို့ဖြစ်လျှင် မအုန်းကြည်သည် ဤအရပ်၌ ကျွန်တော်နေထိုင်သည်နှင့်ပင် ကျေနပ်သောကြောင့် အိပ်မက်မပေးတော့ခြင်းဖြစ်လေသလော၊ အကယ်၍ ကျေနပ်





နေသောကြောင့်ဆိုပါလျှင် မအုန်းကြည်သည် ဤမြို့ပတ်ဝန်းကျင်တွင် ရှိနေထိုက်သည်ဖြစ်ရာ မြို့တွင်းမြို့ပြင် တွေ့မြင်ရသော အခြင်းအရာ ဟူသမျှတွင် မအုန်းကြည်နှင့် ဆက်စပ်နိုင်လောက်သော အရာဟူ၍ ကျွန်တော်မတွေ့မမြင်ရချေ။ သို့သော် ၎င်းမြို့နှင့်ပတ်သက်၍ ထူးဆန်းသော အခြင်းအရာတစ်ခုကား ရှိနေပေ၏။

ကျွန်တော်တို့ ဆိုက်ရောက်၍ သုံးလပြည့်သောနေ့၌ မြို့သူမြို့သားများသည် အခမ်းအနား ကြီးကျယ်စွာ ပြင်ဆင်လျက်ရှိကြရာ ထိုအခါ၌ကား ကျွန်တော်တို့မှာ ၎င်းတို့၏စကားကို ပြောနိုင်ဆိုနိုင်ရှိနေပြီဖြစ်သောကြောင့် စုံစမ်းမေးမြန်းကြ၏။ သိရှိရသည်ကား မြို့နှင့် ငါးမိုင်ခန့်ဝေးသောအရပ်တွင် ယဇ်ပူဇော်ရန် ရှိသောကြောင့် ဘုရင်နှင့်တကွ အခြွေအရံများပါ နက်ဖြန်ထွက်ကြတော့မည်ဟု သိရှိရ၏။

ထိုနေ့၌ ဘုရင်နှင့်တကွ အခြွေအရံများသည် သားရေကို ရွှေဇာတပ်သည့် အဝတ်အစားများကို ဝတ်ဆင်လျက် စုစုပေါင်းလူ ၁၀၀ခန့် ထွက်ခွာလာခဲ့ကြရာ ကျွန်တော်တို့သုံးယောက်လည်း ဘုရင်အနီးမှ လိုက်ပါလာကြလေ၏၊ သမီးကညာ ခုနစ်ယောက်တို့သည် သစ်သီးအမျိုးမျိုးတို့ကို လင်ပန်းများတွင်ထည့်လျက် ဦးခေါင်းပေါ်၌ရွက်ကာ ရှေ့ဆုံးမှသွားကြရ၏။ အတန်ငယ်သွားမိလတ်သော် ကျွန်တော်သည် အဝေးမှ ညို့ညို့မှိုင်းမှိုင်းရှိသော တောင်ကြီးကို မြင်ရသည်နှင့် ဤတောင်ကိုမြင်ဖူးပါသည်ဟု စိတ်ထဲ၌ အောက်မေ့မိ၏။

ထိုနောက် ရေအိုင်ကြီးတစ်ခုအနီးသို့ ချဉ်းကပ်လာကြရာ ဤရေအိုင်ကိုလည်း မြင်ဖူးပါသည်ဟု မှတ်ထင်မိ၏။ ကျွန်တော်တို့သည် ရေအိုင်၏ ကမ်းခြေတလျှောက် လျှောက်လာကြ၍ ငါးမိုင်ခရီးခန့် ပေါက်ရောက်လာသောအခါ နတ်စင်သဖွယ် ဆောက်လုပ်ထားသော အဆောက်အဦငယ်သို့ ရောက်လာကြသဖြင့် ရပ်တန့်ကြလေ၏။ ဤသည်ကား ယဇ်ပူဇော်ရန်နေရာဖြစ်သည်ဟု သိရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေမှ မျှော်ကြည့်လိုက်သော် ရေအိုင်အလယ်၌ ကျွန်း တစ်ကျွန်းရှိ၍ ကျွန်းပေါ်တွင် ကျောက်တောင်ကြီးတစ်ခုတည်းရှိသည်ကို ကျွန်တော်မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဤတောင်ဖြစ်ကြောင်းကို ဘွားခနဲ သတိရလာမိလေ၏။ အိပ်မက်အဆိုမှာ ၎င်းကျောက်တောင် အတွင်းရှိ ဂူထဲတွင် မအုန်းကြည် နေပါသည်ဟု ကျွန်တော့်အား မအုန်းကြည် ပြောဖူးရကား ကျွန်တော်မှာ နတ်ကျသော လူတစ် ယောက်ကဲ့သို့ တုန်တုန်ယင်ယင် ဖြစ်လာလေတော့၏။

သူငယ်ချင်း နှစ်ယောက်တို့က ကျွန်တော်အား အကျိုးအကြောင်း ကိုမေးမြန်းသောအခါ ကျွန်တော်မှာ ကိုသာမြတ်၏ လှောင်တတ်သော သဘောကိုသိရှိ၍ ၎င်းရှေ့တွင်မပြောသေးဘဲ ကိုဖိုးညိုတစ်ယောက် တည်းကိုသာ ယခင်အိပ်မက်အကြောင်းကို ပြောပြလေ၏။

ကိုဖိုးညိုကမူ ‘ဒီလောက် ရောက်အောင်လာခဲ့ပြီးမှ ဒီကျတော့ မှတော့ မလျှော့နဲ့တော့ဗျာ၊ ခင်ဗျားသွားလျှင် ကျုပ်တစ်ယောက်တည်း ဖြစ်ဖြစ် လိုက်ပါ့မယ်’ဟု အားပေးလေ၏။

ယစ်ပူဇော်နည်းမှာမူကား ပုဏ္ဏားနှင့်တူသော ၄ ယောက်တို့သည် သစ်သီးလင်ပန်းများကို လှေပေါ်တွင်တင်၍ ကျွန်းဘက်သို့ကူးပြီးနောက် ကျောက်စွန်းပေါ်၌တင်လျက် မီးရှူးတိုင်၊ အမွှေးတိုင်များကိုထွန်းကာ ကျယ်လောင်စူးရှသော အသံများဖြင့် ရွတ်ဖတ် သရဇ္ဈာယ်ကြလေ ကုန်၏။ ၎င်းကျွန်းမှာ မဟာဒေဝနတ်ကြီးနေထိုင်ရာအရပ် ဖြစ်သော ကြောင့် ၎င်း ပုဏ္ဏားများမှတစ်ပါး မည်သူတစ်ဦး တစ်ယောက်မျှ ကူးသွားခွင့်မရှိသည့်ပြင် ပုဏ္ဏားများကိုယ်တိုင်မှာလည်း အများပရိသတ် ရှေ့တွင် ပူဇော်သက္ကာယပြုသော အခါများမှတစ်ပါး ကူးသွားခွင့် မရှိကြချေ။ တစ်စုံတစ်ယောက်သောသူသည် ၎င်းကျွန်းဘက်သို့ ကူးသွားသည်ကို တွေ့ရှိရပါမူကား အကြီးဆုံးသော ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်းဟူ၍ အဓိပ္ပာယ်ရှိသောကြောင့်၊ သေဒဏ်အပြစ်ပေးခြင်း





ခံရသည်ဆို၏။ ယင်းသို့ဖြစ်လျှင် ကျွန်တော်မှာ မအုန်းကြည်၏ အမှာ အတိုင်း ၎င်းကျွန်းသို့ မည်သည့်နည်းဖြင့် ကူးသွားနိုင်ခွင့် ရှိပါအံ့နည်း။

ပူဇော်ပသ ပြီးကြလတ်သော် ကျွန်တော်တို့သည် ရေအိုင် ကမ်း ဘေးတစ်လျှောက် လာခဲ့သည့်လမ်းအတိုင်း ပြန်ခဲ့ကြ၍ ထူးထူးခြားခြား တစ်စုံတစ်ရာမျှ ဖြစ်ပျက်ခြင်းမရှိပဲ ပိန္ဒဝမြို့သို့ ပြန်ရောက်လာကြ၏၊ ထိုအချိန်မှစ၍ ကျွန်တော်မှာ စားရမှန်းမသိ အိပ်ရမှန်းမသိဘဲ ရေအိုင် အလယ်၌ရှိသောကျွန်းနှင့် ကျောက်တောင်ကြီးသို့ မည်သည့်နည်းနှင့် ရောက်အောင်ကူးနိုင်ပါမည်နည်းဟူ၍သာ အကြံထုတ်လျက်ရှိလေ၏။ ကူးရသောအခါတွင်မူကား ကျွန်တော် မမျှော်လင့်သောနည်းမျိုးနှင့် ဖြစ်ပေါ်လာခဲ့၏။

ကိုသာမြတ်ဆိုသူမှာ စုန်း၊ နတ်စသော အယူဝါဒများကို မိမိ ကိုယ်တိုင် မယုံကြည်ရုံမျှမက ထိုကဲ့သို့မယုံကြည်သည့်အတွက်ကြောင့် ဘေးဥပါဒ် အန္တရာယ်တစ်စုံတစ်ရာမျှ မဖြစ်နိုင်ကြောင်းကို လက်တွေ့ နည်းအားဖြင့် ထင်ရှားဖော်ပြလိုသော ဝါသနာလည်းရှိ၏။ ကျောင်းသား ဘဝ၌ရှိကြစဉ်က ကိုသာမြတ်နှင့်ကျွန်တော်တို့သည် မိန်းမတစ်စုနှင့် အတူ ကျောက်ဆည်မြို့ ဓာတ်တော်တောင်သို့ သွားကြဖူးရာ ကိုသာမြတ်နှင့် ကျွန်တော်တို့နှစ်ယောက်သည် မိန်းမများနှင့် အတော် အလှမ်းကွာလျက် ရှေ့မှ ရောက်လာကြ၏။

လမ်းခရီးတွင် နတ်စင်များကို တသီတတန်းကြီး တွေ့ရလေရာ ကိုသာမြတ်သည် နတ်စင်ပေါ်မှ နတ်ရုပ်ဟူသမျှတွင် နှာခေါင်းကို လည်းကောင်း၊ နားရွက်ကိုလည်းကောင်း၊ မျက်စိကိုလည်းကောင်း လှီးဖြတ်ထိုးဖောက်ထားခဲ့၏။ အသွားခရီး၌ မိန်းမများ မမြင်ကြသော် လည်း အပြန်ခရီးတွင် ၎င်းတို့မြင်ကြသဖြင့် အကြီးအကျယ်ထိတ်လန့် တုန်လှုပ်ခြင်း ဖြစ်ကြလေရာ ကိုသာမြတ်မှာမူ အူတက်မတတ် ရယ်မောလျက်ရှိ၏။ ထိုသူပြုလုပ်ထားကြောင်းကို မိန်းမများ ရိပ်မိသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



၎င်းအား ရေရွတ်မြည်တမ်းကြလေရာ ကိုသာမြတ်က တိုး၍ ရယ်မောလျက် 'ခင်ဗျားတို့နတ်တွေက ကျုပ်ကို ဘာတတ်နိုင်သေးသလဲ၊ တတ်နိုင်ရင် ကိုင်စမ်းပါစေလားဗျာ'ဟု ပြန်ပြောသေး၏။

ကိုသာမြတ်မှာ ၎င်းဝါသနာကို မစွန့်သေးသည်နှင့် ပိန္နဝမြို့တွင်လည်း အလားတူ လူစွမ်းပြသေး၏။ ပြသပုံကား မြို့၏အပြင်ဘက်၌ မဟာဒေဝ နတ်စင်ကြီးတစ်ခုရှိရာ တစ်ညသ၌ ကိုသာမြတ်သည် အိပ်ရာမှ တိတ်တဆိတ်ထသွား၍ နတ်စင်ကို မီးတိုက်လေ၏။ တစ်နန်းတော်လုံး လှုပ်လှုပ်ရွရွဖြစ်သည်နှင့် ကျွန်တော်နှင့် ကိုဖူးညိုတို့နိုးလာ၍ (ဘယ်အခါမျှမချသော) ခြောက်လုံးပြူးသေနတ်ကိုယ်စီနှင့် ပြေးထွက်လာပြီးလျှင် မီးတောက်မြင်ရာသို့ ပြေးသွားကြလေ၏။ ကျွန်တော် ကိုသာမြတ်ကို မမြင်ကတည်းက နတ်စင်မီးလောင်သည်ဟု ကြားရလျှင် ကြားရချင်း ကျောက်ဆည်မြို့ အဖြစ်အပျက်ကို သတိရသည်နှင့် သူ၏လက်ချက် ဖြစ်လေမည်လားဟု တွေးတော စိုးရိမ်မိ၏။

လမ်းခရီး၌ မီးလောင်ရာသို့ ပြေးလွှားနေကြသည့် အခြားမြို့သူမြို့သားများကိုလည်း တွေ့ရပေရာ ကျွန်တော်တို့သည် မီးလောင်သောနေရာသို့ရောက်သွား၍ အောက်ပါအခြင်းအရာကို တွေ့မြင်ရသည်နှင့် ကြက်သေသေလျက် ငေးကြည့်နေမိသေး၏။

လောင်ကျွမ်းထားသော နတ်စင်အနီး သစ်ပင်တစ်ပင်တွင် ကျွန်တော်တို့၏မိတ်ဆွေ ကိုသာမြတ်အား ခြေလက်များနှင့်တကွ ပူးကပ်တုပ်နှောင်ထားလေရာ ယဇ်ပရောဟိတ်များဖြစ်သော ပုဏ္ဏားများသည် ကိုသာမြတ်အပေါ်သို့ ပေါက်ပေါက်ဆန်မန်းများ ကြဲပက်ကာ နှုတ်မှ တတွတ်တွတ်ရွတ်ဆိုလျက်ရှိကြ၏။ မြို့သူမြို့သားများသည် တုတ်၊ ခက်ရင်း၊ ဓားစသော လက်နက်များကိုကိုင်လျက် ဒေါသကြီးသော အမူအရာဖြင့် ဟစ်အော်ကာ သစ်ပင်ကို ဝိုင်းရံနေကြ၏။ ကိုသာမြတ်အဖို့ ချီးမွမ်းထိုက်သော အချက်တစ်ခုမှာ ကလေးသဖွယ် 'နောက်





သော စိတ်ထားမျိုးနှင့် နတ်စင်ကို မီးရှို့မိသော်လည်း ၎င်းကိုမိသွားသဖြင့် မီးရှို့သတ်ရန် ပြင်ဆင်နေကြသည့် ထိုခဏတွင် အနည်းငယ်မျှ ထိတ်လန့်တုန်လှုပ်ဟန်မရှိဘဲ စပ်ဖြဲဖြဲမျက်နှာမျိုး ရှိနေရကား ကျောက်ဆည်မြို့တွင် မိန်းမများရေရွတ်စဉ်က မျက်နှာထားကို ကျွန်တော် သတိရမိသေး၏။

ကျွန်တော်နှင့် ကိုဖူးညိုတို့မှာ အံ့အားသင့်ခြင်း ပြေပျောက်သည်နှင့် တစ်ပြိုင်နက် ဝိုင်းရံနေသော လူများအကြားမှ တိုးဖြတ်ဝင်သွား၍ ကိုသာမြတ်၏ တစ်ဖက်တစ်ချက်တွင် သေနတ်ကိုယ်စီနှင့် ဝင်ရပ်ကြလေ၏။ ကိုသာမြတ်ကမူ ကျေးဇူးတင်စကားမပြောသည့်ပြင် 'တယ်မိုက်တဲ့လူတွေ၊ ဘာကြောင့်လာကြတာလဲ၊ ကျုပ်အပြစ်နဲ့ကျုပ် ခံမှာပေါ့ဗျ။ ခင်ဗျားတို့ပါ အဆစ်ပါကုန်ချင်လို့ လာကြတာလား' ဟု မေးလိုက်သေး၏။

ထိုခဏ၌ ပရိသတ်များသည် လှုပ်လှုပ်ရွရွ ဖြစ်လာပြီးနောက် ရှင်ဘုရင်သည် ရှေ့ဆုံးသို့ထွက်ပေါ်လာပေရာ ကျွန်တော်က 'ကျွန်ုပ်တို့လူကို ဘယ့်နှယ်လုပ်ထားကြတာလဲ'ဟု ခပ်တင်းတင်း မေးလိုက်၏။

ရှင်။ 'သင်တို့လူက ကျုပ်တို့ကိုးကွယ်ထားတဲ့ နတ်စင်ကို မီးနဲ့ရှို့သည့်အတွက် သူ့ကို ကျွန်ုပ်တို့ မီးရှို့သတ်ရလိမ့်မယ်'

ကျွန်။ 'နတ်စင်ကို သူကမီးရှို့ရင် ကျုပ်တို့က ပြင်ဆောက်ပေးရုံရှိတာပေါ့၊ ဒီလောက်ခဲယဉ်းစရာ မရှိပါဘူး'

ရှင်။ (ပုဏ္ဏားများဘက်သို့လှည့်လျက်) 'ဘယ့်နှယ်လဲ၊ ကျေနပ်ကြရဲ့လား''

ပုဏ္ဏားများ။ 'မကျေနပ်နိုင်ပါ၊ သူတို့အားလုံးကို မီးရှို့သတ်ထိုက်ပါသည်။ မဟာဒေဝကို စော်ကားသူများဖြစ်ပါသည်'

ထိုခဏ၌ မြို့သူမြို့သားများသည် လှုပ်လှုပ်ရှားရှား ဖြစ်လာ၍ 'သတ်ပစ်ပါ၊ အားလုံးသတ်ပစ်ပါ'ဟု ဟစ်အော်ကြလေရာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သောသူက ခက်ရင်းတစ်ချောင်းနှင့် လှမ်းထိုးလိုက်သည်နှင့် ခက်ရင်းသည် သစ်ပင်တွင် စူးစိုက်ဝင်နေလေ၏။ နောက်ခဏ၌ အခြားသူတို့ထက် ဒေါသကြီးဟန်ရှိသော လူတစ်ယောက်သည် ရှေ့သို့ ပြေးဝင်လာ၍ ကိုဖူးညို၏ ဦးခေါင်းကို တင်းပုတ်ကြီးနှင့် ထုမည်ဟု မြှောက်ရွယ်လိုက်သည်တွင် ကိုဖူးညိုသည် ထိုလူ၏ရင်ဝကို သေနတ်နှင့် တေ့၍ ဖြုတ်လိုက်ရကား အလျားလိုက်မှောက်လျက် လဲကျသွားလေ၏။

လူအများသည် ကျွန်ုပ်တို့၏သေနတ်ကို မြင်ကြရဖူးသော်လည်း အလှအပအတွက် ကိုင်ဆောင်သည်ဟု မှတ်ထင်နေကြသောကြောင့် ထိုအခြင်းအရာကို မြင်ရသောအခါ အလွန်အမင်းအံ့သြခြင်း ဖြစ်နေကြ၏။ ၎င်းတို့သည် သေနတ်ကိုကြည့်ချည်တခါ၊ လူသေကောင်ကို ကြည့်ချည်တလှည့်နှင့် ပါးစပ်များဟကာ မျက်လုံးပြူးနေကြစဉ် ကျွန်တော်သည် ထိုလူများ၏ တုန်လှုပ်သော အခြင်းအရာကို မြင်ရသည်နှင့် ၎င်းတို့ဘက်သို့ သေနတ်ပြောင်းဝကို လှည့်ချိန်လိုက်သည်နှင့် တစ်ပြိုင်နက် ‘ဂူးအား’‘ဂူးအား’ ဟူသောအသံမျိုးဖြင့် ဟစ်အော်ကာ ဖဝါးနှင့်တင်ပါး တစ်သားတည်းနေအောင် ထွက်ပြေးကုန်ကြလေ၏။

‘လုပ် လုပ် လုပ်ဗျို့၊ မြန်မြန်လုပ်’ဟုပြောလျက် ကိုဖူးညိုသည် ကိုသာမြတ်အားချည်ထားသော ကြိုးများကို ဖြေပေးလေရာ ကျွန်တော်ကမူ အရဲစွန့်၍ ကျန်နေရစ်သေးသော လူတစ်ယောက် နှစ်ယောက်တို့ကို သေနတ်ဖြင့် လှည့်ချိန်ကာ ခြောက်လှတ်လိုက်ရလေ၏။

၎င်းနောက် ကျွန်တော်တို့သည် တစ်ခါတည်းလွတ်ကျွတ်အောင် ထွက်ပြေးကြတော့မည်အကြံနှင့် လေယာဉ်ပျံရှိရာသို့ ပြေးကြမည်ပြုရာ အချို့လူများသည် ကျွန်တော်တို့အကြံကို ရိပ်မိဟန် လက္ခဏာနှင့် လေယာဉ်ပျံသို့ သွားရသောလမ်းမှ ဆီးကြိုနေကြသည်နှင့် ထိုအကြံကို လက်လျှော့လိုက်ရလေ၏။





ညို။ ‘ဘယ်ဘက်ပြေးမလဲဗျာ’

ကျွန်တော်။ ‘လာပါ ကျွန်းဘက်ကို ပြေးရအောင်၊ ခင်ဗျားလူစု ကျွန်းဘက်ရောက်အောင် မလိုက်ဝံ့ပါဘူး၊ လာသာလာပါ’

ကျွန်တော်မှာ ဤအကြံကိုပေးရာ၌ မအုန်းကြည်၏ အမှာကို ရုတ်တရက်သတိရသောကြောင့်ဖြစ်ပေရာ လူရိုင်းများမှာမူ ကျွန်တော်တို့နောက်မှ လိုက်ချင်ပြုသော်လည်း တကယ်နီးကပ်အောင် ချဉ်းကပ်ခြင်းငှါ မဝံ့ကြချေ။

ကျွန်ုပ်တို့သည် အိုင်ကမ်းပါးသို့ရောက်အောင် ခပ်သုတ်သုတ်လာခဲ့ကြ၍ ယဖ်ပူဇော်သောနေရာတွင် ပိန်းကောကလေးနှစ်စင်းရှိသည့်အနက် ကြီးသောပိန်းကောပေါ်သို့ ခုန်တက်ကြပြီးလျှင် ရေလယ်သို့ လှော်ထွက်လာကြသောအခါ ကျွန်ုပ်တို့သည်ကား အန္တရယ်ကင်းလွတ်သည့်အကြောင်းကို သိရှိသည်နှင့် ၎င်းတို့အဘယ်သို့ပြုမည်ကို ကြည့်ကြဦးမည်ဟု ခပ်ဖြည်းဖြည်း လှော်ခတ်နေကြလေရာ လူများသည် ရေဆိပ်သို့ရောက်လာသောအခါတွင် ကျွန်ုပ်တို့နောက်သို့လိုက်ရန် အလျဉ်းကြံရွယ်ဟန်မတူဘဲ အံ့သြသောအမူအရာဖြင့် လက်များကိုမြှောက်ကာ ငေးကြည့်နေကြပြီးနောက် တစ်ယောက်ပြီးတစ်ယောက် ပြန်သွားကြလေ၏။

ထို့နောက် ကျွန်တော်တို့သည် ကျွန်းဖက်သို့ လှော်ခတ်သွားကြလေရာ ကမ်းဘက်သို့ထွက်နေသော ကျောက်စွန်းကြီးပေါ်တွင် ယမန်နေ့က တင်မြှောက်ပသထားခဲ့သော သစ်သီးသစ်ဉနှင့် စားစရာအမျိုးမျိုးတို့ကို တွေ့ရှိရသည်နှင့် ကျွန်တော်တို့မှာ လူရိုင်းများ၏ လက်ချက်မှ တစ်ခဏတာမျှ လွတ်မြောက်ရုံသာမက နေ့ရက်အနည်းငယ်အဖို့ ရိက္ခာအတွက်ပါ ဖူလုံနေပြီဖြစ်သောကြောင့် ဝမ်းမြောက်ရတော့မည့်သို့ ဖြစ်နေကြလေ၏။ ကျွန်တော်အဖို့ဆိုပါမူ မည်သို့သောနည်းဖြင့် ရောက်လာသည်ဖြစ်စေ ၎င်းကျွန်းဖက်သို့ ရောက်လာရသည့်အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေးမိတိုင်း စိတ်ထဲ၌ ရယ်ချင်သလို အူရွှင်မတတ် ဖြစ်လာမိလေသေး၏။



[၅]

ကျွန်တော်တို့သည် ပိန်းကောမကို ကျောက်စွန်းတွင် ချည်နှောင်ထားပြီးနောက် ကျောက်ဆောင်၏ အခြေအနေကို ကြည့်ရှုကြရာ ကျောက်ဆောင်မှာ ရေထဲသို့ ကျွန်းဆွယ်ကဲ့သို့ ချွန်းထွက်နေသည်ဖြစ်၍ ကျွန်းမကြီးသို့ အတောင်တစ်ရာခန့် ကျယ်ဝန်းသော ကျောက်လည်ပင်းဖြင့် ဆက်သွယ်လျက်ရှိသည်ကို တွေ့ရလေ၏။

ပုံသဏ္ဍာန်မှာ ဘစ်သီးများ တင်ထားရာဖြစ်သော ကျောက်စားပွဲသည် ဦးခေါင်းကဲ့သို့လည်းကောင်း၊ ကျွန်းမကြီးသည်ကိုယ်ကာယကဲ့သို့လည်းကောင်း၊ ထိုနှစ်ခုကို လည်ပင်းသဖွယ်ရှိသော ကျောက်ပြင်ကြီးဖြင့် ဆက်သွယ်လျက်ရှိရာ ၎င်းကျောက်လည်ပင်းပေါ်တွင် ကိုးပေခန့်ကျယ်ဝန်းသော လှည်းလမ်းကြောင်းကြီးနှစ်ခုသည် ထင်ရှားစွာဖြစ်ပေါ်လျက်ရှိ၏။ ၎င်းလှည်းလမ်းကြောင်းကြီးများသည် ကျွန်းမကြီးပေါ်တွင်တည်ရှိသော ကျောက်ဂူကြီးတစ်လုံးအတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ထိုးဝင်သွားသည်ကိုလည်း တွေ့ရလေ၏။

ကျွန်တော်တို့သည် အဆိုပါ လှည်းလမ်းကြောင်းနှစ်သွယ်ကို သေချာစွာ ကြည့်ရှုကြသောအခါ ဘီးရာများသည် ထင်ရှားသစွာပေါ်နေသော်လည်း သာမန်လှည်းလမ်းကြောင်းထက် နှစ်ဆမက ကျယ်ဝန်းသည်ကို တွေ့ရသောကြောင့် မည်သည့် ခေတ်အခါက မည်



www.burmeseclassic.com

www.burmeseclassic.com



သည့်ယာဉ်မျိုး မောင်းနှင်ထားကြောင်းကို မတွေးနိုင်သဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ အံ့သြစွာ ငေးမောနေကြရလေ၏။ ယခု လူရိုင်းများလက်ထက်တွင်ဖြစ်ပေါ်သော လှည်းကြောင်း မဟုတ်နိုင်ခြင်းမှာကား ထင်ရှားပေ၏။

မြတ်။ 'ခင်ဗျားတို့ ဘယ့်နှယ်ထင်ကြသလဲ ဆိုကြစမ်း'

ညို။ 'ရှေးပဝေသဏီကလူများ လျှောက်ထားခဲ့တဲ့ လမ်းကြောင်းနဲ့ တူတာပဲ'

မြတ်။ 'ခြေထောက်နဲ့လျှောက်လို့ ဒီလိုအရာမျိုး မထင်နိုင်ဘူးဗျ၊ ကျောက်ပြင်ထဲကို စူးဝင်နေပုံကြည့်ကြစမ်း၊ ပြီးတော့ ခြေရာဆိုလျှင် ဘယ်နည်းနဲ့မှ တစ်ကြောင်းနဲ့တစ်ကြောင်း ယခုလို တစ်သမတ်တည်း ညီညီညာညာ မဖြစ်နိုင်ဘူး၊ ကိုတင်လှိုင်ကော ဆိုစမ်း'

ကျွန်တော်။ 'လှည်းလမ်းကြောင်း ဆိုရမှာကလဲ ဒီလောက်ကျယ်ဝန်းတဲ့လှည်းမျိုးကို ဆွဲနိုင်တဲ့တိရစ္ဆာန်မျိုး ရှိမယ်မထင်ဘူး၊ မတွေးတတ်ဘူးဗျာ'

မြတ်။ 'ကျုပ်တော့ဖြင့် မဟုတ်တော့မှလွဲရော၊ ရှေးရှေးတုန်းက လူများ အသုံးပြုခဲ့တဲ့ လေယာဉ်ပျံကွင်းဟောင်းလို့ထင်တယ်၊ ဒီဟာတွေက လေယာဉ်ပျံဘီးရာဗျ၊ ဒီနေရာမှာဆင်းပြီးတော့ လေယာဉ်ပျံကို ဟောဟိုဂူကြီးထဲမှာ သွင်းထားတယ်လို့ ကျုပ်ထင်တယ်'

ထိုအခါတွင် ကျွန်တော်တို့နှစ်ယောက်မှာ မယုံကြည်နိုင်သော မျက်နှာထားဖြင့် ကိုသာမြတ်အား ငေးကြည့်နေကြလေ၏။

ညို။ 'မဟုတ်နိုင်တာပဲဗျာ၊ လေယာဉ်ပျံပေါ်တာ ဘာကြာသေးလို့လဲ'

မြတ်။ 'ခင်ဗျားတို့က ရှေးကလူတွေဟာ လေယာဉ်ပျံ မလုပ်တတ်ဖူးလို့ ထင်ကြလို့လား'





ကျွန်တော်။ 'လေယာဉ်ပျံ တိမ်ယံတောင်စွယ်၊ မိုးလယ်ဝေယံဖျား ... လို့တော့ ရှေးသီချင်းထဲမှာ တွေ့ဖူးတာပဲဗျာ၊ နို့ပေမယ့် ...'

မြတ်။ 'ဒီကမ္ဘာမှာ ဘုရားလေးဆူတောင် ပွင့်ခဲ့ပြီးလေတော့ လောကုတ္တရာ ပညာများဟာလဲ ထိုနည်းအတူ မြုပ်ချည် ပေါ်ချည် ဖြစ်ခဲ့ရမှာ ကေန်ပဲဗျ၊ ခင်ဗျားတို့ ကျုပ်တို့ ယခုသင်ကြားနေကြရတဲ့ လောကဓာတ်ပညာတွေဟာ အသစ်တွေချည်းမှတ်မနေကြနဲ့၊ တချို့ပညာတွေမှာ ရှေးကလူတွေကို ကျုပ်တို့မမီတဲ့နေရာတွေ အပုံကြီးရှိသေးတယ်၊ လေယာဉ်ပျံများဟာလဲ ရှေးက ကေန္တ ပေါ်ခဲ့ဖူးပြီလို့ ကျုပ်ယုံကြည်တယ်'

ညို။ 'ကိုင်းဗျာ၊ ခင်ဗျားလေယာဉ်ပျံကို အသာထားပြီး ကျုပ်တော့ဆာလှပြီ၊ သစ်သီးကလေးများ စားလိုက်ကြဦးစို့ဗျာ'

ထိုအချိန်၌ကား မိုးထိန်ထိန်လင်းလျက် ရှိပြီဖြစ်ရာ ကျွန်တော်တို့သည် ဝမ်းဝအောင်စားသောက်ပြီးမှ ကိုသာမြတ်၏စကား ဟုတ်မဟုတ်ကို စုံစမ်းရန် ဂူထဲသို့ဝင်ကြည့်ကြမည်ဟု ဆုံးဖြတ်ကြလေ၏။ သို့ဖြစ်၍ ကျောက်စားပွဲကြီးပေါ်တွင်တွေ့သော သစ်သီးများနှင့် စားစရာများအနက် ကျွန်တော်တို့သည် ကြာရှည်ခံမည့် စားစရာများကို ဖယ်ရှားထား၍ လျင်မြန်စွာပုပ်သိုးအံ့ထင်ရသော အာဟာရများကို ရွေးချယ်စားသောက်ကြလေ၏။

ကိုသာမြတ်မှာမူ အစားအသောက်အပေါ်တွင် များစွာအာရုံမထားဘဲ လေယာဉ်ပျံအကြောင်းကို စုံစမ်းချင်သော ဆန္ဒအားကြီးလှသည်နှင့် ဝတ်ကျေဝတ်ကုန်မျှလောက် စားသောက်လေရာ ထိုသူမှာ မကြာမီကလေးကပင် သေကွင်းမှ လွတ်လာရသူဖြစ်ပါလျက် မိမိအသက်အကြောင်းကို အနည်းငယ်မျှ အရေးမလုပ်ဘဲ ဗဟုသုတဆည်းပူးမှုအတွက်သာ စိတ်ပါဝင်စားနေသည်ကို တွေ့ရသောကြောင့် ထိုလူ၏ ပညာလိုလားသောစိတ်ကို ကျွန်တော် ချီးမွမ်းမိ၏။

www.burmeseclassic.com



စားသောက်ပြီးစီးလတ်သော် ပိန်းကောမကလေးကို လူရိုင်းများ လာရောက်ယူငင် မသွားနိုင်စေရန် ကျောက်စားပွဲပေါ်သို့ ခပ်မြင့်မြင့် ဆွဲတင်ထားခဲ့ကြပြီးနောက် ဂူဝဆီသို့ လျှောက်လာခဲ့ကြလေ၏။

ဂူဝ၏အမိုးမှာ ပေ ၁၀၀ ထက်မနည်း မြင့်မားသည်ဖြစ်ရာ ကျွန်တော်တို့သည် ဂူထဲသို့ မဝင်သေးမီ ဂူဝကို သေချာစွာ ကြည့်ရှုကြသေးသဖြင့် ရုပ်လုံးများနှင့် ပန်းခက်ပန်းနွယ်များ ထွင်းထုထားသည်ကို တွေ့ရသည့်ပြင် ဂူဝတစ်ခုလုံးမှာလည်း တစ်ခေတ်က ရေအောက်တွင် နစ်မြုပ်တည်နေဖူးသည့် အထိမ်းအမှတ်များလည်း တွေ့ကြရ၏။ ဖြစ်ခဲ့ဖူးဟန် လက္ခဏာရှိသည်ကား တစ်ခါက ဂူဝသည် ယခုနည်းတူ ရေမျက်နှာပြင်အထက်၌ ပေါ်နေသဖြင့် လူတို့မွမ်းမံခြယ်လှယ်ထားခဲ့ဖူးသော်လည်း မြေငလျင် အကြီးအကျယ် လှုပ်ခဲ့ဖူးရာတွင် ရေပြင်အောက်သို့ ကျံ့ဝင်သွား၍ မကြာသေးမီကမှ တစ်ဖန် မြေငလျင်အစွမ်းကြောင့်ပင် မြင့်ပေါ်တက်ကြွလာခဲ့ဟန် တူပေ၏။

သို့ရာတွင် နှစ်ပေါင်းမည်မျှ နစ်မြုပ်ဖူး၍ မည်မျှပေါ်နေဖူးသည်ကိုမူ ခန့်မှန်းရန် အလွန်ခဲယဉ်းပေရာ ဘုရားတစ်ဆူနှင့်တစ်ဆူ ပွင့်သည့်အကြားတွင် မြုပ်ခြင်း၊ ပေါ်ခြင်း ဖြစ်ခဲ့လေသလော မပြောတတ်ပေ။ ရုပ်လုံးသဏ္ဌာန်များမှာ ကျောက်သားစစ်စစ်ဖြစ်လျက်နှင့် ပွန်းတီးနေပုံကို ထောက်ချင့်လိုက်သော် နှစ်ပေါင်း ကုဋေကုဋာ ကြာခဲ့လျှင်လည်း ကြာနိုင်လောက်ပေ၏။

ကျွန်တော်တို့သည် လမ်းကြောင်းများတစ်လျှောက် ဂူထဲသို့ ဝင်သွားကြသောအခါ အလွန်တရာ မြင့်မားကျယ်ဝန်းလှသော အခန်းကြီးထဲသို့ ရောက်သွားကြလေရာ အဘယ်မျှလောက်မြင့်၍ အဘယ်မျှလောက် ကျယ်ဝန်းလေသနည်းဆိုသော် အမိုးကိုသော်လည်းကောင်း၊ နံရံကိုသော်လည်းကောင်း အလျဉ်းမမြင်ရချေ။ သို့သော် ကျွန်တော်တို့ ပြောလိုက်သော စကားများ၏ ပဲ့တင်သံသည် အထက်မှဖြစ်စေ၊ နံဘေးမှဖြစ်စေ အတော်ကြီးအချိန်ကြာသောအခါမှ ပြန်ရောက်လာသည်ကို တွေ့ရသောကြောင့်သာလျှင် အလွန်ကျယ်ဝန်းသည်ဟု ရေးသားရခြင်း ဖြစ်ပေ၏။

ကိုသာမြတ်သည် စေ့စပ်သေချာသူတစ်ယောက် ဖြစ်သည့်အလျောက် နာရီကိုကိုင်ကြည့်လျက် နှုတ်မှ 'ဟိတ်'ဟူ၍ အော်လိုက်ရာ အထက်မှ ပဲ့တင်သံသည် ငါးစက္ကန့်ကြာမှ ပြန်ရောက်လာ၍ နံဘေးမှ ပဲ့တင်သံသည် ကိုးစက္ကန့်ကြာသည်ကို တွေ့ရ၏။

ဤနေရာ၌ ကိုသာမြတ်သည် နတ်စင်မီးရှို့ရာ၌ အသုံးပြုခဲ့သည့် ဖယောင်းတိုင်တစ်တိုင်နှင့် မီးခြစ်ဘူးကိုထုတ်၍ ဖယောင်းတိုင်ကို မီးထွန်းညှိပြီးလျှင် ဆက်လက်စုံစမ်းကြလေ၏။ သို့ရာတွင် ဖယောင်းတိုင် အလင်းရောင်ဖြင့် ဂူမိုးကိုလည်းကောင်း၊ နံရံကိုလည်းကောင်း မမြင်နိုင်ကြရပေ။

ကျွန်တော်တို့သည် ယခင်လမ်းကြောင်းတစ်လျှောက် လျှောက်သွားကြ၍ လမ်းကြောင်းအဆုံးသို့ ရောက်ကြသောအခါ ဝါတာတာ အရောင်ရှိသော သတ္တုဖြင့်ပြုလုပ်ထား၍ အမြင့်ပေ ၄၀၊ အလျား ၁၀၀ ခန့်ရှိသော အရာဝတ္ထုကြီးတစ်ခုကို တွေ့ကြရလေ၏။ သတ္တုတိုင်ကြီးများမှာ နန်းကြိုးများဖြင့် ခတ်လျက်ရှိရာ အောက်ပိုင်းမှာ မြူမှုန်များဖြင့် ဖုံးအုပ်လျက်ရှိလေ၏။

ကျွန်တော်တို့သည် ဂူဝမှ ဝင်လာကြကတည်းက လမ်းကြောင်းသည် တဖြည်းဖြည်းမြင့်၍တက်လာသည်ကို ထောက်ခြင်းအားဖြင့် ဂူဝသည် ရေအောက်တွင် နစ်မြုပ်နေစေကာမူလည်း ထိုနေရာမှာမူ ရေမျက်နှာပြင်ထက်တွင် ပေါ်လျက်ရှိသောကြောင့် ရေမစိုစွတ်နိုင်ဘဲ မြူမှုန်များ တွေ့ကြရခြင်း ဖြစ်ဟန်တူ၏။

မြတ်။ 'ကိုင်း၊ ဘယ့်နှယ်ရှိစ၊ ဆရာကြီးတို့ ဒီဟာဘာထင်သလဲ'

ညို။ 'လှေကားထစ်တွေ ဘာတွေနဲ့ပါကလား၊ လှောင်အိမ်ကြီး

www.burmeseclassic.com



ထင်ပါကလားဗျာ'

ကျွန်တော်။ 'ဟုတ်ပြီဗျို့ ကိုသာမြတ်၊ ခင်ဗျားပြောခဲ့တဲ့ လေယာဉ်ပျံနဲ့တူတယ်၊ နို့ပေမယ့် ကြီးလှချေလားဗျာ'

မြတ်။ 'အစစ်ပေါ့ဗျာ၊ ကြီးရင်ကော ဘာဖြစ်သလဲ၊ လူတစ်ရာ ကိုးဆယ် စီးနိုင်တဲ့လေယာဉ်ပျံမျိုးကို ရှေးလူများ မဆောက်နိုင်ဘူး ထင်လို့လား၊ နို့ပေမယ့် ဒီလောက် နှစ်ပရိစ္ဆေဒကြာလို့တောင် အချေး မစား၊ ဒါ ကျုပ်အံ့ဩတယ်ဗျာ'

ကျွန်တော်။ 'အချေးမစားနိုင်တဲ့ သတ္တုတွေ အပုံကြီးရှိသားပဲဗျာ၊ ဥပမာ ရွှေဆိုရင် အချေးမစားနိုင်ဘူး ဟုတ်လားဗျ'

ကျွန်တော်တို့သည် သတ္တုကို သေချာစွာကြည့်ရှုကြရာ ပန်းတိမ် ဆရာ မဟုတ်သောကြောင့် ရွှေဟုတ်မဟုတ် အမှန်မပြောနိုင်သော် လည်း ရွှေနှင့်ကား အလွန်တူလှ၏။ ရွှေဖြစ်ခဲ့လျှင် ဤမျှလောက် အမြောက်အမြားရရန် ခဲယဉ်းမည်မှန်သော်လည်း သတ္တုအမျိုးမျိုး တစ်လှည့်စီပေါ်တတ်သော ပထဝီမြေကြီးတွင် တစ်ခေတ်ကရွှေများ သည် သံလောက်မပေါခဲ့ဘူးသေးဟူ၍ မည်သူကမျှ မပြောနိုင်ချေ။

ထို့နောက် ကျွန်တော်တို့သည် ဆက်လက်လျှောက်သွားကြပြန် လေရာ ထိုအရာဝတ္ထုကြီးများကို တစ်ခုပြီးတစ်ခု စီတန်းလျက် တွေ့ရှိ ကြရသဖြင့် စုစုပေါင်း ၅၀ ထက်နည်းမည်မဟုတ်ချေ။ အကယ်၍ ထိုအရာတို့သည် ရွှေဖြင့် ပြုလုပ်ထားခြင်းမှန်ပါက ထိုအရာတို့ကို ကျွန်တော်တို့တိုင်းပြည်သို့ ရောက်အောင် ဆောင်ကြဉ်းနိုင်ပါမူကား မြန်မာပြည်ကို အင်္ဂလိပ်အစိုးရလက်မှ ဝယ်ယူနိုင်မည့်အပြင် တစ်ပြည် လုံး ကြွယ်ဝနိုင်ဦးမည်ဟူ၍ စဉ်းစားမိသေး၏။

ကျွန်တော်တို့သည် ထိုအရာဝတ္ထုများကို အသင့်အတင့်ကြည့်ပြီး ကြသဖြင့် ဂူအတွင်းအပိုင်းအခြားသို့ လှည့်လည်ကြရာတွင် တစ်နေရာ ၌ ကျောက်နက်ဖြင့်ထုလုပ်ထားသည့် ရုပ်တုတစ်ခုကို တွေ့ကြရလေ





၏။ ရုပ်တုမှာ ကျောက်ဖြူပလ္လင်ပေါ်တွင် တင်ပျဉ်ခွေလျက် အမြင့် ရှစ်တောင်ခန့်ရှိပေရာ အနေအထိုင်နှင့်တကွ မျက်နှာထားတို့မှာ ဂေါတမ မြတ်စွာဘုရား၏ ဆင်းတုတော်နှင့် တူလှပေ၏။

သို့သော် ထူးခြားသောအချက်တစ်ခုမှာ ကျွန်ုပ်တို့ ဆင်းတုတော် များကဲ့သို့ ဦးခေါင်းထက်တွင် ဆံပင်လက်လေးသစ် ချန်ထားသည့် သဏ္ဌာန်မဟုတ်ဘဲ ခေါင်းတုံးဖြစ်နေသည်ကို တွေ့ရ၏။ ရုပ်တုမှာ ကဿပမြတ်စွာဘုရား သို့မဟုတ် ကောဏာဂုံ မြတ်စွာဘုရား သို့မဟုတ် ကကုသန် မြတ်စွာဘုရား၏ ဆင်းတုတော် ဖြစ်ချေမည်လော မပြော တတ်ပေ။

အကယ်၍ သာမန်ရုပ်တုမဟုတ်ဘဲ မြတ်စွာဘုရားတစ်ဆူဆူ၏ ဆင်းတုတော်ဖြစ်ပါမူကား ထိုခေတ်က ပန်းပုဆရာများသည် အလွန် သပ္ပါယ်အောင် ထုလုပ်တတ်ကြပေသည်ဟု ချီးမွမ်းထိုက်ပေသည်။ အကြောင်းမူကား ထိုရုပ်တုသည် ဆံထုံးပုံဆန်ဆန် ပုံသဏ္ဌာန်ရှိသော ဆင်းတုတော်များကိုသာ မြင်ရဖူးသော ကျွန်တော်တို့၏ မျက်စိ၌ ငုံးတိတိရှိသည်ဟု မှတ်ထင်ရသော်လည်း မျက်နှာထားမှာ အလွန်တရာ ကြည်ညိုဖွယ်အဆင်းကို ဆောင်လျက်ရှိပေသောကြောင့်တည်း။

ကျွန်တော်တို့ နားမလည်နိုင်သော အချက်တစ်ခုမှာ အကယ်၍ ထိုရုပ်တုသည် မြတ်စွာဘုရား၏ ဆင်းတုတော်တစ်ဆူ ဖြစ်ခဲ့ပါလျှင် မည်သည့်အဓိပ္ပာယ်မျိုးဖြင့် လေယာဉ်ပျံရုံကြီးနှင့်တူသော ဂူကြီးအတွင်း သို့ ရောက်ရှိနေရသနည်းဟူသော အချက်ပင်ဖြစ်၏။ စဉ်းစားရန်ရှိသည် မှာ ပထမ၌ ဤဂူကြီးသည် ဂန္ဓကုဋီတိုက် ဖြစ်ခဲ့ဖူး၍ နောင်အယူဝါဒ ပြောင်းလဲလာကြသောအခါမှ လေယာဉ်ပျံရုံအဖြစ်နှင့် အသုံးပြုခဲ့ခြင်း ဖြစ်ဟန်တူပေသည်။

ထိုအချိန်၌ ကျွန်တော်တို့၏ဖယောင်းတိုင်မှာ ကုန်လုနီးပါနေလေ ပြီ။ ကိုသာမြတ်၌ အခြားဖယောင်းတိုင်နှစ်တိုင်မျှ ကျန်ရှိသေးသည်



www.burmeseclassic.com

www.burmeseclassic.com



မှန်သော်လည်း မည်သည့်အရေးကိစ္စမျိုး ပေါ်ပေါက်ဦးမည် မသိနိုင်သောကြောင့် ဂူအကြောင်း သိချင်ရုံအတွက်မျှနှင့် ဖယောင်းတိုင်တို့ကို မဖြုန်းတီးလိုကြချေ။

သို့ရာတွင် ဂူဝသည် အရှေ့စူးစူးသို့ မျက်နှာမူလျက်ရှိရကား နေထွက်စအချိန်တွင် ဂူထဲသို့ နေရောင်ဝင်နိုင်မည့် လက္ခဏာရှိသောကြောင့် နက်ဖြန်နံနက်စောစောတွင်မှ ဆက်လက်စုံစမ်းကြဦးမည်ဟု ဆုံးဖြတ်ကာ ထွက်လာခဲ့ကြလေ၏။ ကျွန်တော်မှာမူ မအုန်းကြည်နှင့် ပတ်သက်သည့် မည်သည့်အရိပ်နိမိတ်မျိုးကိုမျှ မတွေ့ခဲ့ရသောကြောင့် စိတ်ထဲတွင် မကျေမနပ် ရှိနေသေး၏။

ကျွန်တော်တို့သည် ဂူထဲမှထွက်တော့မည်ပြုစဉ် ရပ်တုအောက်တွင်ရှိသော ပလ္လင်ခြေရင်းတွင် ပျားကောင်အချို့ စုဝေးနေသည်ကို တွေ့မြင်ရသဖြင့် မည်သို့သောအဓိပ္ပာယ်ပေနည်းဟု နောက်တစ်ကြိမ် ဝင်လာသောအခါတွင် စုံစမ်းဦးမည်ဟု စိတ်ထဲ၌ အမှတ်ပြုလာခဲ့မိလေ၏။

ဂူပြင်သို့ရောက်၍ ကြည်လင်အေးမြသောရေကို ချိုးသုံးပြီးလတ်သော် ကျွန်တော်တို့သည် တောင်ရိပ်တွင် တရေးတမော အိပ်စက်ကြ၏။ အိပ်ရာမှနိုး၍ အာဟာရအနည်းငယ် စားပြီးလတ်သော် ကျွန်တော်တို့သည် ဂူကြီး၏အပေါ်၌ရှိသော ကျောက်တောင်ကြီးသို့ တက်၍ စုံစမ်းကြည့်ရှုကြရာ ထိုတောင်ကမ်းပါးရုံတွင် လှေကားထစ်များနှင့်တကွ ရှေးအခါကတည်းက တည်ရှိခဲ့ဖူးသည့် အဆောက်အဦ အကျိုးပဲ့ အကြွေအမွများကို တွေ့ကြရသည်နှင့် ဟိုရှေးတစ်ခေတ်က ဤတောင်ကမ်းပါးယံသည် မြို့ကြီးတစ်မြို့ တည်နေရာဌာန ဖြစ်ခဲ့ဖူးလေသလောဟု စဉ်းစားစရာ ဖြစ်နေ၏။

ထို့ပြင် ထိုတောင်ထိပ်မှ အိုင်ကြီးတစ်ဖက်ကမ်းသို့ လှမ်းမြော်ကြည့်ရှုပြန်သည့်အခါ မြေပြင်အလွန်ပြန့်ပြူး ညီညာသော နေရာ





ကွက်လပ်ကြီးသည် မျက်စိတစ်ဆုံးမျှတိုင်အောင် တည်ရှိနေသည်ကို တွေ့ရခြင်းအားဖြင့် ရှေးအခါက ဤဒေသသည် ယခုကဲ့သို့ အညတြ လူရိုင်းအနည်းငယ်နေထိုင်ရုံမကဘဲ မြို့ကြီးမြို့ငယ်၊ ရွာကြီးရွာငယ် အသွယ်သွယ်တို့ စီတန်းတည်နေရာဌာနလည်း ဖြစ်နိုင်လောက်သည်ဟု စဉ်းစားမိကြပေသေးသတည်း။



www.burmeseclassic.com

www.burmeseclassic.com

[၆]

နေဝင်ချိန် နီးလတ်သော် ကျွန်တော်တို့သည် ထိုအိုင်ကမ်းပါးတွင် မြောက်မြားစွာတွေ့ရသော သစ်ကိုင်းခြောက် အတိုအစများကို သယ်ယူ၍ ဂူဝတွင် စုပုံပြီးလျှင် မီးပုံကြီးပုံထားခြင်းအားဖြင့် အေးချမ်းခြင်းကို ကာကွယ်နိုင်ကြလေ၏။ ထိုဒေသမှာ ဟိမဝန္တာတောင်တန်းများ၏ တစ်ခုသောအကြားတွင် တည်ရှိသော်လည်း ထင်သလောက် အလွန်အမင်း မချမ်းအေးလှချေ။ သစ်သီးများကိုလည်း ကျောက်စားပွဲမှ ဂူကြီးအတွင်းသို့ သယ်ယူ၍ ကြာရှည်ခံမည့် အာဟာရများကို သီးသန့်သိုမှီးထားကြ၏။

ကျွန်တော်တို့သည် မီးမွှေးပြီးနောက် မီးပုံကြီးအနီး၌ ထိုင်ကာ နက်ဖြန်အတွက် လုပ်ငန်းအစီအစဉ်အကြောင်းကို တိုင်ပင်လျက်ရှိကြစဉ် ပိန်းကောမတစ်စင်းကူးလာ၍ လူရိုင်းဘုရင်နှင့် ပုဏ္ဏားတစ်ယောက် ပါလာသည်ကို တွေ့မြင်ကြရ၏။ လှေကို ဆိုက်ကပ်ပြီးနောက် လူရိုင်းဘုရင်က အော်ဟစ်ပြောပြသည်မှာ ...

ဘုရင်။ 'ကောင်းကင်ခရီးဖြင့် ရောက်လာသော မိတ်ဆွေများ၊ ကျွန်ုပ်တို့နှင့်အတူ လိုက်ခဲ့၍ နေမြဲတိုင်းနေထိုင်ကြပါ။ မီးရှို့သောလူကို အပြစ်အတိုင်း စီရင်ရလျှင် ကျန်လူများကို ကျွန်ုပ်တို့ လက်ဖျားနှင့် မတို့ပါ၊ လာသာလာကြပါ'





ကျွန်တော်။ 'မီးရှို့သောလူကို ဘယ်ကဲ့သို့ စီရင်ပါမည်နည်း'

ဘုရင်။ 'မဟာဒေဝနတ်စင်ကို မီးရှို့သည့်အတွက် တူသောအကျိုးပေးစေရန် သူ့ကိုယ်ကို မီးရှို့ရပါမည်။ သို့သော် ကျန်လူများကို ...'

ကျွန်တော်။ 'မလိုချင်ဘူး၊ သင်တို့နတ် တန်ခိုးရှိလျှင် သူ့ဘာသာ သေအောင်ကိုင်ပစေ၊ သင်တို့ မဟာဒေဝထက် တန်ခိုးကြီးသော နတ်ကြီးကို ငါတို့ဤဂူထဲတွင် တွေ့ရပြီ၊ သင်တို့နတ်နှင့် ငါတို့နတ် ပြိုင်ကြမည်၊ ငါတို့နတ်ကြီးက သင်တို့လူစုအားလုံးကို တစ်ညအတောအတွင်း သေအောင်ဖမ်းစားလိမ့်မည်၊ သင်တို့ပြန်ကြလော့'

ထိုအခါ လူရိုင်းဘုရင်သည် ထိတ်လန့်တုန်လှုပ်ဟန်နှင့် ပုဏ္ဏားနှင့် တိုင်ပင်လေ၏။ ထို့နောက် ...

ဘုရင်။ 'မလုပ်တော်မူပါနဲ့လို့ တောင်းပန်ပေးပါ'

ကျွန်တော်။ 'ငါတို့ခိုင်းသလို လုပ်ပေးလျှင် တောင်းပန်ပေးမည်၊ သို့မဟုတ် မိုက်လှသော လူစုတွေကို ဘုရင်ကစပြီး အစိမ်းလိုက်ဝါးစားလိမ့်မည်'

ဘုရင်။ 'အောင်မလေး၊ ကြောက်လှချေရဲ့၊ တောင်းပန်ပေးပါ၊ သင်တို့ခိုင်းစေသမျှ လုပ်ပေးပါမည်'

ကျွန်တော်။ 'ကောင်းပြီ၊ နံနက်တိုင်း စားစရာယူခဲ့ပြီး ဤကျောက်စားပွဲကြီးပေါ်မှာ တင်ထားစေ၊ ငါတို့ ကျန်ရစ်သော ဝတ္ထုပစ္စည်းများကိုလည်း ဆောင်ယူခဲ့စေ၊ ဤအတိုင်း မှန်မှန်လုပ်ပေးလျှင် သင်တို့ကို မဖမ်းစားအောင် ငါတို့တောင်းပန်ပေးမည်'

ထိုအခါ ပုဏ္ဏားက ကန့်ကွက်လိုသေးဟန် တူသော်လည်း ဘုရင်က 'ကောင်းပါပြီ၊ နက်ဖြန်ယူခဲ့ပါမည်' ဟုပြော၍ ပြန်သွားကြလေ၏။

ကျွန်တော်တို့သည် လူရိုင်းဘုရင်နှင့် ဤကဲ့သို့ စီမံရသည့်အတွက် ထိုကျွန်းတွင် ကျွန်တော်တို့ နေထိုင်သမျှကာလပတ်လုံး စားနပ်ရိက္ခာအတွက် ကြောင့်ကြစိုးရိမ်ရန် မရှိတော့သဖြင့် ကံကောင်းလှသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာ၍ မဆုံးနိုင်အောင် ဖြစ်မိကြ၏။

ထိုညဉ့်၌ ကျွန်တော်တို့သည် မီးပုံကြီးအနီး ဂူဝတွင် အိပ်စက်ကြလေရာ ကိုသာမြတ်နှင့် ကိုဖုးညိုတို့မှာ ပူပန်သောက ကင်းငြိမ်းသည့် လက္ခဏာနှင့် အိပ်လျှင်အိပ်ချင်း ခြိုက်ခြိုက်မြိုက်မြိုက် အိပ်ပျော်ကြသော်လည်း ကျွန်တော်မှာမူ မအုန်းကြည်အကြောင်းများကို စဉ်းစားမိခြင်းကြောင့် မျက်လုံးတကြောင်ကြောင်နှင့် ရှိနေလေ၏။

တစ်ခါက အိပ်ပျော်တော့မည့်အနေဖြင့် မှေးခနဲ ဖြစ်သွားစဉ် ဂူကြီးအထဲဆီမှ အလွန်သာယာသော တီးမှုတ်သံများ ကြားရသည်ဟု မှတ်ထင်သောကြောင့် ငေါက်ခနဲ ထ၍ထိုင်မိသေး၏။ သို့ရာတွင် ကြည်လင်စွာ နိုးသောအခါ၌ ဘာသံမျှမကြားရသောကြောင့် အိပ်မက်ခြင်းမျှသာ ဖြစ်သည်ဟု အောက်မေ့မိ၏။ ထို့နောက် တကယ်အိပ်ပျော်သွားသော အခါတွင်မူကား ရှေးယခင်ကကဲ့သို့ မအုန်းကြည်နှင့် တွေ့ရသည်ဟု အိပ်မက်မြင်မက်ခြင်း မရှိချေ။

နောက်တစ်ကြိမ်နိုးသဖြင့် မျက်စိဖွင့်ကြည့်လိုက်သောအခါ မိုးလင်းနေသည်ကို တွေ့ရသည်နှင့် ကျွန်တော်သည် အလင်းရောင်ဝင်ခိုက်တွင် ဂူထဲ၌ မွှေနှောက်ကြည့်ရှုဖို့အလုပ် ရှိသေးသဖြင့် အဖော်များကို ကပျာကယာနှိုးပြီးနောက် ရေချိုးခြင်း၊ သစ်သီးအနည်းငယ်စားခြင်း အလုပ်တို့ကို လျင်မြန်စွာ ပြုလုပ်ကြလေ၏။ ထို့နောက် ယမန်နေ့ ညနေက အဆင်သင့်ပြုလုပ်ထားသည့် သစ်သားတူရှင်းတစ်ချောင်းကို ထမ်းလျက် ကျွန်တော်တို့သည် မီးခြစ်၊ ဖယောင်းတိုင် စသည်တို့နှင့် ဂူထဲသို့ဝင်ကြလေ၏။

ကျွန်တော်တို့ ခန့်မှန်းထားသည့်အတိုင်း နေရောင်သည် ဂူတွင်းသို့ တောက်လျှောက် တိုးဝင်လျက်ရှိသည်နှင့် ကျွန်တော်တို့သည် လေယာဉ်ပျံပျက်ကြီးများကို ကျော်လွန်၍ ကျောက်ရုပ်တုကြီးရှိရာသို့ ဆက်လက်သွားရောက်ကြလေ၏။





ကျွန်တော်တို့သည် နံနက်အလင်းရောင်တွင် တပြောင်ပြောင် ရှိနေသော ရုပ်တုကြီး၏ အချိုးအစားကျနခြင်းကို ကြည့်ရှုချီးမွမ်းလျက် ရှိစဉ် ပျားများသည် တစ်ကောင်ပြီးတစ်ကောင်ဝင်လာ၍ ကျောက်ပလ္လင်ခြေရင်း၌ နားအုံကြသည်ကို ရှေးနည်းအတူ တွေ့မြင်ကြရလေ၏။ ပျားတို့မည်သည်မှာ ပန်းဝတ်ရည်များကို စုပ်ယူရန် ပန်းပွင့်ပေါ်၌သာ နားတတ်ပါလျက် ဘာမျှမရှိသော ကျောက်ပလ္လင်၌ နားအုံကြခြင်းကို အံ့သြစွာနှင့် စုံစမ်းကြည့်ရှုကြလေ၏။

ပျားများစုရုံးနေသော နေရာကို အဝတ်ဖြင့်ပုတ်ခတ်၍ ပျားများ ဖယ်ရှားပေးသောအခါ ကျွန်တော်သည် အပေါက်ငယ်တစ်ခုကို တွေ့သည်နှင့် ငုံ့၍နမ်းကြည့်ရာ ကတိုးနှင့် နှင်းဆီပန်းတို့ ရောကြိတ်ထားသကဲ့သို့ အလွန်မွှေးကြိုင်လှသည့် အနံ့တထောင်းထောင်း ထွက်နေသည့်အဖြစ်ကို သိရှိရလေ၏။ အပေါက်မှာ လက်သန်းတစ်နှိုက်မျှ ကျယ်ဝန်းလေရာ အမွှေးအနံ့သည် ထိုအပေါက်ငယ်မှ မပြတ်မလပ် ဒလစပ်ထွက်လျက်ရှိလေ၏။ လက်ဝါးဖြင့် ခံကြည့်သောအခါ လေတိုးခြင်းမူကား မရှိချေ။

တစ်ယောက်တစ်လှည့် နမ်းကြည့်ကြပြီးနောက် ကျွန်တော်သည် ပလ္လင်ခြေရင်း၌ စုပုံလျက်ရှိသောမြူများကို သစ်သားတူရှင်းဖြင့် ခြစ်ထုတ်၍ ကြမ်းပြင်နှင့်ပလ္လင်အကြားတစ်လျှောက် တူရှင်းဖြင့် ထိုမှဤမှ ထိုးကြည့်ရာ ခလုတ်တစ်ခုကိုထိမိသည့် လက္ခဏာနှင့် ချောက်ခနဲ အသံတစ်ခု ကြားရသည်နှင့် တစ်ပြိုင်နက် ကျောက်ဖြူပလ္လင်နှင့် ကျောက်နတ်ရုပ်တုပါ ရုတ်တရက် တိမ်းစောင်းသွား၍ လူတစ်ယောက် ဝင်သာသည့် အပေါက်တစ်ခုသည် ပလ္လင်အောက်မှ ပေါ်ထွက်လာလေ၏။

ထိုအခါ၌ ယခင်က နမ်းရှူပ်ခဲ့ရသည့် ကတိုးနံ့နှင့် နှင်းဆီရနံ့တို့သည် ထောင်းခနဲ ထိုး၍တက်လာလေတော့၏။ စပယ်ပန်းနှင့် အချို့



www.burmeseclassic.com

www.burmeseclassic.com



သော အခြားပန်းများ၏ အနံ့သည် နည်းလျှင်မွှေး၍ များလျှင်မခံရပ်နိုင်အောင်ရှိတတ်သော်လည်း နှင်းဆီပန်းနံ့မှုကား မွှေးလွန်းသည်ဟု ဘယ်အခါမျှ မရှိနိုင်ချေ။ သို့ဖြစ်၍ ကျွန်တော်တို့ ခံစားရသောအနံ့မှာ ကတိုးနံ့ပါသောကြောင့် အီတီတီရှိသော်လည်း နှင်းဆီရနံ့ပါသောကြောင့် အနံ့ပြင်းစေကာမူ မခံမရပ်နိုင်အောင် မရှိလှချေ။

အုံ့သြခြင်း အတန်ငယ်ပြေပျောက်သောအခါ ကျွန်တော်တို့သည် ၎င်းအပေါက်မှ အောက်သို့ လှေကားထစ်များတွေ့သည်နှင့် ဆင်းလိုက်သွားကြရာ ပေ ၂၀ စတုရန်းရှိသော လိုဏ်တစ်ခုကို တွေ့ရလေ၏။

နေရောင်သည် ထိုခဏတွင် ၎င်းလိုဏ်ခေါင်းထဲသို့တိုင်အောင် ထိုးဝင်လျက် ရှိနေသေးသော်လည်း ဝင်ခါစဖြစ်သောကြောင့် သဲကွဲအောင် မမြင်ကြရပေ။ အနည်းငယ်ကျင့်သားရ၍ ကြည့်လိုက်ကြသောအခါတွင်မူကား မှန်ခေါင်းကြီးနှစ်လုံးသည် နံရံတစ်ဖက်တစ်ချက်စီ ကပ်လျက်တည်ရှိကြလေရာ အံ့ဖွယ်တွေ့မြင်ရလေသည်။ အံ့ဖွယ်ရာကောင်းသော အခြင်းအရာမှာကား ခေါင်းအသီးသီး၏ ခေါင်းရင်းတွင် ဖယောင်းတိုင်တစ်တိုင်စီ ထွန်းညှိ၍ မီးတောက်များသည် မလှုပ်မရှား ငြိမ်သက်စွာ တောက်လောင်လျက်ရှိကြလေ၏။ အခြားသော ထူးခြားချက်တစ်ရပ်မှာ ထိုမီးတောက်များသည် လင်းသင့်သလောက်မလင်းဘဲ ပိုးစုန်းကြူး သို့မဟုတ် မီးကျီးခဲသာသာမျှလောက်သာ အရောင်ထွက်ကြလေ၏။

ကျွန်တော်တို့မှာ အံ့သြဖွယ်ရာများ တစ်ခုပြီးတစ်ခု ဆက်၍တွေ့ရသောကြောင့် ခပ်ထုံထုံဖြစ်နေကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်သေးဘဲ ခေါင်းများကို ဆက်လက်ကြည့်နေကြ၏။ ခေါင်းများမှာ အလွန်ကြည်လင်လှသော မှန်သားဖြင့်ပြုလုပ်ထားဟန်တူပေရာ ခေါင်းတို့မှ စိမ်းလဲ့လဲ့ ပြာနှမ်းနှမ်းရှိသော အလင်းရောင်တစ်မျိုး ထွက်လျက်ရှိသောကြောင့် အခြားသော အလင်းရောင်





မရှိစေကာမူလည်း ခေါင်းတို့ကို မြင်နိုင်မည်သာ ဖြစ်ပေ၏။

ကျွန်တော်တို့သည် တစ်ခုသောခေါင်းသို့ ချဉ်းကပ်ကြည့်ရှုကြသောအခါ အသက် ၆၀ ကျော်အရွယ်ခန့်လောက် ထင်ရသည့် လူကြီးတစ်ယောက်၏အလောင်းကို တွေ့မြင်ရပေရာ ကျွန်တော်သည် ထိုသူ၏မျက်နှာကို ကြည့်လိုက်ရသောအခါ၌ ကျယ်ဝန်းထင်ရှားသော နဖူးပြင်ပီသပြတ်သားသော မျက်နှာအနေအထား၊ ထက်မြက်ပေါ်လွင်သောနှာတံ စသည်တို့ကို မြင်ရခြင်းအားဖြင့် အလွန်တရာ ဉာဏ်ပညာကြီးကျယ်မည့် ပုဂ္ဂိုလ်ပေတည်းဟု ချက်ချင်းပင် တွေးဆမိ၏။

သို့ရာတွင် သနားညှာတာခြင်း၊ တွယ်တာ ထောက်ထားခြင်းစသော အရည်အချင်းမျိုးမူကား စိုးစဉ်းမျှရှိမည် မဟုတ်သောကြောင့် ဤလူမျိုးကား ချစ်ခင်မြတ်နိုးဖို့ထက် ကြောက်ရွံ့ ရိုသေဖို့သာလျှင်တတ်နိုင်မည့် လူမျိုးဟူ၍ အကဲခတ်မိ၏။ ၎င်း၏ အရပ်အမောင်းမှာခုနစ်ပေခန့်ရှိသော်လည်း လူရှည်တို့၏အင်္ဂါရုပ်မျိုးမဟုတ်ဘဲ သူ့ခေတ်နှင့် သူ့အခါက သာမန်အရပ်အမောင်းရှိသူတစ်ယောက် အချိုးအစားမျိုးဖြစ်သည်ဟု အကဲခတ်မိ၏။

ထိုသူ၏ အဝတ်အစားမှာ အဝတ်ရှည်ကြီးကို သိုင်း၍ခြုံတတ်သည့် အိန္ဒိယတိုင်းသား ကုလားတစ်မျိုး၏ အဝတ်မျိုးနှင့် ခပ်ဆင်ဆင်တူပေရာ အလုံးစုံခြုံ၍ အကဲခတ်လိုက်သော် လှလှပပဝတ်ဆင်မှုထက် တောမှီရသေ့တို့၏ ခပ်ရိုးရိုးအဝတ်မျိုးဖက်သို့ ပို၍နီးသည်ဟုမှတ်ထင်ရ၏။ ထူးခြားသောအချက်တစ်ခုမှာ ၎င်း၏အသားသည် ပိတ်ဖြူကဲ့သို့ဖွေးဖွေးဖြူသော်လည်း ပါးပြင်တစ်ဖက်တစ်ချက်တွင် သွေးရောင်ဖြန်းသကဲ့သို့ နီပြေပြေ ရှိနေသေးခြင်းပင်ဖြစ်၏။

ကျွန်တော်သည် အလွန့်အလွန် စိတ်အာရုံစူးစိုက်စွာနှင့် ထိုလူကြီး၏အလောင်းကို ကြည့်လျက်ရှိရာမှ ကိုသာမြတ်က 'ဒီမှာကြည့်လှည့်စမ်းပါဦး' ဟုခေါ်လိုက်သည်နှင့် ဒုတိယခေါင်းဆီသို့ ကူးပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုလေ၏။

ဒုတိယခေါင်းထဲ၌မူ မိန်းမတစ်ယောက်၏ အလောင်းကို တွေ့မြင်ရလေရာ ကျွန်တော်သည် ၎င်း၏မျက်နှာသို့ တစ်ချက်မျှစိုက်၍ ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက် ရင်ဘတ်ကို လက်သီးနှင့်ထိုးမိသကဲ့သို့ နင့်ကနဲ ဖြစ်သွားမိလေ၏။ အကြောင်းမူကား ရုပ်အဆင်းတို့မည်သည် အလွန်အမင်းလှသည့်အခါ အသက်ရှူရှိုက်ဖို့ သတိမရအောင် အံ့သြခြင်းဖြစ်စေနိုင်သောကြောင့်ပေတည်း။

'ဟာ၊ လှလွန်းလှပါကလားကရို့' ဟု လွတ်ခနဲ ပြောလိုက်ပြီးနောက် ကျွန်တော်သည် မိမိ၏ ရင်ဘတ်ကို လက်ဖြင့်ဖိလျက် ၎င်း၏မျက်နှာကိုစေ့စေ့ကြည့်နေရာတွင် မြင်ဖူးသောမျက်နှာနှင့် တူပါသည်ဟု တရေးရေးထင်မြင်လာမိလေ၏။ မည်သူ၏မျက်နှာနှင့် တူသည်ဟူ၍ကား ရုတ်တရက်ဖော်မရချေ။

ထိုမိန်းမသည် ရတနာခုနှစ်ပါးတို့ဖြင့် အနားကွပ်တွင် ဇာသတ်ထားသော ဖဲနှင့်တူသည့် အဝတ်မျိုးကို ကုလားမဆန်ဆန် ဝတ်ဆင်ထားလေရာ ၎င်း၏အသက်မှာ ၂၅ နှစ်အရွယ်လောက် ခန့်မှန်းရပေ၏။

ကျွန်တော်သည် ၎င်း၏အချိုးအစားကျနလှသော ကိုယ်ကာယကိုလည်းကောင်း၊ သေးသွယ်နွဲ့ပျောင်း၍ ပုလဲပုတီးဖြင့် ဆင်ယင်ထားသော လည်ပင်းကိုလည်းကောင်း၊ အလွန်ရှည်လျား၍ အဖျားကော့သော မျက်တောင်ကိုလည်းကောင်း၊ စက်ဝိုင်းခြမ်းကဲ့သို့ ခပ်ကိုင်းကိုင်းရှိ၍ မည်းနက်သေးသွယ်သော မျက်ခုံးကိုလည်းကောင်း၊ အရောင်တဖိတ်ဖိတ်တောက်နေသော ဆံပင်ကိုလည်းကောင်း၊ ချောမွတ်လွန်းသဖြင့် အရောင်လျှပ်သကဲ့သို့ မှတ်ထင်ရသော အသားပြင်ကို လည်းကောင်း စိုက်ငေးကာကြည့်နေစဉ် မြင်ရဖူးပါသည်၊ တွေ့ရဖူးပါသည်ဟု မှတ်ထင်မိသော စိတ်ကူးသည် တိုး၍တိုး၍ ခွန်အားကြီးလာလေ၏။





နောက်ဆုံး၌ မျက်ခုံးနှစ်ဖက်တို့၏ အလယ်ဗဟိုတည့်တည့်တွင် ရွှေးစေ့ငယ်ပမာဏခန့်ရှိ၍ အလွန်နက်မှောင်လှသော မှဲ့ကလေးကို တွေ့မြင်မိသောအခါတွင်မူကား ကျွန်တော်၏ဇနီး မအုန်းကြည်၏ မျက်နှာကို ကွက်ခနဲ သတိရမိလေ၏။

မအုန်းကြည်မှာ ၎င်းနည်းတူ ထိုနေရာ၌ မှဲ့ကလေးတစ်လုံး ရှိနေသည့်အဖြစ်ကို သတိရသောအခါတွင်မှ အခြားသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့တွင်လည်း ထိုသူနှစ်ယောက်တို့ တူညီခြင်းအကြောင်းကို သတိဖြစ်ပေါ်လာလေ၏။ တူညီသည်ဆိုသော်လည်း ရှင်းလင်းအောင် ဖော်ပြရပေဦးမည်။ တစ်ခါတရံ သမီး၏မျက်နှာကို မြင်လိုက်ကာမျှနှင့် မိခင်၏မျက်နှာသည် ကွက်ခနဲပေါ်လာ၍ မည်သူ၏သမီးဖြစ်သည်ဟု ပြောနိုင်တတ်ခြင်းကို စာဖတ်သူတို့ ကြုံကြရဖူးပေလိမ့်မည်။

၎င်းသားအမိနှစ်ယောက်ကို တေ့တေ့ဆိုင်ဆိုင် ယှဉ်ပြိုင်ကြည့်ရှုသောအခါ၌မူကား တစ်ယောက်နှင့်တစ်ယောက် တူညီမည်ဟု ဆိုနိုင်လောက်အောင် ထူးထူးခြားခြားမရှိလှချေ။ မအုန်းကြည်နှင့် ထိုမိန်းမတို့၏ တူညီခြင်းမှာလည်း (မှဲ့မှတပါး) ဤနည်းအတိုင်းပင် ဖြစ်ချေ၏။ စင်စစ်သော်ကား မအုန်းကြည်မှာလည်း မိန်းမချောတစ်ယောက်ဟူ၍ ခေါ်ဝေါ်သမုတ်ခြင်း ခံခဲ့ရစေကာမူ ထိုမိန်းမ၏ ရုပ်အဆင်းကို လေးပုံတစ်ပုံမျှမီနိုင်မည်မဟုတ်ချေ။ သို့ရာတွင် တစ်မိဝမ်းတွင်း အတူဆင်းသော ညီအစ်မချင်းကဲ့သို့သော တူညီခြင်းမျိုးကား ရှိကြပေ၏။

ကျွန်တော်၊ 'ချောလိုက်တဲ့ အလောင်းဗျာ၊ နေပုံကလည်း အသက်ရှူနေသေးသလို၊ အိပ်ပျော်နေတယ်လိုတောင် ထင်မိလောက်စရာပဲ'

မြတ်။ 'ဆေးကျောင်းမှာ အလောင်းမျိုးစုံ ကျုပ်တို့သင်ခဲ့ရဖူးလှပြီ၊ ဒီအလောင်းမျိုး တစ်ခါမှ ကျုပ်တို့မတွေ့ခဲ့ရဖူးဘူး၊ အလောင်းမှ ဟုတ်ပါလေစဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်။ 'မဟုတ်နိုင်တာပဲဗျာ၊ ဘယ်နှစ်ခုနှစ် ဘယ်သက္ကရာဇ်ကထားခဲ့တဲ့ ဟာတွေမှန်းလည်းမသိ၊ အသက်တော့ မရှိနိုင်ပါဘူးကိုသာမြတ်ရယ်'

မြတ်။ 'မဆိုင်နိုင်ဘူးလေ၊ သူတို့ဝတ်စားထားပုံ ကြည့်ရတာခေတ်ကာလလူတွေနဲ့မတူ၊ ဟို နှစ်ပေါင်းငါးထောင် တစ်သောင်းဆီလောက်ကလူတွေများ ဖြစ်နေမလားလို့၊ ဟိုရှေးကြီးတုန်းက စိတ်ပြောင်းကိုယ်ခွာဆိုတဲ့ အတတ်မျိုး မတတ်ကြဘူးလို့ မပြောနိုင်ဘူးဗျ'

ကျွန်တော်။ 'ဘယ်လို စိတ်ပြောင်းကိုယ်ခွာ အတတ်မျိုးလဲဗျ'

မြတ်။ 'ရုပ်တရားကို ဝိညာဉ်နဲ့ခွာပြီး မပုပ်မသိုးအောင်ထားနိုင်တဲ့အတတ်မျိုးပေါ့ဗျ'

ကျွန်တော် 'ကြံကြံဖန်ဖန်ဗျာ မဖြစ်နိုင်တဲ့ အလုပ်မျိုးကပဲ၊ ကိုယ့်လူက မယုံတတ်ဘူးဆိုပြီး ဒီလိုတော့ တော်တော် အတွေးခေါ်သားပဲကိုး'

မြတ်။ 'ကျုပ်က စုန်းတို့ နတ်တို့သာ မယုံကြည်တာ၊ ရှေးလူတွေရဲ့ အတတ်အမျိုးမျိုးကိုတော့ ယုံတန် ယုံရလိမ့်မယ်ဗျာ'

ယင်းကဲ့သို့ ပြောဆိုလျက်ရှိကြစဉ် ကျွန်တော်တို့သည် မှန်ခေါင်းများကို သေချာစွာကြည့်ရှုကြလေရာ ၎င်းတို့မှာ လေလုံအောင် 'အံကျ' ပြုလုပ်ထားကြောင်း တွေ့ရသည့်ပြင် မိန်းမ၏ခေါင်းမှာ အပြင်မှ အဖုံးချ၍ပိတ်ရသော ခေါင်းမျိုးဖြစ်၍ အဖိုးကြီး၏ခေါင်းမှာ အတွင်းဘက်မှ ခလုတ်ချ၍ ပိတ်နိုင်အောင် ပြုလုပ်ထားသည့်အဖြစ်ကို တွေ့ကြရလေ၏

မြတ်။ 'ဒီဟာ ခင်ဗျားတို့ ဘယ့်နှယ်ထင်ကြသလဲ'

ညို။ 'ကျုပ်တော့ မစဉ်းစားတတ်ပေါင်ဗျာ'

ကျွန်တော်။ 'မိန်းမကို ရှေးဦးစွာသွင်းပြီး အဖိုးကြီးက နောက်မှ သူဟာသူ ခေါင်းထဲဝင်ပိတ်လေရော့သလားဗျာ'





မြတ်။ 'အစစ်ပေါ့ဗျာ၊ ကျုပ်အထင်တော့ အဖိုးကြီးက မိန်းမကို ခေါင်းထဲဝင်အိပ်စေရာ ဝိညာဉ်ကိုနှုတ် ခေါင်းကိုပိတ်၊ နောက်ပြီးမှ သူ့ဟာသူ ခေါင်းထဲဝင်အိပ်ပြီး သူ့ဝိညာဉ် သူ့အတတ်နဲ့ နှုတ်ခွာလိုက်တယ်ထင်တယ်'

ကျွန်တော် 'ဒီလိုဆိုလျှင် တကယ်သေသေးတဲ့လူတွေ မဟုတ်ဘူးပေါ့လေ'

မြတ်။ 'သူတို့နေပုံတွေကြည့်ရတာ ကျုပ်တော့ သေသေးတယ်ကို မထင်ဘူး၊ ဆေးထိုးထားတဲ့အလောင်း ဆိုဦးတော့ ဒီလောက်တော့ ရုပ်မကောင်းနိုင်ဘူး ထင်တယ်ဗျာ'

ညို။ 'ခင်ဗျားဟာက တွေးလုံးသက်သက်တွေပါလေ၊ တစ်ခုမှ လက်ဆုပ်လက်ကိုင်ပြနိုင်တာ မဟုတ်ပါဘူး'

မြတ်။ 'မဆိုနိုင်သေးဘူးလေ ကြည့်ရဦးမယ်'

ထိုအခါ၌ကား ကျွန်တော်တို့မှာ နှင်းရည်နဲ့ကြောင့် ကိစ္စမရှိလှသော်လည်း ကတိုးနံ့အတွက်ကြောင့် ခေါင်းထဲ၌ အုံ့တုံ့တုံ့ဖြစ်လာကြသည်နှင့် စုံစမ်းသောအလုပ်ကို ခေတ္တရပ်ဆိုင်း၍ လေကောင်းလေသန့် ရှူရှိုက်ရန်အတွက် ဂူပြင်သို့ထွက်လာခဲ့ကြ၏။

ကျောက်စားပွဲပေါ်၌ကား သစ်သီးသစ်ဥများအပြင် လေယာဉ်ပျံထဲ၌ထားခဲ့သည့် ကျွန်တော်တို့၏ ပစ္စည်းကလေးများပါ စုပုံလျက်ရှိသည်ကို တွေ့ကြရသောကြောင့် လူရိုင်းဘုရင်သည် ကျွန်တော်တို့ မရှိခိုက်တွင် ယမန်နေ့ညနေက ခိုင်းလိုက်သောအမိန့်အတိုင်း လာရောက်ချထားခဲ့ကြောင်း သိရှိရလေ၏။ စားသောက်ပြီးစီးလတ်သော် ကျွန်တော်တို့သည် လေယာဉ်ပျံထဲမှ ယူလာခဲ့သော လက်ဆွဲမှန်အိမ်ကို ထွန်းညှိ၍ ဆက်လက် စုံစမ်းရန်အတွက် ဂူထဲသို့ဝင်ကြပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

## [၇]

ခေါင်းများရှိရာ လိုဏ်ခေါင်းသို့ ရောက်ကြသောအခါ ကိုသာမြတ်သည် ခရီးသည်များ ကိုင်ဆောင်ရန်အတွက် ကိရိယာအစုံထည့်၍ လုပ်ထားသော မောင်းချခြားကိုထုတ်၍ ခေါင်းကိုဖွင့်ရန် ပြင်ဆင်လေ၏။ အီဂျစ်ပြည်၌ အချို့အလောင်းများတွေ့စဉ်က လက်နှင့်ထိလိုက်ရုံမျှနှင့် ကျေမွ၍ အမှုန့်ဖြစ်သွားသည်ဟု ကြားရဖူးသောကြောင့် ကျွန်တော်က ကိုသာမြတ်အား သတိပေးရသေး၏။ ကိုသာမြတ်ကမူ အကယ်ကျေမွသွားခဲ့လျှင်လည်း မည်သူမှနစ်နာဖို့မရှိကြောင်းနှင့် ပြန်ပြော၍ အဖိုးကြီး၏ခေါင်းကို ရှေးဦးစွာ ဖွင့်ရန်ပြင်ဆင်လေ၏။

ခေါင်းမှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း မှန်ဖြင့်ပြုလုပ်ထား၍ တစ်လက်မခန့်ထူသော မှန်ခေါင်းဖုံးဖြင့် ပိတ်ထားလေရာ မည်သို့သည့်အစေးနှင့်မျှ ကပ်ထားဟန်မတူသော်လည်း အဖုံးကို ရုတ်တရက်လှပ်၍ မရချေ။ လက္ခဏာမှာ ခေါင်းထဲတွင် လေအလျဉ်းမရှိသောကြောင့် အဖုံးနှင့်နှုတ်ခမ်းသည် တစ်သားတည်းကပ်လျက် တည့်နေဟန်တူပေ၏။ (ပုလင်းထဲမှလေကို စုတ်ယူလိုက်သောအခါ ပုလင်းဝသည် နှုတ်ခမ်းတွင် မြဲခိုင်စွာ ကပ်တွယ်လျက်ရှိသည်ကို တွေ့ကြရဖူးပေလိမ့်မည်)

သုံးယောက်လုံးသည် မှန်ဖုံးကိုမ,သော်လည်း မရနိုင်ကြောင်း တွေ့ရသောအခါ ကိုသာမြတ်သည် ဓားဦးချွန်ဖြင့် မှန်သားတွင်အပေါက်





ကလေးဖြစ်အောင် လက်ဖြင့်လှည့်ပေးလေ၏။ အတွင်းသို့ ဓားဦးဝင်သွားသည်နှင့်တစ်ပြိုင်နက် ရှူးခနဲမြည်သော အသံကို ကြားကြရသည်နှင့် လေလုံသည်ဟူသော တွေးဆချက်မှာ မှန်ကန်ကြောင်းတွေ့ရလေ၏။ လေလုံလောက်စွာ ဝင်ပြီးသော အခါ၌မူကား ကျွန်တော်တို့သည် ခေါင်းဖုံးကို ကြွကြလေရာ များစွာမခဲယဉ်းဘဲ ပွင့်သွားလေ၏။ ထိုအခါ ထွက်လာလိုက်သော ကတိုးနံ့များမှာ မခံမရပ်နိုင်အောင်ရှိသည်နှင့် နောက်သို့ဆုတ်၍ ရပ်နေကြသေး၏။

အနံ့ပေါ့လျော့သည့်အခါ ကျွန်တော်တို့သည် ခေါင်းသို့ တဖန်ချဉ်းကပ်ကြပြန်၍ ကိုသာမြတ်သည် ခြေထောက်ဖျားကလေးကို ကိုင်ကြည့်ပြီးနောက် 'ဟုတ်ပြီဗျို့ ဟုတ်ပြီ၊ စမ်းကြည့်ကြစမ်း၊ ကြည့်ကြစမ်း'ဟု ပြောသည်နှင့် ကျွန်တော်တို့လည်း စမ်းသပ်ကြည့်ကြရာ ကျွန်တော်တို့၏ လက်ဖျားကဲ့သို့ နွေးနွေးကလေး ရှိနေသည်ကို တွေ့ကြရလေ၏။

ထို့နောက် ကိုသာမြတ်သည် ခြေထောက်မှ အထက်ပိုင်းသို့ တဖြည်းဖြည်းတက်၍ ရင်ဘတ်ပေါ်သို့ လက်တင်မိသည်နှင့်တပြိုင်နက် ဖြတ်ခနဲ ပြန်၍ရုတ်သိမ်းလိုက်၏။

'ဘာကြောင့်လဲဗျ'

'ရင်ခုန်နေတယ်ဗျ၊ စမ်းကြည့်ကြစမ်း'

ကျွန်တော်မှာ မယုံတယုံရှိသေးသော်လည်း ခပ်ရွံ့ရွံ့ ခပ်တွန့်တွန့်နှင့် စမ်းကြည့်ရာ မလှုပ်မရှား ငြိမ်သက်စွာရှိနေသည်ကိုသာ တွေ့ရလေ၏။ ထို့နောက် ကိုဖူးညိုစမ်းသော်လည်း ငြိမ်လျက်ပင် တွေ့ရသည်ဟုပြော၏။

ထိုအခါ ကိုသာမြတ်သည် နှစ်ယောက်နှင့်တစ်ယောက် ဖြစ်နေသောကြောင့် စိတ်ခပ်တိုတိုနှင့် ထပ်မံစမ်းသပ်၍ ရင်ဘတ်ပေါ်တွင် အတန်ကြာအောင် လက်တင်ထားရာတွင်မူကား အလောင်းသည်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများ ပုတ်ခတ်ပုတ်ခတ် လုပ်လာလေ၏။ ထို့နောက် မျက်လုံးများ ကျယ်စွာဖွင့်ကြည့်၍ ဦးခေါင်းလည်း လှုပ်ရှားလာလေရာ ကိုသာမြတ်က လက်ရုတ်လိုက်ပြန်ရာတွင်မူကား တဖြည်းဖြည်းပြန်၍ ငြိမ်သက်သွားပြန်လေ၏။

နောက်ဆုံး၌ ကိုသာမြတ်သည် ရင်ဘတ်ပေါ်တွင် လက်တစ်ဖက်တင်၍ အခြားလက်တဖက်ဖြင့် နဖူးပြင်ကို ပွတ်သပ်ပေးရာတွင်မူကား အဖိုးကြီးသည် ကောင်းကောင်းကြီး အသက်ရှင်လာရုံမျှမက ထ၍ပင် ထိုင်လာလေတော့၏။ ထိုအတောအတွင်း၌ ကျွန်တော်နှင့်ကိုဖူးညိုတို့မှာ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကာ ကြက်သေသေလျက် ရှိကြသော်လည်း ကိုသာမြတ်မူကား မိမိ၏ တွေးဆချက် ကိုက်သူ တစ်ယောက်၏ မျက်နှာထားမျိုးနှင့် ကျွန်တော်တို့အား လှမ်းကြည့်နေလေ၏။

အဖိုးကြီးမှာမူ ထိုအခါ၌ ကောင်းစွာသတိရလာသော လူတစ်ယောက်၏ အမူအရာမျိုးဖြင့် ကျွန်တော်တို့အား တစ်ယောက်ပြီး တစ်ယောက်လှမ်း၍ ကြည့်နေလေ၏၊ အခြားလူများကို သိသလိုလို မျက်နှာထားမျိုးနှင့် ကြည့်နေပြီးမှ မျက်မှောင်ကြုတ်လိုက်သည်ဟု မှတ်ထင်ရ၏၊ နောက်ဆုံး၌ အဖိုးကြီးသည် တဖြည်းဖြည်း ခွန်အား တိုးလာ၍ လှုပ်ရှားမှုထိုင်ခြင်း၊ ထိုင်ရာမှထခြင်း စသည်ဖြင့် ခေါင်းအပြင် သို့ထွက်လာပြီးလျှင် နံရံကို မှီလျက်ရပ်လေ၏၊ ကျွန်တော်တို့လည်း ၎င်း၏အရိပ်အကဲကို ကြည့်နေကြသေး၏။

နောက်တစ်ခဏ၌ အဖိုးကြီးသည် တစ်စုံတစ်ခုကို ရုတ်တရက် သတိရလာဟန်နှင့် ဆတ်ခနဲလှုပ်ရှားလာပြီးလျှင် ထိုမှဤမှ ကြည့်လိုက်ရာ မိန်းမ၏မှန်ခေါင်းကိုမြင်သည်နှင့် ချဉ်းကပ်လေ၏။ ကျွန်တော်တို့အဖို့မှာ ခေါင်းကိုဖွင့်ရန် အခက်အခဲ ရှိသော်လည်း အဖိုးကြီးမှာ ခေါင်းနံ့ဘေးရှိ ခလုတ်ငယ်တခုကို လက်ဖြင့်နှိပ်လိုက်သည်နှင့် တစ်ပြိုင်





နက် အဖုံးသည် ကွာ၍တက်လာလေ၏။

ကျွန်တော်တို့သည် ၎င်း၏အကြံအစည်ကို ရိပ်မိသည်နှင့် ခေါင်းဖုံးကို ကိုင်ထားကြလေရာ အဖိုးကြီးသည် မိန်းမ၏ရင်ဘတ်ပေါ်သို့ လက်တစ်ဖက်တင်ထားလျက် အခြားဘက်ဖြင့် နဖူးကို (ကိုသာမြတ် ပြုလုပ်ခဲ့သည့်အတိုင်း) ဖြည်းညင်းစွာ ပွတ်သပ်ပေးလေ၏၊ ထိုမိန်းမ သည် အဖိုးကြီးနိုးစဉ်ကနည်းတူ မျက်တောင်ခတ်လာခြင်း၊ မျက်လုံး များ ကျယ်စွာဖွင့်ကြည့်ခြင်း၊ ဦးခေါင်းရမ်းခြင်း စသည်ဖြင့် တစ်ဆင့်ပြီး တစ်ဆင့် တိုး၍တိုး၍ နိုးလာလေ၏။

မျက်လုံးများ ကောင်းစွာပွင့်လာပြီးသည့်နောက် ထိုမိန်းမသည် ကျွန်တော်တို့အား လှမ်းကြည့်သဖြင့် ခေါင်းဖုံးကို လက်ဖြင့်မ,လျက် ရှိသော ကျွန်တော့်အား မြင်ရသောအခါ ပထမ၌ တွေဝေသော မျက်နှာ မျိုးဖြင့် စိုက်ကြည့်နေသေး၏။ ထို့နောက် မှတ်မိ၍ သတိရသော မျက်နှာထားမျိုး ဖြစ်ပေါ်လာပြီးလျှင် မိန်းမသည် ကျွန်တော်၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ရုတ်တရက်လှမ်းဖက်ပြီးမှ ၎င်း၏ပါးကို ကျွန်တော်၏ပါးနှင့် ကပ်ထားလိုက်လေ၏။

ထိုခဏ၌ ကျွန်တော်မှာ မိန်းမချော မိန်းမလှတစ်ယောက်နှင့် နီးကပ်စွာထိတွေ့ရသောအခါ၌ ယောကျ်ားတို့ဖြစ်ပေါ်တတ်သည့် ကာမ ရာဂစိတ်မျိုး အလျဉ်းမဖြစ်လာဘဲ နှစ်ထောင်းသောင်းအခါက ကွဲနေ ခဲ့ရသဖြင့် ရေးရေးမျှသာမှတ်မိသော ရည်းစားတစ်ယောက် သို့မဟုတ် အလွန်ချစ်ခင်သူတစ်ယောက်ကို ပြန်တွေ့ရခြင်းကဲ့သို့ ရင်ထဲ၌ တငွေ့ငွေ့ လွမ်းဆွတ်၍ တရွေ့ရွေ့ လှုပ်ရှားထကြွလာလေတော့၏။

အဖိုးကြီးသည် ထိုအပြုအမူကိုမြင်ရသောအခါ မျက်မှောင်ကြုတ် လျက် စကားတခွန်းမျှမပြောဘဲ ငေးကြည့်နေလေ၏၊ ကိုဖူးညိုကမူ အဖိုးကြီး၏မျက်နှာထားကို မကြိုက်သည်နှင့် ကျွန်တော့်အား 'ကိုဒွေ့လူ သတိထားနော်' ဟု တီးတိုးသတိပေးလိုက်ရာ မိန်းမသည် သူ၏



www.burmeseclassic.com

www.burmeseclassic.com



အသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဖက်ထားသောလက်ကို လွှတ်လိုက်ပြီးလျှင် ခေါင်းထဲတွင် ပက်လက်လှန်ကာ မျက်စိမှိတ်လျက် အိပ်ချလိုက်လေ၏။

ထိုအတောအတွင်း၌ ကိုသာမြတ်သည် သစ်သီးအနည်းငယ်ကို ယူလာခဲ့၍ အဖိုးကြီးနှင့်မိန်းမတို့အား အနည်းငယ်မျှစီ ပေးဝေလေရာ ၎င်းတို့သည် ငှက်ပျောသီးနှစ်လုံးစီ စားကြပြီးသည်နောက် မျက်နှာ ဖျော့တော့ခြင်း ပြေပျောက်၍ ခွန်အားတောင့်တင်း လာကြသည့် လက္ခဏာနှင့် ထ၍ထိုင်ကြလေ၏။

ကျွန်တော်တို့သည် ၎င်းတို့နှစ်ယောက်ကို ခေါင်းများအပြင်သို့ တွဲထုတ်၍ လူရိုင်းများပေးပို့လာသော ကျွန်တော်တို့၏စောင်များဖြင့် ၎င်းတို့ကို ရစ်ပတ်ပေးပြီးလျှင် ကြမ်းပေါ်၌ထိုင်စေရာ မကြာမီအတွင်း တိုး၍ခွန်အားတောင့်လာသော အထိမ်းအမှတ်များ တွေ့ကြရလေ၏။

သို့ရာတွင် မိန်းမသည် ချမ်းအေးသည့်လက္ခဏာနှင့် အနည်းငယ် တုန်လျက်ရှိရကား ကျွန်တော်၏စေခိုင်းချက်အရ ကိုဖူးညိုက ထင်း ခြောက်များယူခဲ့၍ ၎င်းတို့အနီးတွင် မီးဖိုပေးကြလေ၏၊ ၎င်းတို့သည် နှစ်သက်ဟန် လက္ခဏာနှင့် လက်ဖျားကို မီးကင်ကြရာ မကြာမီ လူကောင်းပကတိကဲ့သို့ မျက်နှာ၌ သွေးများရောက်ကာ နီမြန်းလျက် ရှိကြလေကုန်၏။

ထို့နောက် ကျွန်တော်သည် မီး၏အပူအငွေ့ထက် နေရောင်ခြည် ၏ အငွေ့ကသာ ခွန်အားပြည့်တင်းစေတတ်သည့်အဖြစ်ကို သတိရ သည်နှင့် ဂူပြင်သို့ထွက်ကြရန် (ခြေဟန်လက်ဟန်ပြ နည်းအားဖြင့်) အကြံပေးလေရာ အဖိုးကြီးက သဘောတူဟန်ရှိသည်နှင့် ကိုသာမြတ်နှင့် ကိုဖူးညိုတို့က အဖိုးကြီးအား တွဲလျက်လည်းကောင်း၊ ကျွန်တော်က မိန်းမကိုပွေ့ချီလျက် လည်းကောင်း ဂူပြင်သို့ထွက်လာခဲ့ကြလေ၏။





ကျွန်တော်သည် အလွန်ရှည်လျားလှသော ထိုမိန်းမ၏ ဆံပင် များကို မြေပေါ်တွင် တရွတ်တိုက်မည်စိုးသည်နှင့် ကျွန်တော်၏လည်ပင်း တွင် ရစ်ပတ်လျက် မိန်းမတစ်ကိုယ်လုံးကို ရင်ခွင်ထဲတွင်ပိုက်၍ အပြင် သို့ ချီတက်လာစဉ် မိန်းမသည် အလွန်နှစ်သိမ့်ကျေနပ်သော အမူ အရာဖြင့် ကျွန်တော်၏ ပခုံးပေါ်၌ ဦးခေါင်းမှီကာ လိုက်ပါလာခဲ့လေ၏။

၎င်း၏ရင်ဘတ်သည် ကျွန်တော်၏ရင်ဘတ်နှင့်အပ်လျက် ၎င်း၏ မွှေးကြိုင်လှစွာသော အသက်အငွေ့သည် ကျွန်တော်၏ နှာခေါင်းထဲ သို့ ဝင်တိုးသွားစဉ် ကျွန်တော်၏ တစ်ကိုယ်လုံးမှာ လျှပ်စစ်ဓာတ် ထည့်သွင်းလိုက်သည့်အလားကဲ့သို့ ရှိန်းခနဲ ဖိန်းခနဲ တုန်လှုပ်သွားလေ တော့၏။ သို့ရာတွင် အထက်၌ဖော်ပြခဲ့သည့်အတိုင်း တဏှာရာဂနှင့် ယှဉ်သော စိတ်မျိုးကား အလျဉ်းမဟုတ်ချေ။

ဂူပြင်သို့ရောက်ကြသောအခါ ကျွန်တော်သည် လူရိုင်းများ ပို့ထား သော သားရေထိုင်ခုံပေါ်တွင် မိန်းမကိုတင်ထားလိုက်ရာ နှစ်ပေါင်း များစွာ ရပ်နားခဲ့ရပြီးမှ တဖန်အသက်ရှူလာရသည့် လက္ခဏာနှင့် လေကို မြိန်ယှက်စွာ ရှူရှိုက်နေလေ၏။

အဖိုးကြီးမှာလည်း အနီးတွင်ယှဉ်လျက် ခင်းထားသော ထိုင်ခုံပေါ် တွင် ရင်ကိုကော့လျက် ခပ်သွက်သွက် ရှူရှိုက်နေလေ၏။

ထိုအတောအတွင်း ၎င်းတို့၏ မျက်နှာများလည်း တိုး၍ ပြည့်တင်း လာခဲ့ရာ ကောင်းကင်သို့ မကြာမကြာ မော့ကြည့်လျက် ကျေနပ် သော အမူအရာဖြင့် ထိုမှဤမှ မျှော်ကြည့်နေကြလေ၏။ မှန်ခေါင်းကို ဖွင့်လိုက်စဉ်အခါက မိန်းမ၏ရုပ်ဆင်းသဏ္ဌာန်မှာ အလွန်တရာ ချောမော လှပကြောင်းနှင့် ကျွန်တော်ရေးသားဖော်ပြခဲ့ဖူးရာ လေကောင်းလေသန့် ကို ရှူရှိုက်ရသဖြင့် သွေးအားပြည့်တင်းလာသော ထိုအခါ၌မူကား ၎င်း၏ မျက်နှာမှာ အရောင်တဖိတ်ဖိတ် တောက်ပြောင်နေသည်ဟူ၍ ပင် မှတ်ထင်ရသောကြောင့် လူသားစင်စစ်မှ ဟုတ်နိုင်ပါ၏လားဟု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စဉ်းစားအံ့သြမိလေတော့၏။ အဖိုးကြီးကမူ နေရှိန်ကို အလိုမရှိသောကြောင့် ကျောက်ဆောင်ရိပ်သို့ ပြောင်းရွှေ့ ထိုင်နေလေ၏။

တခဏမျှ ငေးကြည့်နေပြီးနောက် မိန်းမသည် နေကိုလက်ညှိုးညွှန်ပြလျက် တစ်ခွန်းတည်းသောစကားကို ပြောလိုက်ရာ ငွေခြူကလေးများကို လှုပ်ခါလိုက်ဘိသကဲ့သို့ အလွန်ကြည်လင် သာယာလှသောအသံ ဖြစ်ပေါ်လာသည့်အတွက်ကြောင့် ရုပ်ချောသလောက် အသံလည်း သာယာပါပေသည်ဟု ချီးမွမ်းမိပေတော့၏။

အံ့သြဖွယ်ကောင်းလှသော အခြင်းအရာတစ်ခုမှာ ထိုမိန်းမပြောလိုက်သောစကားသည် ၎င်းနယ်ရှိ လူရိုင်းတို့က နေကိုခေါ်သော စကားအတိုင်းပင် ဖြစ်နေသည်ကိုတွေ့ရသဖြင့် ကျွန်တော်က 'နေ အလွန်သာတယ်'ဟု ၎င်းဘာသာဖြင့် ပြန်ပြောလိုက်သောအခါ မိန်းမက ထိုဘာသာဖြင့် 'သိပ်နွေးတယ် သိပ်ကောင်းတယ်'ဟု ပြုံးရယ်ကာ ပြန်ပြောသေး၏။

သို့ဖြစ်၍ ကျွန်တော်တို့ အချင်းချင်း စကားပေါက်ကြလေပြီ။ ထိုနောက်မိန်းမက 'သင့်နာမည် ဘယ်လိုခေါ်သလဲ' ဟု မေးသဖြင့် ကျွန်တော်က 'မောင်တင်လှိုင် ခေါ်ပါတယ်'၊ 'သင့်နာမည်ကော' ဟုပြန်မေးရာ မိန်းမက "စန္ဒာဒေဝီ"ဟုပြန်ပြော၏၊ အသံ သာယာသလောက် နာမည်ကလေးကလည်း လှပါဘိတကား။ ထို့ကြောင့် ကျွန်တော်က 'လူကလည်းလှ၊ နာမည်ကလည်းလှ၊ အသံကလည်း လှတဲ့ မိန်းမတစ်ယောက်ပေပဲနော်'ဟု ပြောလိုက်သောအခါ...

စန္ဒာဒေဝီက (ပြုံးရယ်လျက်) 'ယောက်ျားဆိုရင် ဟိုတုန်းကလို မြှောက်တတ်ပင့်တတ်တုန်း ရှိကြသေးတာပဲကို' ဟု မခို့တရို့နှင့် ပြန်ပြောလိုက်၏။

ကျွန်တော် 'ဟိုလူကြီးက ဘာတော်ပါသလဲ'





ဝီ။ 'ကျွန်ုပ်ရဲ့ မွေးသဖခင် ရှင်ဘုရင်ဖြစ်တယ်'

ထိုစကားကို ကြားရသောအခါ ကျွန်တော် စိုးရိမ်မိသကဲ့သို့ လင်မယားမဟုတ်ဘဲ သားအဖဖြစ်နေကြောင်း သိရသဖြင့် ထ၍ခုန်လိုက်ချင်၏။

ကျွန်တော်။ 'သူ့နာမည် ဘယ်လိုခေါ်ပါသလဲ'

ဝီ။ 'မဟာဒေဝ လို့ခေါ်တယ်'

ထိုအခါ လူရိုင်းများကိုးကွယ်သော နတ်မှာလည်း မဟာဒေဝပင် ဖြစ်နေသောကြောင့် ကျွန်တော်မှာ အံ့သြဖွယ်ရာတစ်ခု တိုးလာပြန်လေ၏။

ကျွန်တော်။ 'သင်တို့သားအဖ အိပ်ပျော်နေတာ ဘယ်လောက်ကြာပြီလဲ'

ဝီ။ 'ကျွန်ုပ် မပြောနိုင်ဘူး၊ ဖခင်က ကြယ်တာရာများကိုကြည့်ပြီး ပြောလိမ့်မယ်၊ သူ့ကိုမေးပါတော့'

ထိုခဏ၌ အဖိုးကြီးသည် ကျွန်တော်တို့အနီးသို့ ချဉ်းကပ်လာ၍ သားအဖနှစ်ယောက်တို့သည် စိတ်အားထက်သန်သော အမူအရာနှင့် ဆွေးနွေးတိုင်ပင်နေကြလေ၏။ သို့ရာတွင် ၎င်းတို့ပြောစကားကိုမူကား ကျွန်တော်တို့ နားမလည်နိုင်ချေ။

ဥပမာဆောင်ရသော် ထားဝယ်သားများသည် မြန်မာစကားကို ပြောသော်လည်း ၎င်းတို့အချင်းချင်းစကားပြောသည့်အခါ တစ်မျိုးပြော၍ အခြားအရပ်သားများနှင့် ပြောသည့်အခါ တစ်မျိုးပြောတတ်ကြ၏။ ၎င်းတို့အချင်းချင်း စကားပြောသည့်အခါတွင် အခြား အရပ်သားများ နားမလည်နိုင်ချေ။ စန္ဒာဒေဝီမှာလည်း ဤနည်းအတူပင်ဖြစ်၍ ကျွန်တော့်အား စကားပြောနိုင်သော်လည်း ၎င်းတို့သားအဖ စကားပြောသည့်အခါတွင် ကျွန်တော်တို့ နားမလည်နိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဎင်းတို့ သားအဖ ပြောကြသော အကြောင်းအရာကို စန္ဒာဒေဝီက နောင်အခါ၌ ကျွန်တော်တို့အား ပြန်ပြောပြသဖြင့် သိရှိရသည်မှာ အဖိုးကြီးသည် ဎင်းတို့စျာန်ဝင်စားခဲ့ခြင်းကို ကျွန်တော်တို့က ဎင်း၏ အမိဋ္ဌာန်အတိုင်း နှိုးပေးပြီးပြီဖြစ်သောကြောင့် ကျွန်တော်တို့သုံးယောက်ကို သုတ်သင်ဖျောက်ဖျက်ပစ်လိုက်လိုသည်ဆိုရာ စန္ဒာဒေဝီက ခေတ္တဆိုင်းငံ့ဖို့ တောင်းပန်ထားသောကြောင့် ချမ်းသာပေးထားလိုက်ခြင်း ဖြစ်သည်ဆို၏။

အကယ်၍ ကျွန်တော်တို့ကို ဖျောက်ဖျက်လိုငြားအံ့၊ ပုရွက်ဆိတ်ကလေး သုံးကောင်ကို ကျွန်တော်တို့ ပွတ်သပ်ရန် မခဲယဉ်းသည့်နည်းတူ ထိုလူကြီးကလည်း ကျွန်တော်တို့ကို ဖျောက်ဖျက်ပစ်နိုင်ကြောင်းမှာ (ဎင်း၏အတတ်အကြောင်းကို သိရသောအခါ၌) ယုံမှားဖွယ်ရာမရှိချေ။

နောက်ဆုံး၌ အဖိုးကြီးသည် စန္ဒာဒေဝီ၏စကားကို နားဝင်သည်နှင့် ကျွန်တော်တို့ကို ခေတ္တချမ်းသာပေးထားရန် သဘောတူညီလိုက်သည်ဆို၏။ အကယ်၍ အဖိုးကြီးက အတင်းဖျောက်ဖျက်ပစ်မည်ဆိုလျှင်လည်း စန္ဒာဒေဝီက အတင်းကာကွယ်ပေးနိုင်လောက်အောင် အတတ်ပညာရှိသည်ဟူ၍ သိရှိရ၏။

နောက်ဆုံး၌ စန္ဒာဒေဝီသည် ကြင်နာဟန်ရှိသော မျက်နှာထားနှင့် ကျွန်တော့်အားကြည့်လျက် အပန်းဖြေရန်အတွက် ဎင်းတို့ထွက်ခွာသွားဦးမည်ဖြစ်ကြောင်း၊ ထိုညဉ့်ဖြစ်စေ နောက်ညဉ့်ဖြစ်စေ ပြန်လာကြဦးမည်ဖြစ်ကြောင်း၊ ထိုအတောအတွင်း၌ ကျွန်တော်တို့မှာ မဟာဒေဝ၏ စောင့်ရှောက်ခြင်းကြောင့် ဘေးခပ်သိမ်း ရန်ခပ်သိမ်းမှ လွတ်ငြိမ်းချမ်းသာခွင့်ရမည်ဖြစ်၍ ဎင်းနေရာမှ စောင့်ဆိုင်းနေရစ်ကြရမည့် အကြောင်းများနှင့် မှာထားပြီးလျှင် သားအဖနှစ်ယောက်တို့သည် လက်တွဲလျက် ဂူထဲသို့ ဝင်သွားကြလေကုန်၏။



[၈]

ထိုညနေ၌ ကျွန်တော်တို့သည် သစ်သီးများချည်းစားရသည်မှာ ငြီးငွေ့လာသည်နှင့် ကိုသာမြတ်က ထွင်၍လုပ်ထားသော အဝတ်ပိုက်ငယ်ဖြင့် ရေအိုင်မှ ငါးကလေးအနည်းငယ်ကိုဖမ်း၍ မီးတွင် ကင်စားကြပြီးနောက် ဂူဝအနီး မီးပုံနံဘေးတွင် အိပ်စက်ကြလေ၏။

အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း လူရိုင်းဘုရင်သည် ကျွန်တော်တို့ကို ကြောက်ရွံ့ရှိသေလျက်ရှိငြားသော်လည်း ပုဏ္ဏားနှင့်တူသော လူတစ်စုကမူ ကျွန်တော်တို့ကို ရန်ငြိုးဖွဲ့ထားကြ၏။ သို့ဖြစ်၍ ထိုညဉ့်တွင် ၁၀ ယောက်ခန့်မျှသော လူရိုင်းများနှင့် ပုဏ္ဏားများသည် ပိန်းကောကလေးနှစ်စင်းဖြင့် တိတ်တဆိတ်ချဉ်းကပ်၍ အိပ်ပျော်လျက်ရှိသော ကျွန်တော်တို့ သုံးယောက်အား ဖမ်းဆီးလေရာ ကျွန်တော်တို့မှာ လည်ပင်းတွင် ဓားတင်ထားသောအခါတွင်မှ အိပ်ရာမှ လန့်နိုးလာကြလေတော့၏။

ထိုနောက် ပုဏ္ဏားများသည် ကျွန်တော်တို့သုံးယောက်ကို ကြိုးများဖြင့် တုပ်နှောင်၍ နတ်စင်အနီး၌ မီးရှို့ခြင်းအားဖြင့် ယဇ်ပူဇော်ရန်အတွက် ကျွန်တော်တို့ကို လှေထဲသို့ တစ်ယောက်စီ ပွေ့ချီသွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးစွာ ကိုသာမြတ်ကိုလည်းကောင်း၊ ထို့နောက် ကိုဖူးညိုကိုလည်းကောင်း၊ နောက်ဆုံး၌ ကျွန်တော့်ကိုလည်းကောင်း လှေထဲသို့ ပစ်ထည့်ပြီးနောက် ထွက်တော့မည် ပြင်ဆင်ကြလေရာ ကျွန်တော်တို့မှာ ကြိုးဖြင့်ချီနှောင်ထားသည့်ပြင် ပါးစပ်တွင် ကိုင်းမြက်ခြောက်များဖြင့် ဆို့ပိတ်ထားသည့်အတွက်ကြောင့် အော်ဟစ်ရန်မျှပင် မတတ်နိုင်ချေ။

အကြီးအမှူးဖြစ်သော ပုဏ္ဏားက အချက်ပေးလိုက်သဖြင့် လူရိုင်းများသည် လှေကိုချည်နှောင်ထားသည့် ကြိုးများကို ဖြုတ်တော့မည်ပြုသည်နှင့်တစ်ပြိုင်နက် 'ကျွန်မ သားတွေ ဘာလုပ်တာလဲ'ဟု ပြောသံ ကြားလိုက်ရပြီးနောက် မဟာဒေဝခေါ် အဖိုးကြီးသည် ကမ်းဘေး၌ရပ်နေသည်ကို မြင်လိုက်ရလေ၏။ အဖိုးကြီးမှာ နက်ပြာရောင် ကတ္တီပါဝတ်လုံကြီးနှင့် ဦးထုပ်တို့ကိုဆောင်းလျက် အလွန်ခန့်ငြားသော ကိုယ်ဟန်အမူအရာရှိသည့်ပြင် ၎င်းမျက်နှာထားမှာလည်း တစ်ခါမြင်ရလျှင် မမေ့နိုင်လောက်အောင် တုန်လှုပ်ကြောက်ရွံ့ဖွယ်ကောင်းလှပေ၏။

အဖိုးကြီးရပ်နေသည်ကိုမြင်သည်နှင့် တပြိုင်နက် လူရိုင်းများသည် ထိုအရပ် ဤအရပ်တို့သို့ ဖရိုဖရဲ ထွက်ပြေးကြလေရာ အဖိုးကြီးက လက်ညှိုးတစ်ချောင်းကို ထောင်လိုက်သောအခါတွင်မူကား ကြိုးရှည်လှန်ထားသော နွားတိရစ္ဆာန်သည် ကြိုးဆုံးသောအခါ၌ ရုတ်တရက် တန့်ရပ်သွားခြင်းကဲ့သို့ ချက်ချင်းပင် တန့်ရပ်သွားကြလေ၏။

၎င်းနောက် အဖိုးကြီးက လက်ယက်၍ခေါ်သည်နှင့် အနီးသို့ ချဉ်းကပ်လာကြပြီးလျှင် မျက်လုံးကလေးများ ပုတ်ခတ်ပုတ်ခတ်နှင့် ချွေးများယိုစီးကာ ရပ်ကြည့်နေကြလေ၏။ ၎င်းနောက် မဟာဒေဝက လူရိုင်းတို့ဘာသာစကားဖြင့် ...

'ဟိုတုန်းက ယုတ်မာသလို ယခုတိုင် ယုတ်မာကြသေးသလား ဟဲ့ ဟင်၊ ငါအရိပ်ကိုခိုနေတဲ့ ငါ့ညေ့သည်တွေကို စော်စော်ကားကား





ချည်လား တုပ်လားနဲ့ ဟင်၊ ဟဲ့ ဟိုအကောင်လာခဲ့စမ်း'

အဖိုးကြီးသည် အကြီးအကဲလုပ်သူ ပုဏ္ဏားအား လက်ညှိုးကလေးတစ်ချောင်းဖြင့် ယပ်ခေါ်လိုက်ရာ ပုဏ္ဏားသည် သော့ပေးထားသော စက်ရုပ်ကလေးကဲ့သို့ ခုန်၍ခုန်၍တိုးလာလေ၏။ ထိုသူ၏ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများနှင့် ချွေးစီးကြောင်းများကို မြင်ရခြင်းအားဖြင့် အလွန်အမင်း အပြင်းအထန် တုန်လှုပ်လျက်ရှိကြောင်း သိနိုင်ပေ၏။ ရှေ့မှောက်သို့ရောက်၍ တုန်လျက်ရပ်နေစဉ်...

'ငါဘယ်သူလဲ နင်သိလား'

'မဟာဒေဝပါ'

'ဒီလိုတော့ သိသေးရဲ့ကိုး၊ ကြည့်စမ်း ငါ့မျက်လုံးကို'

ထိုသူလည်း ပေါက်ကွဲထွက်မတတ်ပြူးနေသော မျက်လုံးများဖြင့် စိုက်ကြည့်နေလေ၏။

'မဟာဒေဝရဲ့ကျိန်စာ နင်ကိုသင့်စေသား၊ သွားလေရော့ဟယ်'

စကားဆုံးသည်နှင့် တပြိုင်နက် ပုဏ္ဏားသည် အထက် ကောင်းကင်သို့ လွှင့်ပစ်လိုက်ဘိသကဲ့သို့ ငါးတောင်ခန့်မျှ မတ်တတ်ကြီး မြောက်တက်သွားပြီးနောက် မြေပေါ်သို့ ဘိုင်းကနဲပြန်ကျလာပြီးလျှင် အလွန်ပူလှသည့် လက္ခဏာနှင့် လူးလှိမ့်လျက်ရှိလေ၏။

ထို့နောက် ရုတ်တရက် လူးလှိမ့်ကာ ထ၍ပြေးသွားမည်အပြုတွင် မြေပေါ်တွင်ဂျွမ်းပြန်ကာ ထိုးလိမ့်သွားပြန်လေ၏။ ထိုအတောအတွင်း၌ ပါးစပ်မှ အမြှုပ်တစီစီထွက်လျက် ကြောက်မက်ဖွယ်ရာ မြည်အော်ပြီးလျှင် လက်မောင်းမှအသားများကို အတုံးလိုက် အတစ်လိုက် ပြုတ်ထွက်လာသည့်တိုင်အောင် ကိုက်ဖဲ့ဆွဲခါလျက်ရှိလေ၏။ မြေပေါ်တွင် လူးလှိမ့်နေရာမှ နောက်တစ်ကြိမ် ထမည်အပြုတွင် နဖူးကို ကျောက်ပြင်နှင့် ပြင်းထန်စွာ သုံးလေးချက်မျှ ဆောင့်ခါဆောင့်ခါ ဆောင့်လိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ပုဏ္ဏားသည် မြေပေါ်တွင် လေးဖက်ထောက်ကာ ကျောက်ပြင်ကို နဖူးနှင့်ဆောင့်တိုက်ပြီးနောက် ရင်ဘတ်ကို လက်ဖြင့် နှိပ်ကာ အသက်ရှူကြပ်လှသော အမူအရာနှင့် တခွိခွိအော်မြည်ရင်း တဖြည်းဖြည်း မတ်တတ်ရပ်လိုက်ပြန်ရာ တစ်ဝက်မျှ မထရသေးမီ အွတ်ခနဲမြည်၍ ထိုးလဲသွားပြီးနောက် ငြိမ်သက်စွာ ရှိနေတော့၏။ ပုဏ္ဏားကား အသက်ကုန်ခဲ့လေပြီ။

ထိုခဏ၌ ခေါင်းဆောင်သော ပုဏ္ဏားကို ရပ်လျက်ကြည့်နေကြသော လူရိုင်းများအနက် လေးငါးယောက်တို့သည် ရုတ်တရက် ရူးသွပ်သော ဝေဒနာ စွဲကပ်ဟန်နှင့် မိမိတို့၌ကိုင်စွဲထားသော တုတ်၊ ဓားစသော လက်နက်များဖြင့် တစ်ယောက်ကိုတစ်ယောက် ထိုးခုတ်ကြရာ ၎င်းတို့၏ ပါးစပ်မှ အမြှုပ်များ တစီစီထွက်လျက် မျက်လုံးများမှာလည်း ပေါက်ကွဲတော့မလို့ ပြူးထွက်နေကြလေတော့၏။

ထူးဆန်းသော အခြင်းအရာ တစ်ခုမှာ တစ်ယောက်သည် တစ်ယောက်အား ဓားနှင့်ခုတ် တုတ်နှင့်ရိုက်နှက်သော်လည်း နာကျင်ဟန် လက္ခဏာ မရှိကြချေ။ လူရိုင်းတစ်ယောက်သည် အခြား တစ်ယောက်၏ လည်ပင်းကို ဓားနှင့်ခုတ်ပိုင်းလိုက်သဖြင့် ဦးခေါင်း တွဲရရွဲကျနေသည့်တိုင်အောင် ပြတ်သွားသော်လည်း ထိုသူသည် တွဲရရွဲကျနေသော ဦးခေါင်းကို လက်နှင့်မ,လျက် တိုက်ခိုက်မြဲတိုင်း တိုက်ခိုက်နေသေး၏။

နောက်ဆုံးတွင် မဟာဒေဝက မြေကြီးကို ခြေနှင့်ဆောင့်လိုက်သည့်တွင်မှ လူရိုင်းများသည် ကြောက်မက်ဖွယ်သော အသံဆိုးများဖြင့် တပြိုင်နက်တည်း ဟစ်အော်ကြလျက် ရေအိုင်ထဲသို့ ဆင်းချလိုက်ကြရာ ကျောက်ခဲများပစ်ချလိုက်သည့် အလားကဲ့သို့ စုပ်စုပ်မြုပ်သွားကြလေတော့၏။ ထိုအခါ၌ကား လူရိုင်းသုံးယောက်သာ ကျန်တော့သည်ဖြစ်၍ ၎င်းတို့သည် မဟာဒေဝ၏ မျက်နှာကို မျက်တောင်မခတ်ဘဲ





ငေးကြည့်နေကြလေ၏။ ထိုအခါ မဟာဒေဝက (လှေသို့ လက်ညှိုးညွှန်လျက်) 'ဧည့်သည်တွေကို ကြိုးဖြေပေးလိုက်' ဟု အမိန့်ပေးသည်နှင့် လူရိုင်းများလည်း ကျွန်တော်တို့ကို အနှောင်အဖွဲ့မှ လွှတ်ပေးသဖြင့် ကျွန်တော်တို့သည် လှေပေါ်မှရပ်ကြည့်နေကြ၏။ ထို့နောက် ...

'ငါ့ဩဇာကို မနာခံလျှင် ဒင်းတို့နောက်ကို နင်တို့လိုက်ရမယ် မြင်ရဲ့လား၊ ငါ့ဧည့်သည်များအဖို့ နေ့တိုင်း စားစရာယူခဲ့ကြ၊ ကိုင်း သွားကြတော့'

လူရိုင်းများသည် ဆုတ်ဆိုင်းခြင်းမရှိဘဲ လှေတစ်စင်းသို့ ဆင်းပြေးကြ၍ လှော်ခတ်သွားကြရာ မကြာမီ ပျောက်ကွယ်သွားကြလေ၏။

မဟာဒေဝခေါ် အဖိုးကြီးမှာ ကျွန်တော်တို့ကို အလျဉ်း အသိအမှတ်မပြုတော့ဘဲ ကောင်းကင်ထက်တွင် အစုံအညီ ထွက်ပေါ်လျက် ရှိကြသော ကြယ်တာရာများကို စိုက်ငေးကြည့်ရှု နေလေရကား ကျွန်တော်တို့သည် စန္ဒာဒေဝီရှိရာသို့ ချဉ်းကပ်သွားကြလေ၏။ ၎င်း မိန်းမမှာ ယခင်ကထက် အားအင်ပြည့်ဖြိုးလာသည့် လက္ခဏာ ရှိသည့်ပြင် ၎င်း၏ပါးပြင်တို့မှာလည်း ပြည့်ဖောင်းလာသည့်အတွက်ကြောင့် တိုး၍ လှပလာပြန်သေးသည်ဟု ကျွန်တော်မှတ်ထင်မိ၏။

သို့သော် ကျွန်တော်နားမလည်နိုင်သော အချက်တစ်ခုမှာ ၎င်း၏ တစ်ကိုယ်လုံးသည် အရေဖျားအောက်တွင် ရွှေမှုန့်ဖြင့်လိမ်းကျံထားသကဲ့သို့ တလက်လက် တဖိတ်ဖိတ်တောက်ပြောင်လာသည်ကို တွေ့ရသဖြင့် လူသားစင်စစ်မှ ဟုတ်ပါလေ၏လော၊ ဥစ္စာစောင့်များက လူယောင်ဆောင်၍ လှည့်ဖြားခြင်းပင် ဖြစ်နိုင်လေသလော စသည်ဖြင့် တွေးတောမိသေး၏။

ဝီ။ 'အရိုင်းအစိုင်းတွေ သွားကုန်ပြီလား'

ကျွန်တော်။ 'တချို့သွားလို့ တချို့သေကုန်ကြပါပြီ'

ဝီ။ 'တယ်မိုက်တဲ့ဟာတွေ၊ ကျွန်ုပ်ကမြင်လေတော့ ဖခင်ကြီးကို

www.burmeseclassic.com



ပြောပြလိုက်လို့ပေါ့၊ နို့မို့ဖြင့် သင်တို့ သေကုန်ကြပြီ'

မြတ်။ 'ဂူထဲနေပြီး ကျွန်ုပ်တို့ရှိရာကို မြင်နိုင်သလား'

ဝီ။ 'မြင်တယ်ဆိုတာ သာမန်မျက်လုံးတစ်ခုတည်း မြင်နိုင်တာ မဟုတ်ဘူး၊ ဒို့ပြင် မြင်နိုင်တဲ့ဟာ ရှိသေးတယ်'

မြတ်။ 'ဒိဗ္ဗစက္ခု ဆိုချင်တာများလားကရို့' ဟု ကျွန်တော့်အား တီးတိုးပြောလိုက်ရာ ကျွန်တော်က နှုတ်ပိတ်ထားလိုက်ရ၏။

ကျွန်တော်။ 'စန္ဒာဒေဝီတို့သားအဖ ခေါင်းထဲမှာ အိပ်နေတာ ဘယ်လောက်ကြာပြီလဲ'

ဝီ။ 'အိပ်ဆိုတဲ့စကားမမှန်ဘူး၊ ညတိုင်း နေဝင်ချိန်မှာ အိပ်ရာထဲ ဝင်ပြီး မျက်စိမှိတ်နေတာကို အိပ်တယ်လို့ခေါ်တယ်၊ ကျွန်ုပ်တို့ နေခြင်းက ဈာန်ဝင်စားတယ်လို့ခေါ်တယ်'

ကျွန်တော်။ 'ယခုလို ဈာန်ဝင်စားနေကြတာ ဘယ်လောက်ကြာပြီ လဲ'

ဝီ။ 'အချိန်ကို သင်တို့နားလည်အောင် ကျွန်ုပ်ဘယ့်နှယ်ပြော တတ်မလဲ'

ကျွန်တော်။ 'ဒါဖြင့် ဘယ်လက်ထက်က ဘယ်လိုရည်ရွယ်ချက် နဲ့ ဈာန်ဝင်စားခဲ့ကြပါသလဲ'

ဝီ။ 'ကဿပဆိုတဲ့ဘုရား ပွင့်တော်မူပြီးတဲ့နောက် မကြာမီအတွင်း မှာ သူ့သာသနာကွယ်သွားတယ်၊ ထိုအခါမှာ ကျွန်ုပ်ရဲ့ဖခင်က ဈာန်တရားများကို အားထုတ်လို့ရလေတော့ နောက်ပွင့်မည့် ဂေါတမ မြတ်စွာဘုရားလက်ထက်တော်မှာ ကျွန်ုပ်တို့ကို နှိုးမည့်လူ ပေါ်ပေါက် ပါစေသားလို့ အဓိဋ္ဌာန်ပြုပြီး မှန်ခေါင်းထဲမှာ ကျွန်ုပ်ကို ရှေးဦးစွာ ဈာန်စိတ်သွင်း၊ ထို့နောက် သူကိုယ်တိုင် ခေါင်းထဲဝင် ဈာန်ဝင်စားပြီး ကျွန်ုပ်တို့စောင့်ခဲ့ကြတယ်၊ ယခု ဂေါတမဘုရား ပွင့်လုပြီလား'





ထိုအခါ ကျွန်တော်တို့မှာ ကဲလွန်းအားကြီးသည်ထင်၍ မယုံကြည် နိုင်ကြသည်တစ်ကြောင်း၊ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသွား ပြီးသည်ကို အပြောရခက်သည် တစ်ကြောင်းကြောင့် ရုတ်တရက် ပြန်မပြောဘဲ ငေးကြည့်နေကြလေ၏။

ဝီ။ 'သင်တို့က မယုံကြဘူးမှတ်တယ်'

ကျွန်တော်။ 'မယုံကြည်လို့မဟုတ်ပါ၊ နိုးလာဖို့ အချိန်ကာလ အပိုင်းအခြားကို သတ်မှတ်ဖို့ ခဲယဉ်းလွန်းလို့ စဉ်းစားနေပါတယ်'

ဝီ။ 'အချိန်သတ်မှတ်ဖို့မှာ ကျွန်ုပ်ဖခင်အဖို့ မခဲယဉ်းပါ၊ ကြယ် တာရာများကို ကြည့်ပြီး မည်သည့်ကြယ် မည်သည့်နေရာ ရောက်သော အခါ နှိုးမည့်လူသား ပေါ်လာပါစေလို့ အဓိဋ္ဌာန်ပြုလျှင်ဖြစ်နိုင်ပါတယ်'

ညို။ 'ဒါဖြင့် သင့်ဖခင် အတွက်လွဲချေပြီ၊ ဂေါတမဘုရားပွင့်သွား ပြီ' ဟု တုံးတိတိ ဝင်၍ပြောလိုက်၏။

ဝီ။ (အလွန်အံ့သြသော မျက်နှာထားနှင့်) 'ဟုတ်သလား မောင်တင်လှိုင်'

ကျွန်တော်။ 'မှန်ပါသည်၊ နှစ်ပေါင်း ၂၀၀၀ ကျော်သွားပါပြီ'

ဝီ။ 'အို ဖြစ်ရလေ၊ သို့သော် ဒီအကြောင်း ဖခင်ကြီးကို သင်တို့ မပြောကြလေနဲ့၊ ကျွန်ုပ်ကိုယ်တိုင် ပြောမှဖြစ်မယ်'

မြတ်။ 'ဈာန်ဝင်စားနေတဲ့ နှစ်ပေါင်း သိန်းသန်းကုဋေအတွင်းမှာ သင်တို့စိတ်ဟာ ဘယ်ဆီရောက်နေပါသလဲ'

ဝီ။ 'ဒါကတော့ ဖခင်ကြီးကမှပြောနိုင်မယ်၊ ကျွန်ုပ်အထင်တော့ ဟိုဘုံ ဒီဘုံမှာ ဟိုဘဝ ဒီဘဝ ဖြစ်တဲ့အခါမှာလည်း ဖြစ်ဖူးသေးတယ် ထင်ပါရဲ့၊ ဒါထက် အသညသတ်ဆိုတဲ့ ဘုံအကြောင်းကို သင်တို့ ကြားဖူးတယ် မဟုတ်လား'

မြတ်။ 'ရုပ်ချည်းတည်နေပြီး နာမ်ဝိညာဉ်ကင်းနေတဲ့ဘုံဟာ ... ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဝီ။ 'အစစ်ပေါ့၊ စင်စစ်မှာတော့ ကျွန်ုပ်တို့စျာန်ဝင်စားနေခဲ့တဲ့ အဖြစ်ဟာ အဲဟိုဘုံသားများလို ခပ်ဆင်ဆင်တူလိမ့်မယ်မှတ်တယ်၊ သို့သော် ဒီဟာတွေကို ဖခင်ကြီးမှ သိလိမ့်မယ်မှတ်တယ်'

ထိုခဏ၌ မဟာဒေဝသည် စန္ဒာဒေဝီကို ခေါ်လိုက်သည်နှင့် ကျွန်တော်တို့အားလုံးသည် အဖိုးကြီးထံသို့လာခဲ့ကြရာ အဖိုးကြီးသည် ကြယ်တာရာများကို ငေးမောကြည့်ရှုနေရာမှ ကြေးပုရပိုက်တစ်ခုကို ထုတ်၍ နှိုင်းယှဉ်ကြည့်ရှုနေလေ၏။ ပုရပိုက်ထဲတွင်ကား ကြယ်တာရာများ၏ ပုံသဏ္ဍာန်အမှတ်အသားများ ပါရှိလေရာ အဖိုးကြီးသည် ၎င်းတို့ကို ကြည့်ရှုပြီးနောက် ဦးခေါင်းကိုရမ်းလျက် 'ငါတို့နောက်ကျသွားပြီးဟေ့ သမီးရေ'ဟု ဝမ်းနည်းသံနှင့်ပြောလိုက်လေ၏။ ထို့နောက် မဟာဒေဝက ဆက်လက်၍ 'ငါတို့စျာန်ဝင်စားတဲ့ ရက်ပေါင်းက နှစ်ပေါင်း ၆၃,၀၀၀,၀၀၀ ရှိသွားပြီ။ ဂေါတမဘုရားပွင့်မှာက နှစ်ပေါင်း ၆၂,၉၉၇,၄၇၀ ဆိုတော့ ဘုရား ပွင့်ပြီးတာ နှစ်ပေါင်း ၂၅၃၀ ကျော်သွားပြီ'

မြတ်။ 'ပရိနိဗ္ဗာန်ပြုပြီးတာ နှစ်ပေါင်း ၂၅၀၀ မပြည့်သေးပါ'

ဒေဝ။ 'ဘုရားပွင့်ပြီးတာပြောနေတယ် လူမိုက်ရဲ့၊ ပရိနိဗ္ဗာန်ပြုတာ ပြောတယ် မဟုတ်ဘူး'

ဘုရားပွင့်တော်မူသော ခုနှစ်သက္ကရာဇ်နှင့် ပရိနိဗ္ဗာန်ပြုသော ခုနှစ်သက္ကရာဇ်တို့မှာ (ဝါတော်) ၄၅ နှစ်ကွာခြားရမည်ကို ကိုသာမြတ် ရိပ်မိသည်နှင့် အလွယ်တကူ မိမိမှားကြောင်း ဝန်ခံလိုက်ရလေ၏။ ကျွန်တော်မှာမူ နှစ်ပေါင်း ခြောက်ကုဋေကျော်ကာလက သားအဖ နှစ်ယောက်တို့နှင့် ယခု တွေ့ဆုံနေရသောအဖြစ်ကို အံ့သြ၍ မဆုံးနိုင်အောင် ဖြစ်နေသည်နှင့် မည်သို့မျှမပြောနိုင်ဘဲ ငေးမော့ကာသာလျှင် ကြည့်နေရလေတော့၏။





ထို့နောက် သားအဖနှစ်ယောက်တို့သည် နောက်များမှ ဆက်လက်စကားပြောကြဦးမည်ဟုပြော၍ ဂူထဲသို့ဝင်သွားကြလေရာ ကျွန်တော်တို့မှာ ကြားလိုက်ရသော အဆန်းအပြားများကို ဦးခေါင်းထဲ၌ 'အစာကျေအောင်' မတတ်နိုင်သေးသည်နှင့် တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်ကာ ကျန်နေရစ်ခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[၉]

ထိုအချိန်၌ကား အရုဏ်တက်ပြီဖြစ်၍ ကျွန်တော်တို့သည် ပြန်လည် အိပ်စက်ခြင်း မပြုတော့ဘဲ ကျောက်စားပွဲကြီးပေါ်တွင် ထိုင်လျက် ဆွေးနွေး တိုင်ပင်နေကြလေ၏။ မဟာဒေဝ၏စကားအရ ၎င်းတို့ သားအဖနှစ်ယောက်သည် ကဿပမြတ်စွာဘုရား ပွင့်တော်မူပြီးသည့် နောက်များမကြာမီအတွင်း လူဖြစ်ကြသူများဖြစ်၍ လောကီဈာန် အဘိညာဏ်နည်းဖြင့် နှစ်ပေါင်းများစွာ နာမ်ဝိညာဉ်ကို ရုပ်တန့်ထားကြသည် ဆို၏။

ကျွန်တော်မှာ ဗုဒ္ဓဘာသာ ကျမ်းဂန်များကို အတော်အတန် လေ့လာလိုက်စားဖူးသဖြင့် ဈာန်ရသော ပုဂ္ဂိုလ်များသည် သမာပတ် ဝင်စားနိုင်သည်ဟု တွေ့ရဖူးသော်လည်း ထိုမျှလောက် နှစ်ပရိစ္ဆေဒ ကြာရှည်စွာ ဇီဝိတိန္ဒြေကို ဟန့်တားနိုင်သည်ဟု မကြားရဘူးချေ။ အချို့ ဈာနလာဘီပုဂ္ဂိုလ်များ ဝင်စားနည်းမှာ ခုနစ်ရက်စေ့ ကုန်သောအခါ၌ ဖြစ်စေ၊ မြတ်စွာဘုရားသခင် ခေါ်တော်မူသည်ဖြစ်စေ နိုးပါစေသားဟု အဓိဋ္ဌာန်ပြု၍ ဈာန်သမာပတ်ဝင်စားကြသည်ဟု ကြားရဖူး၏။ ရဟန်း တစ်ပါးမှာ သမာပတ်ဝင်စားနေခိုက်တွင် တောမီးလောင်လာသဖြင့် မီးထဲသို့ပါသွားသော်လည်း ၎င်းရဟန်း၏ကိုယ်ခန္ဓာကို မဆိုထားဘိ၊ သင်္ကန်းကိုမျှ မီးမလောင်ကျွမ်းနိုင်ကြောင်း ကြားရဖူး၏။





ဤနေရာ၌ စိတ်ကိုနိုင်နင်းသော ဈာနလာဘီ ပုဂ္ဂိုလ်များသည် ရုပ်တရားအပေါ်၌ ပြုချင်တိုင်းပြုနိုင်မတတ် အောင်မြင်နိုင်နင်းကြောင်း ထင်ရှား၏။ သို့သော် ထိုသို့သောပုဂ္ဂိုလ်များမှာ ခုနစ်ရက်မျှသာ အဓိဋ္ဌာန် ပြုတတ်ကြသည်ဟု ကြားရဖူး၏။ စင်စစ်သော်ကား ခုနစ်ရက် ခုနစ်လ ခုနစ်နှစ် စသော အချိန်ကာလ အပိုင်းအခြားတို့မှာ ပရမတ်တရား မဟုတ်၊ ပညတ်တရားမျှသာ ဖြစ်သောကြောင့် အဘိဓမ္မာနည်းအားဖြင့် ခုနစ်ရက်တတ်နိုင်သော ကိစ္စတခုကို နှစ်ပေါင်း ခုနစ်ကုဋေအတွက် မတတ်နိုင်ဟူ၍ ငြင်းဆိုရန် ခဲယဉ်းပေလိမ့်မည်။

သို့သော် မည်သို့သောရည်ရွယ်ချက်ဖြင့် ထိုမျှလောက်ကြာအောင် ဇီဝိန်ကို အောင့်ထားသည်ဟု အသေအချာ မသိရသေးသောကြောင့် ထိုကိစ္စကို တန်းလန်းပင် ချန်ထားလိုက်ကြ၏။

၉ နာရီအချိန်လောက်တွင် လူရိုင်းဘုရင်သည် သစ်သီးသစ်ဖုနှင့် အမဲသားငါးစသော စားစရာများကို လှေဖြင့်တင်ဆောင်လျက် ကျောက် စားပွဲကြီးသို့ ဆိုက်ကပ်လာလေရာ လူရိုင်းဘုရင်သည် ယမန်ညဉ့်က ပုဏ္ဏားများပြုခဲ့သောအမှုနှင့် ပတ်သက်၍ မိမိတစ်စုံတရာမျှ မသိရ ကြောင်းပြောပြကာ ကျွန်တော်တို့အား တောင်းပန်ပြီးလျှင် ချက်ချင်းပင် ထွက်ခွာသွားလေ၏။ လူရိုင်းဘုရင်သည် အလွန်ထိတ်လန့် တုန်လှုပ် နေဟန် လက္ခဏာရှိကြောင့် မိမိတို့ ကိုးကွယ်ပသလာခဲ့သော မဟာဒေဝ သည် မည်သည့်နည်းဖြင့် 'အရှင်လတ်လတ် ပေါ်ပေါက်လာသည့် အကြောင်းကိုမျှ မေးမြန်းစုံစမ်းခြင်း မပြုတော့ဘဲ ချက်ချင်းလှည့်၍ ပြန်သွားလေတော့၏။

ကျွန်တော်တို့သည် ရိက္ခာများကို ကျောက်စားပွဲကြီးပေါ်မှ ဂူထဲသို့ ပြောင်းရွှေ့သယ်ယူလျက်ရှိကြစဉ် မဟာဒေဝနှင့် စန္ဒာဒေဝီတို့သည် ဂူကြီးထဲမှ ထွက်ပေါ်လာကြလေ၏။ ကျွန်တော်တို့ ခင်းပေးသော ထိုင်ခုံ များပေါ်တွင် ထိုင်ကြပြီးနောက် မဟာဒေဝက ကျွန်တော်မည်သည့်

www.burmeseclassic.com



တိုင်းပြည်မှ မည်သို့သော အကြံအစည်နှင့် လာရောက်ကြခြင်း ဖြစ်ကြောင်း မေးမြန်းလေရာ ကျွန်တော်က မြန်မာပြည်ခေါ်သော တိုင်းပြည်မှ ကမ္ဘာကို လှည့်လည်ကြည့်ရှုရန် လေယာဉ်ပျံနှင့် ထွက်လာခဲ့ကြကြောင်းကို ပြောပြ၏။ ကျွန်တော်၏စိတ်ထဲ၌ မအုန်းကြည်အကြောင်းကို ပြောပြရန် မသင့်လျော်ဟု ရုတ်တရက် ဆုံးဖြတ်ပြီး ချန်လှပ်ထားလိုက်ခြင်း ဖြစ်ပေ၏။

မဟာဒေဝသည် လေယာဉ်ပျံဆိုသော စကားကိုကြားရသောအခါ 'ဒီခေတ်က လူများလည်း လေယာဉ်ပျံလုပ်တတ်သေးသကိုး' ဟု ပြော၍ ကျွန်တော်တို့စီးနင်းလာသော လေယာဉ်ပျံကို တစ်နေ့နေ့၌ ကြည့်ရဦးမည်ဟု ပြောသေး၏။ ထို့နောက် ...

ကျွန်တော်။ 'သင်တို့ ရှာန်ဝင်စားပြီး ဇီဝိတ်ခြွေကို တားထားခြင်းဟာ ဘယ်လိုရည်ရွယ်ချက်ရှိလို့ပါလဲ'

ဒေဝ။ 'ကျွန်ုပ်ကား တိုင်းကြီး ၁၆ တိုင်းကို အစိုးရတဲ့ မင်းကောရဗ်ဖြစ်တယ်။ ထိုအခါမှာ စကြာမင်းတစ်ပါး ပေါ်ပေါက်လာလေတော့ ကျွန်ုပ်အား အခွန်ဘဏ္ဍာများ ဆက်သဖို့ တောင်းခံတယ်။ ကျွန်ုပ်က မာနအလျောက် ခုခံမည်လုပ်တဲ့အခါမှာ ကျွန်ုပ်၏ တိုင်းသူပြည်သားများက စကြာမင်းဘက်ကို ပါသွားကုန်ကြတယ်'

'စကြာမင်းက ကျွန်ုပ်၏သမီးတော် စန္ဒာဒေဝီ မင်းသမီးကို သူ့အား ဆက်သရမည်လို့ အမိန့်ပေးတယ်။ ထိုအခါမှာ ကျွန်ုပ်က သမီးတော်ကို လက်ဆွဲပြီး နန်းတော်မှထွက်လာခဲ့ပြီးတဲ့နောက် ဤဂူကြီးထဲမှာ လောကီရှာန်တရားများကို ရသေ့အသွင်ဝတ်ပြီး အားထုတ်ခဲ့တယ်။ နောက်ဆုံးမှာ ရှာန်လည်းပေါက်၊ ကမ္ဘာလောကကြီး၏ လျှို့ဝှက်နက်နဲသော အတတ်ပညာများကို လက်ဆုပ်လက်ကိုင်တတ်မြောက်လေတော့ တိုင်းကြီး ၁၆ တိုင်းနှင့်တကွ စကြာမင်းကိုပါ ကျွန်ုပ်၏အတတ်ဖြင့် ဖျက်ဆီးပစ်လိုက်တယ်'





'ထို့နောက်မှ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူတဲ့အခါမှာ လောကုတ္တရာတရားတော်ကို ကြားနာစိမ့်သောငှါ ကျွန်ုပ်အားနှိုးပေးမည့်လူ ပေါ်လာစေသားလို့ အဓိဋ္ဌာန်ပြုပြီး သမီးတော်ကို မှန်ခေါင်းမှာသွင်း၊ ကျွန်ုပ်၏ရှာန်တန်ခိုးဖြင့် ဝိညာဉ်ကိုခွာ၊ ထို့နောက် ကျွန်ုပ်ကိုယ်တိုင် မှန်ခေါင်းမှာဝင်ပြီး ရှာန်တန်ခိုးနဲ့ ကျွန်ုပ်ဝိညာဉ်ကို ကျွန်ုပ်ခွာပြီး စောင့်လာခဲ့တယ်'

ကိုသာမြတ်။ 'မှန်ခေါင်းတွေက ဘယ်ကရလဲ'

ဒေဝ။ 'တောမထွက်မီ ဘုရင်အဖြစ်နှင့် ရှိစဉ်ကတည်းက ၎င်းစိတ်ကူးမျိုး ပေါ်ပေါက်ဖူးလေတော့ မှန်ခေါင်းများလုပ်ပြီး ဝှက်ထားဖူးတယ်'

ကျွန်တော်။ 'တိုင်းကြီး ၁၆ တိုင်းကို ဘယ်ပုံဘယ်နည်း ဖျက်ဆီးပါသလဲ'

ဒေဝ။ 'ဒီပထဝီမြေကြီးဟာ အလုံးလား အပြားလား'

ကျွန်တော်။ 'အလုံးလို့ ပြောကြပါတယ်'

ဒေဝ။ 'ပြောကြတယ်မလုပ်နဲ့ အလုံးမှန်တယ်၊ အလုံးဖြစ်တဲ့အလျောက် လှည့်လည်မှုအတွက် ချိန်သီးစက်ကြီးများနှင့်တကွ တည်ရှိတယ်၊ ၎င်းချိန်သီးရဲ့အသုံးကို နားလည်တဲ့လူက နည်းနည်းကလေး၊ လမ်းလွဲပေးလိုက်လို့ရှိလျှင် ကမ္ဘာလုံးကြီးဟာ တိမ်းစောင်းသွားပြီး မြေကြီးရှိတဲ့နေရာကို သမုဒ္ဒရာအောက်က မြေကြီးက ကုန်းတလှည့် ပေါ်ရပြန်တယ်၊ ၎င်းနည်းအတိုင်း တိုင်းကြီး၁၆တိုင်းကို ရေလွှမ်းစေပြီး ကျွန်းအသစ်ပေါ်အောင် ကျွန်ုပ်ပြုခဲ့လို့မို့ ကျွန်ုပ်ကို တော်လှန်တဲ့ တိုင်းသူပြည်သားတွေ စုပ်စုပ်မြုပ်ကုန်ခဲ့ဖူးပါပြီကောလား'

ထိုအခါ ကျွန်တော်တို့သည် ယုံထိုက် မယုံထိုက်ကို စဉ်းစားဖို့ သတိမရနိုင်အောင် ကြီးကျယ်လွန်းလှသည်ဖြစ်၍ တစ်ယောက်၏ မျက်နှာကို တစ်ယောက်ငေးကြည့်နေကြရလေ၏။ ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



ဒေဝ။ 'သင်တို့ ဘာကိုးကွယ်သလဲ'

ကျွန်တော်။ 'ကျွန်ုပ်တို့ ဂေါတမဘုရား ကိုးကွယ်ပါတယ်'

ဒေဝ။ 'သူ့တရားထဲက အရေးကြီးဆုံးပြောကြစမ်း'

ကိုဖူးညို။ 'လက္ခဏာရေးသုံးပါးဟာ အရေးအကြီးဆုံးပါ၊ အနိစ္စ ဒုက္ခ အနတ္တပါတဲ့'

ဒေဝ။ 'အနိစ္စဆိုတာ မမြဲဘူးတဲ့၊ ဒုက္ခဆိုတာ ဆင်းရဲတယ်တဲ့၊ ကျွန်ုပ်သိတယ်၊ အနတ္တဆိုတာဘာလဲ'

ညို။ 'အနတ္တဆိုတာ [illegible]တဲ့၊ အတ္တမဟုတ်၊ ကိုယ်မဟုတ်၊ မိမိမဟုတ်၊ ငါမဟုတ်ဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်'

ဒေဝ။ 'အင်း၊ ဒီစကား တော်တော်ဆန်းတယ်၊ ကျွန်ုပ်မကြားဖူးဘူး၊ ငါမဟုတ်ဘူးတဲ့ဆိုတယ်၊ ငါမဟုတ်လျှင် သူလား၊ ဘယ်သူလဲ'

ညို။ 'ဘယ်သူမှ မဟုတ်ဘူးလို့ အဓိပ္ပါယ်ရှိပါတယ်'

ဒေဝ 'တယ်ဆန်းတဲ့စကားဘဲ ကျွန်ုပ် ဖြည်းဖြည်းစဉ်းစားရဦးမယ်၊ ကိုင်း ဒါထက် သင်တို့ဘာမေးချင်သလဲ'

ညို။ 'ကမ္ဘာကိုဖျက်ဆီးနိုင်တယ်ဆိုတာ တဆိတ်မလွန်ဘူးလား'

ဒေဝ။ (ပဌမအကြိမ် ပြုံးရယ်လျက်) 'သြော် ပညာနည်းတဲ့ လူမိုက် လူမိုက်၊ စကြဝဠာမှာ ဘုံပေါင်းဘယ်နှစ်ဘုံရှိသလဲ'

ညို။ '၃၁ ဘုံရှိတယ် ဆိုပါတယ်'

ဒေဝ။ ' အထက်ဘုံက ဖြဟ္မာကြီးတွေဟာ ဒီလိုမြေကြီးမျိုးကို ဖန်ဆင်းနိုင်တယ်၊ ဖျက်ဆီးနိုင်တယ်ဆိုတာ ကြားဖူးသလား'

ညို။ 'ကျမ်းဂန်ထဲမှာတော့ တွေ့ဖူးပါတယ်'

ဒေဝ။ 'သူတို့ဖျက်ဆီးတယ်ဆိုတာ ဘာနဲ့ဖျက်ဆီးသလဲ'

ညို။ 'တန်ခိုးနဲ့ ဖျက်ဆီးပါတယ်'

ဒေဝ။ 'တန်ခိုးဆိုတာ ဘယ်မှာတည်သလဲ၊ ရုပ်မှာတည်သလား၊ နာမ်မှာတည်သလား'





ညို။ 'နာမ်ခေါ်တဲ့စိတ်မှာ တည်ပါတယ်'

ဒေဝ။ 'ဒါဖြင့် စိတ်နဲ့ဖျက်ဆီးတာပေါ့၊ တန်ခိုးကြီးသောစိတ်သည် လောကကိုတည်နိုင်တယ်၊ ဖျက်ဆီးနိုင်တယ် ဟုတ်စ'

ညို။ 'မှန်ပါတယ်'

ဒေဝ။ 'စိတ်ကို တန်ခိုးကြီးအောင်၊ ခွန်အားကြီးအောင် လေ့ကျင့်ထားသောပုဂ္ဂိုလ်သည် လောက၌ ဘာမဆိုပြုလုပ်နိုင်တယ်ဟုတ်စ'

ညို။ 'မှန်ပါတယ်'

ဒေဝ။ 'ပုဂ္ဂိုလ်တစ်ဦးမှာ စိတ် ဘယ်နှစ်ခုရှိသလဲ'

ညို။ 'တစ်ခုစီ ရှိပါတယ်'

ဒေဝ။ 'ဒါဖြင့် ခွန်အားကြီးတဲ့ပုဂ္ဂိုလ်မှာ စိတ် နှစ်ခုမရှိဘူးပေါ့'

ညို။ 'မရှိပါ၊ တစ်ခုတည်းပါ'

ဒေဝ။ 'ဒီလိုဆိုလျှင် စိတ်တစ်ခုစီရှိသော သင်ဖြစ်စေ၊ ကျွန်ုပ်ဖြစ်စေ တန်ခိုးကြီးအောင် လေ့ကျင့်နိုင်တယ်ပေါ့'

ညို။ 'မှန်ပါတယ်'

ဒေဝ။ 'စိတ်တစ်ခုရှိသော ဗြဟ္မာသည် လောကကို ဖျက်ဆီးနိုင်ခဲ့လျှင် စိတ်တစ်ခုရှိသောကျွန်ုပ်၊ စိတ်တစ်ခုရှိသောသင်သည် ကမ္ဘာကို အဘယ်ကြောင့် မဖျက်ဆီးနိုင်ဘဲ ရှိရအံ့နည်း'

ညို။ 'မှန်ပါသည်၊ လေ့ကျင့်လျှင် တတ်နိုင်ပါသည်'

ဒေဝ။ 'ဟုတ်ပြီ၊ အလေ့အကျင့်သာလျှင်လိုရင်းဖြစ်သည်၊ သို့သော် ကမ္ဘာကို ရေလွှမ်းအောင်ပြုလုပ်ခဲ့သော ကျွန်ုပ်၏နည်းကား စိတ်အတတ်မဟုတ်၊ ရုပ်အတတ်ဖြစ်သည်။ စိတ်အတတ်ဘက်တွင် နာမ်ဝိညာဉ်ကို ကျွန်ုပ်ခွာနိုင်သည့်နည်းတူ ရုပ်အတတ်ဘက်တွင် ကမ္ဘာလုံးကို လမ်းကြောင်းပြောင်းလွှဲအောင် ကျွန်ုပ်ပြုပြင်နိုင်သည်။ တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်မနေကြနှင့်၊ အခွင့်ကြုံလျှင် တစ်နေ့နေ့ ကျွန်ုပ်ပြဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်။ 'နာမ်ရုပ်ကိုခွာစဉ်က သင့်အသက် မည်မျှရှိပါသလဲ'

ဒေဝ။ ' ၄၂၆၉ နှစ် ၉ လ ၁၇ ရက်ရှိပါပြီ'

မြတ်။ 'အခြားလူများ ဘယ်အရွယ်မှာ သေကြရပါသနည်း'

ဒေဝ။ 'အသက် တစ်သောင်းတန်းလို့ ခေါ်ကြသည်။ သို့သော် အများအားဖြင့် ၆၀၀၀ ကျော် ၇၀၀၀ လောက်မှာ သေတတ်ကြသည်'

ကျွန်တော်။ 'သမီးတော်အသက် မည်မျှရှိပါသနည်း'

ဒေဝ။ '၂၀၀၀ ပြည့်လုနီးပြီထင်သည်'

ထို့နောက် သားအဖနှစ်ယောက်တို့သည် ကျွန်တော်တို့အား အိပ်ပျက်ထားသည့်အတွက် အိပ်စက်ကြရန်ပြော၍ ဂူထဲသို့ ဝင်သွားကြရာ ကျွန်တော်တို့မှာ မဟာဒေဝ ပြောသွားသော စကားများကို မီအောင် ဉာဏ်ဖြင့်နှိုက်၍လိုက်ရသည့်အတွက်ကြောင့် အလွန်မောဟိုက်လှသည်နှင့် ဂူဝ၌လှဲလိုက်ရုံမျှနှင့်ပင် အိပ်ပျော်ခြင်းသို့တိုင် ရောက်သွားလေ၏။



[၁၀]

ထိုညဥ့်၌မူ ကျွန်တော်သည် လူရိုင်းများ လာရောက်နှောက်ယှက်ဝံ့တော့မည် မဟုတ်ကြောင်းကို သိသည်နှင့် စိတ်ချလက်ချ အိပ်စက်ကြရ၏။ နံနက်လင်း၍ ရေချိုးခြင်း၊ သစ်သီးနှင့် စားစရာများ စားသောက်ခြင်း၊ သပ်သပ်ရပ်ရပ် ဖီးလိမ်းဆင်ပြင်ခြင်းစသော အလုပ်များ ပြုလုပ်ပြီးသည်နှင့်တပြိုင်နက် စန္ဒာဒေဝီသည် ပိုးဖဲလည်းမဟုတ်၊ ပိုးဖဲလောက်မျှမက တောက်ပပြောင်လက်သော အဝတ်တစ်မျိုး လဲလှယ်ဝတ်ဆင်ရန်အတွက် မည်သည့်နေရာမှ အဝတ်အစားများ ရရှိလာသည်ကို ကျွန်တော်တို့မှာ မတွေးတောတတ်အောင် ဖြစ်နေ ကြတော့၏။

ကျွန်တော်တို့အား နှုတ်ဆက်ပြီးနောက် စန္ဒာဒေဝီက ကျွန်တော်တို့ မကြောက်မလန့်ခဲ့လျှင် ၎င်းနှင့်အတူမဟာဒေဝထံသို့ လိုက်ခဲ့ကြရန် ဖခင်က မှာလိုက်ကြောင်း ပြောပြသောအခါ ကျွန်တော်တို့မှာ ထူးဆန်းလှသော သားအဖဖြစ်သောကြောင့် အမှန်ရွံ့သော်လည်း ၎င်းတို့ မည်ကဲ့သို့ နေထိုင်ကြသည်ကို သိလိုလှသည်နှင့် လိုက်ပါကြရန် သဘောတူ ဆုံးဖြတ်ကြလေ၏။

ထို့နောက် ကျွန်တော်တို့သည် စန္ဒာဒေဝီနောက်မှ ဂူထဲသို့ ဝင်လိုက်သွားကြ၍ ယန္တရားစက်ကြီးများအနီးသို့ ရောက်ကြသောအခါ ၎င်းတို့အကြောင်းကို မင်းသမီးအား မေးမြန်းစုံစမ်း၏။ ထိုအခါ စန္ဒာဒေဝီ



www.burmeseclassic.com

www.burmeseclassic.com



က ငှင်းယန္တရားစက်များမှာ ရှေးအခါက ပညာမဲ့သူတို့ လေကြောင်းခရီးသွားရန်အတွက် အသုံးပြုခဲ့ကြကြောင်း၊ ပညာရှိများကမူ အလွန်ဝန်လေးလှသော ယန္တရားစက်များကို အသုံးမပြုဘဲ မိမိတို့ အတတ်ပညာဖြင့် လိုရာအရပ်သို့ လျင်မြန်စွာ သွားလာနိုင်ကြကြောင်းပြောပြရာ ကျွန်တော်မှာ ပညာရှိဆိုသူတို့ ခရီးသွားနည်းကို မမေးရမီ စန္ဒာဒေဝီက 'ကိုင်းရပ်ကြဦး' ဟုပြောလိုက်သည်နှင့် တန့်ရပ်ကြလေ၏။

ထို့နောက် စန္ဒာဒေဝီသည် ဂူကြီး၏နံရံတစ်နေရာ၌ မီးလျက်ရပ်နေပြီးလျှင် ကျွန်တော်အား လက်လှမ်းပေးလိုက်သဖြင့် ကျွန်တော်သည် ၎င်းလက်ကို လက်တစ်ဖက်ဖြင့် ကိုင်ဆွဲလျက် အခြား လက်တစ်ဖက်ကို ကိုသာမြတ်သို့ လှမ်းပေးလိုက်၏။ ကိုသာမြတ်ကလည်း ကျွန်တော့်အား တစ်ဖက်ကကိုင်၍ ကိုဖူးညိုအား တဖက်ကဆွဲကိုင်ထားခြင်းအားဖြင့် လူအားလုံးဆက်လျက် တည်ရှိကြလေ၏။

'မကြောက်ကြနဲ့နော်၊ မူးတတ်လျှင် မျက်စိမှိတ်ထားကြ' ဟု စန္ဒာဒေဝီက ပြောလိုက်သဖြင့် ကျွန်တော်မှာ ဒိတ်ခနဲဖြစ်သွားစဉ် ခြေအောက်၌ရှိသော ကျောက်ဖျာကြီးတစ်ခုလုံးသည် ရုတ်တရက်နိမ့်ဆင်းသွားသဖြင့် ကျွန်တော်တို့လည်း ငြိမ့်ခနဲ အောက်သို့လျှောကျသည်ကို သိလိုက်ရလေ၏။

ဆင်းရပုံမှာ ဓာတ်လှေကားနှင့်တူလှ၏။ သို့ရာတွင် ဓာတ်လှေကားထက် လေးဆလောက်မြန်၍ ဆယ်ပြန်လောက်ကြာအောင် ဆင်းကြရပေ၏။ ငြိမ့်ခနဲ၊ ငြိမ့်ခနဲ၊ ငြိမ့်ခနဲနေအောင် ဆင်းကြရ၍ အနည်းဆုံးပေလေးငါးထောင်ထက်မနည်း ဆင်းမိကြပြီထင်ရသောအခါ ကျောက်ဖျာသည် ရုတ်တရက်တန့်ရပ်သွား၍ စန္ဒဒေဝီက 'ကိုင်းလာကြတော့'ဟု ပြောလိုက်လေ၏။

ထူးဆန်းသော အခြင်းအရာတစ်ခုမှာ မြေကြီးအောက် ပေပေါင်းလေးငါးထောင် ရောက်နေသဖြင့် မှောင်အတိပြီးနေထိုက်ပါလျက်





အရောင်တစ်မျိုးဖြင့် လင်းထိန်လျက်ရှိသည်ကိုတွေ့ကြရ၏။ အလင်းရောင်မှာ နေရောင်လောက်လည်းမပြင်း၊ လရောင်လောက်လည်း မကာသဖြင့် လ ဆယ်စင်းတို့၏ အလင်းရောင်နှင့် ညီမျှသည်ဟူ၍သာ ဥပမာဆောင်ရပေတော့မည်။

ကျွန်တော်။ 'ဘယ်ဆီကရတဲ့ အလင်းရောင်လဲ၊ နေရောင်လည်း မဟုတ်ပါဘူး၊ ပူလည်း မပူပါဘူး'

ဝီ။ 'အလင်းရောင်ဆိုတာ နေတစ်ခုတည်းက ရတယ်မဟုတ်ဘူး၊ မြေကြီးရဲ့ ဗဟိုချက်မှာလည်း အားလုံးအရည်ပျော်ပြီး ထိန်ထိန်လင်းနေတယ်၊ ဖခင်တို့ လောကဓာတ်ပညာတတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေက မြေကြီးအလယ်က အပူကိုဖယ်ပြီး အလင်းရောင်ကို ခွဲထုတ်ယူထားနိုင်တာကိုး'

ကျွန်တော်။ 'အလင်းရှိလျှင် အပူရှိရမယ် မဟုတ်လား'

ဝီ။ 'ဒါဖြင့် ပိုးစုန်းကြူးဘယ့်နှယ်လုပ်မလဲ လောင်သေရော့ပေါ့'

ယင်းသို့ပြောနေစဉ် ကျွန်တော်တို့သည် အထက်အောက်ပါ အရပ်ဆယ်မျက်နှာတို့သို့ လှမ်းကြည့်လိုက်ကြရာ အစအဆုံးကို မမြင်နိုင်အောင် အလွန်ကျယ်ဝန်းလှသော မြေလိုဏ်ခေါင်းကြီးထဲသို့ ရောက်နေကြဟန်တူပေ၏။ ဘယ်မျှလောက် နက်လေသနည်းဆိုသော် အမိုးသို့ မော့ကြည့်သော်လည်းမမြင်နိုင်ဘဲ မိုးကိုမော့ကြည့်သည့်အခါ တိမ်များကို မြင်ရသည့်နည်းတူ ရေးရေးမျှမြင်ရ၏။

ရှေ့နောက် လက်ဝဲလက်ျာတို့သို့ လှမ်းမျှော်ကြည့်လိုက်သည့် အခါတွင်မူကား လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့ဖြင့် ဆောက်လုပ်ထားသည်ကို တွေ့ရသည့်ပြင် လမ်းတဖက်တချက်၌လည်း စစ်သားများနေထိုင်သည့် တန်းလျားများသဖွယ် တစ်ဆောင်နှင့်တစ်ဆောင် လုံးတူရပ်တူ ရွယ်တူရှိနေသည့် တစ်ထပ်အိမ်ကလေးများ တညီတညာတည်း စီတန်းလျက်ရှိသည်ကို တွေ့ကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့နေရာ၌ ဆန်ဖွပ်သည့်မောင်းများတွင် ကျီပွေ့တန်းလန်းဖြင့်လည်းကောင်း၊ အချို့ဝရံတာများတွင် လက်လုပ်သမားတို့ အလုပ်လုပ်သည့် ကိရိယာတန်ဆာ တန်းလန်းဖြင့်လည်းကောင်း၊ အချို့မှာ စားစရာတန်းလန်းဖြင့်လည်းကောင်း ရှိနေသည်ကို တွေ့ရလေ၏။ ထူးဆန်းသောအချက်တစ်ခုမှာ ကျွန်တော်တို့လမ်းပေါ်မှ လျှောက်လာကြစဉ် မည်သည့်နေအိမ်တွင်မျှ လူတစ်ယောက်၊ ခွေးတစ်ကောင်မျှ မရှိ၊ လှုပ်ရှားသွားလာခြင်းလည်းမရှိ၊ အလွန်အမင်း ငြိမ်သက် တိတ်ဆိတ်နေသဖြင့် ကြက်သီးမွေးညင်းများပင် ထမိသေး၏။

အလုပ်နှင့် စားစရာများ တန်းလန်း ပစ်ထားခဲ့ကြရခြင်းကို ထောက်ချင့်သော် ၎င်းနေအိမ်များ၌ နေထိုင်သူများသည် တစ်စုံတစ်ခုသောကိစ္စကြောင့် ရုတ်တရက် ရှောင်တခင် တပြိုင်နက်တည်း ထသွားကြဟန်လက္ခဏာ ရှိပေ၏။

အခြားသော ထူးဆန်းချက်တစ်ခုမှာ နေအိမ်များသည် သစ်သားလည်းမဟုတ်၊ အုတ်လည်းမဟုတ်၊ ဝါးလည်းမဟုတ်၊ ကျောက်ခဲများကို တစ်လုံးစီစီ၍ အင်္ဂတေဖြင့် တွယ်ကပ်ထားသည့်လက္ခဏာ ရှိပေ၏။ အသုံးအဆောင် အိမ်ထောင်ပရိဘောဂများမှာလည်း အလုံးစုံ ကျောက်ဖြင့် ပြုလုပ်ထားသည်ချည်း ဖြစ်ကြ၏။

ကျွန်တော်တို့သည် ကျယ်ဝန်းသော လမ်းကြီးတလျှောက် လျှောက်လာကြ၍ မည်သည့်လက်ထက်က မည်သည့်လူမျိုး နေထိုင်သော နေအိမ်များဖြစ်လေသည်ကို တွေးတောလာကြစဉ် ကျောက်ခေါင်းတစ်ခုမှ ပန်း၍ထွက်နေသော ရေပန်းတစ်ခုကို တွေ့ကြရလေ၏။ ရေပန်းမှာ လုံးပတ် တစ်လက်မခန့် တုတ်လေရာ အလွန်လျင်မြန်စွာ ပန်းထွက်သည် ဖြစ်သောကြောင့် ၎င်းမှစီးဆင်းသော ရေများမှာ ချောင်းကလေး တစ်ခုဖြစ်၍ စီးထွက်သွားလေတော့၏။ ရေသည် ရှေးဦးစွာ ကျောက်ခွက်ကြီးတစ်ခုထဲသို့ ပန်းဆင်း၍ ကျောက်ခွက်





ပြည့်လျှံသောအခါမှ ချောင်းကလေးသဖွယ် စီးထွက်သွားခြင်း ဖြစ်လေ၏။

ကျွန်တော်တို့သည် ကျောက်ခွက်အနီးသို့ ရောက်ကြသောအခါ စန္ဒာဒေဝီသည် ကျောက်ခွက်အနီးတွင်ရပ်တန့်၍ ရွှေနှင့်တူသော သတ္တုဖြင့်ပြုလုပ်ထား၍ အနီးတွင်တည်ရှိသည့် ခွက်တစ်လုံးဖြင့် ကျောက်ခွက်ထဲမှရေကို ခပ်ယူသောက်သုံးလိုက်ရာ ၎င်း၏မျက်နှာမှာ ရုတ်တရက် သွေးဖြန်းလိုက်သကဲ့သို့ နီမြန်းသွားသည်ကို တွေ့ရလေ၏။

၎င်းနောက် ဒုတိယတစ်ခွက်ခပ်ယူ၍ ကျွန်တော့်အား လှမ်းပေးလိုက်သဖြင့် ကျွန်တော်သည် မရဲတရဲနှင့် လှမ်းယူသောက်ကြည့်လိုက်ရာ အရသာမှာ အလွန်အဖိုးထိုက်တန်သည့် ရှမ်ပိန်အရက်ကဲ့သို့ ရှိန်းတိန်းတိန်းရှိ၍ ပရုပ်နှင့်သစ်ကျပိုးကဲ့သို့ စပ်ရှားရှားအနံ့ရှိသည်ကို တွေ့ရလေ၏။ ရေသည် လည်ချောင်းတစ်လျှောက်သို့ ရေခဲရေလောက်မျှမကအောင် အေးဆင်းသွားပြီးနောက် ဝမ်းဗိုက်ထဲသို့ ရောက်သည်နှင့်တပြိုင်နက် ဦးခေါင်းသို့ ချက်ချင်းတက်လာသည့် လက္ခဏာနှင့် မျက်လုံးများ ရုတ်တရက်ကြည်လင်လာပြီးလျှင် ဉာဏ်အလွန်ရွှင်လာသည် ဖြစ်သောကြောင့် ယခင်ကခက်ခဲနက်နဲသည်ဟု မှတ်ယူလာခဲ့သည့် ပြဿနာများသည် ၁ နှင့် ၂ ကို ပေါင်းရခြင်းကဲ့သို့ လွယ်ကူရှင်းလင်းလာသည့်ကို တွေ့ရလေ၏။

တစ်ကိုယ်လုံး အားအင်ပြည့်တင်း၍ အမောအပန်းပြေပျောက်သွားလိုက်ပုံမှာကား ပြောဖွယ်ရာမရှိတော့ချေ။ ထို့နောက် စန္ဒာဒေဝီသည် ကိုသာမြတ်နှင့်ကိုဖူးညိုတို့အားလည်း တစ်ခွက်စီခပ်ပေးသေးရာ အတော်ကြာမြွေကြီးသော ကိုဖူးညိုပင်လျှင် ခြေလက်များကို ဆန့်တန်းမြှောက်ကြွလျက် က,တော့မလို ပြုလုပ်ချေသေး၏။

စန္ဒာဒေဝီက 'ဒီရေဟာ ကမ္ဘာလုံးကို အတွင်းမှ တစ်ပတ်လှည့်ပတ်ပြီး ထွက်လာခဲ့တဲ့ အာယုဝဍ္ဍနရေခေါ်တယ်။ ကိုယ်ကာယမှာ ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာ ဘယ်လောက် အပြင်းအထန် ခံနေရစေကာမူ သူ့ကို သောက်လိုက်လျှင် ချက်ချင်း ဝေဒနာပျောက်ရတယ်။ ဒီရေကို ခုနစ်ရက်တစ်ကြိမ် တစ်နှစ်လောက် မှန်မှန်ကြီးသောက်သွားလျှင် အနည်းဆုံး သက်တမ်းမစေ့မချင်း မသေနိုင်ဘူးတဲ့။ ဥပမာ အသက်တစ်ရာတန်းက လူများသောက်လျှင် အသက်တစ်ရာမပြည့်မချင်း မသေရဘူးတဲ့'

ထိုစကားကိုကြားရသောအခါ ကိုသာမြတ်မှာ လက်တွေ့စုံစမ်းလိုသော ဝါသနာရှိသူတစ်ယောက်ဖြစ်သည်အလျောက် မီးခြစ်တစ်ဆံကိုခြစ်၍ လက်ဝါးကိုရှို့ပြီးနောက် ရေတခွက်ကိုခပ်၍ သောက်ပြီးမှ 'အောင်မယ်၊ ချက်ချင်းအေးသွားတာပဲဗျို့၊ တကယ်စွမ်းတဲ့ရေပါပေပဲ' ဟုပြောလေ၏။

ကျွန်တော်။ 'ဒီလောက်စွမ်းတဲ့ရေကို သောက်သုံးမည့်လူမရှိဘဲ မြေကြီးအောက်မှာ အချည်းနှီး အလဟဿ ဖြစ်နေပါကနှမြောစရာကြီးပဲနော်'

ဝီ။ 'သောက်သူမရှိဘဲနေမလား၊ ဒီမြို့ကလူတွေဟာ ဒီရေမရှိလျှင်နှစ်စေ့အောင် ဝင်္ခံဖို့ အခက်သားနေမှာပေါ့'

ကျွန်တော်။ 'ဒီမြို့မှာ လူတွေရှိသလား'

ဝီ။ 'ရှိတာပေါ့၊ နေ့အချိန်မှာ ဝင်္သွားခံကြရပြီး ညကျတော့ပြန်လာကြမှာပေါ့၊ ပြန်ရောက်ရောက်ချင်း ကျောက်ခွက်ထဲကရေကို အလုအယက် သောက်လိုက်ကြတာ တိုးလို့ဘယ်ပေါက်လိမ့်မလဲ'

မြတ်။ 'ဒီရေက ခပ်ထားလို့မရဘူးလား'

ဝီ။ 'ခပ်ထားလျှင် တစ်ခဏချင်းအတွင်း တန်ခိုးပြယ်သွားလို့ လတ်လတ်ဆတ်ဆတ် ခပ်သောက်ကြရတယ်'

ကျွန်တော်မှာမူ နေ့အချိန်တွင် ဝင်္ခံသွားကြ၍ ညဥ့်အချိန်တွင်မှ ပြန်လာရသည်ဆိုသော လူများမှာ အသူရကာယ်ဆိုသူများ ဖြစ်နေလေမည်လောဟု တွေးတောမိသော်လည်း ရုတ်တရက်မေးမြန်းရန်





အချိန်မရသည်နှင့် အောင့်အီးနေလိုက်ရ၏။

ငင်းနောက် ကျွန်တော်တို့သည် စန္ဒာဒေဝီနောက်သို့ ဆက်လက်လိုက်သွားကြ၍ လမ်းများဆုံးသဖြင့် အလွန်ကျယ်ဝန်းသော အဆောက်အဦကြီးတစ်ခုအတွင်းနှင့်တူသောနေရာသို့ ရောက်လာကြသောအခါ အရောင်တလက်လက်ထွက်သော ပြာသာဒ်ဆောင်တို့သည် မျက်စေ့တစ်ဆုံးမျှတိုင်အောင် စီတန်းလျက်ရှိသည်ကို တွေ့ကြရလေ၏။ ပြာသာဒ်ဆောင်များမှာလည်း ယခင်ကတွေ့ခဲ့ရသည့် နေအိမ်များနည်းတူ လူနေထိုင်သည့် အထိမ်းအမှတ်များ တွေ့မြင်ရပေရာ ငင်းတို့အထဲတွင် မီှအုံးကြီးများ၊ ဆိုဖာနှင့်တူသော ထိုင်ခုံကြီးများ အစရှိသည့်စည်းစိမ်ခံစားသည့် ပရိဘောဂအသုံးအဆောင်များကို တွေ့မြင်ကြရ၏။ ငင်းတို့မှာ အထက်တန်းစား အသူရကာယ်များ နေထိုင်ရာဖြစ်သော ဘုံပြာသာဒ်များဖြစ်ကြဟန် လက္ခဏာရှိပေ၏။

ပြာသာဒ်များကို ကျော်လွန်ပြီးသော် ရွှေနှင့်တူသော သတ္တုဖြင့်ပြုလုပ်ထား၍ ပေ ၂၀ ခန့်မြင့်သော တံခါးကြီးတစ်ခုသို့ရောက်လာကြရာ ကျွန်တော်တို့သည် မစေ့တစေ့ပိတ်ထားသော တံခါးရွက်ကြီးများအကြားမှ ဝင်လာကြ၍ ဖန်မြေမှန်မြေဖြင့် ခင်းကျင်းထားသည့် ကြမ်းပြင်တစ်လျောက် လျှောက်လာကြရပြီးနောက် ခြောက်ပေခန့်အမြင့်ရှိသည့် ရာဇပလ္လင်တစ်ခုရှေ့သို့ ဆိုက်ရောက်လာကြလေ၏။ ရာဇပလ္လင်မှာ ပလက်တီနန်နှင့်ရွှေကို ရောစပ်ထားဟန်တူသည့် သတ္တုဖြင့် ပြုလုပ်ထားသည်ဖြစ်၍ ဝါကျင့်ကျင့်အရောင်ရှိပေရာ ငင်းတွင် မွမ်းမံခြယ်လည်ထားသော ကျောက်များမှာလည်း အနီ အပြာ အစိမ်း အဖြူ စသောအရောင်ရှိသည်ဖြစ်၍ ကျောက်နီ မြ နီလာ ဥဿဖရား စသည့်တို့ဖြစ်လိမ့်မည်ဟုထင်ရ၏။

(ကျွန်ုပ်၏ လက်ပတ်နာရီမှာ ရွှေနှင့်ပလက်တီနန် ရောစပ်ထားသည့် သတ္တုဖြင့်ပြုလုပ်ထားသည်ဖြစ်ရာ ငင်းနှင့်နှိုင်းယှဉ်ကြည့်မိသော

www.burmeseclassic.com



ကြောင့် ရာဇပလ္လင်မှာလည်း ရွှေနှင့်ပလက်တီနန် ရောစပ်ထားသည်ဟု ခန့်မှန်းရခြင်းဖြစ်သည်။)

ရာဇပလ္လင်ထက်၌ ရသေ့အသွင်ဝတ်ဆင်လျက် ရင့်ကျက်သောဣန္ဒြေဖြင့် တင်ပြင်ခွေလျက် ထိုင်နေသူမှာကား မဟာဒေဝပင်ဖြစ်လေရာ ၎င်းအနီးတွင် စိတ်ပုတီး၊ သတ္တုပုရပိုက်၊ စိန်ကညစ်၊ ခတ်လုံး အမျိုးမျိုးအစရှိသော ဝတ္ထုပစ္စည်းများ တည်ခင်းလျက်ရှိနေကုန်၏။ ကျွန်တော်တို့မှာ အရောင်တဖိတ်ဖိတ်ထွက်နေသော ရာဇပလ္လင်ကြီးနှင့် သူတော်သူမြတ်အသွင် ဝတ်ဆင်ထားသူ၏ မလိုက်လျော မဆီလျော်ခြင်းကို မြင်လျှင်မြင်ခြင်းပင် သတိရမိသော်လည်း မဟာဒေဝ၏ ကြီးရင့်သောဣန္ဒြေကို မြင်ကြရသည်နှင့် ပြုံးရယ်ခြင်းငှာ မဝံ့ကြချေ။ စန္ဒာဒေဝီသည် ပလ္လင်ရှေ့တွင် ဦးညွှတ်၍ ညွှန်သည်များလိုက်ပါလာကြောင်း ပြောလိုက်သည့်အခါတွင်မှ မဟာဒေဝသည် ကျွန်တော်တို့ဝင်လာခြင်းကို သတိပြုမိသည့်လက္ခဏာနှင့် ဖတ်နေသော ပုရပိုက်ကိုချကာ နေရာထိုင်ခင်း ညွှန်ပြလေ၏။



[၁၁]

ကျွန်တော်တို့ သုံးယောက်သည် ရာဇပလ္လင်ရှေ့၌ရှိသော ဆိုဖာခုံရှည်ပေါ်၌ ထိုင်ကြသောအခါ ဆိုဖါရှည်ကြီးမှာ အလွန်ထိုင်၍ကောင်းသည်ကို တွေ့ရသဖြင့် အပေါ်ယံတွင် 'ကူရှင်'တပ်ထားရုံမျှမက ခြေထောက်အောက်၌ 'စပရိန်' တပ်ဆင်ထားသည့် လက္ခဏာရှိပေ၏။ စန္ဒာဒေဝီမှာမူ တစ်ယောက်ထိုင်ဆိုဖာပေါ်၌ ထိုင်လျက်ရှိ၏။ နှုတ်ခွန်းဆက်သကြပြီးနောက် ...

ဒေဝ။ 'မြေအောက်ကမြို့ကို မြင်ခဲ့ကြပြီလား၊ ဘယ်လိုသဘောရကြသလဲ'

ညို။ 'ဘယ်လိုရည်ရွယ်ချက်နဲ့ မြေကြီးအောက်မှာပုန်းပြီး မြို့တည်ထားကြပါသလဲ'

ဒေဝ။ 'လူတည်တဲ့မြို့ မဟုတ်ဘူး၊ ကမ္ဘတည်တဲ့မြို့ ဖြစ်တယ်'

မြတ်။ 'ဘယ်လိုကမ္ဘပါလဲ'

ဒေဝ။ 'သတ္တဝါများ၏ ကုသိုလ်ကံ အကုသိုလ်ကံအလျောက်ပေါ်ပေါက်နေတဲ့ဘုံဖြစ်တယ်၊ ကဿပဘုရားမပွင့်မီက ဘုန်းကြီးတဲ့ဘုရင်တစ်ပါးဟာ အာယုဝမုန ရေပန်းအကြောင်းကို သတင်းရလေတော့ ဒီဘုံသားများနဲ့ စစ်ဘက်ပြိုင်ခဲ့တာ လူသားစစ်သားတွေ သောက်



www.burmeseclassic.com

www.burmeseclassic.com



သောက်လဲ သေကြေပျက်စီးရဖူးသတဲ့။ ခမြာများမှာ ဝဋ်ခံရာမှ ပြန်လာပြီး ဒီရေကို သောက်သုံးခြင်းအားဖြင့် ဒုက္ခဝေဒနာ ခံစားခြင်းမှ သက်သာရာရလေတော့ သူတို့ကလည်း မပေးနိုင်ဘူးဆိုပြီး အကြောက်အကန် ခုခံတိုက်ခိုက်ခဲ့ရဖူးသတဲ့'

မြတ်။ 'စကြာမင်းဆိုတာနဲ့ တိုက်ခိုက်ရတုန်းက ငှင်းရေနဲ့ ပတ်သက်ပါသေးသလား'

ဒေဝ။ ' ဒီကိစ္စက တခြားပဲ၊ စကြာမင်းက ကျွန်ုပ်သမီးတော်ကို လိုချင်ပုံက ဒေဝီမြှောက်ဖို့မဟုတ်ဘူး၊ အငယ်အနှောင်းအဖြစ်နဲ့ ခြေတော်တင်ချင်လို့ ဆိုကပဲ၊ ဒင်းလိုလူအချင်းချင်း မင်းကိုမဆိုထားနဲ့ နတ်ပြည်က သိကြားမင်းတောင် ဒီလိုတောင်းလျှင် ကျွန်ုပ်မပေးနိုင်ပါဘူး'

ညို။ 'ထိုစဉ်အခါက သမီးတော်မှာ ချစ်ကြိုက်တဲ့လူရှိနေပြီလား'

ဒေဝ။ (မျက်မှောင်ကြုတ်လျက်) 'မွေးသဖခင်ကို သမီးတော်ရှေ့မှာ ဒီလိုမေးခွန်းမျိုးမေးတာ သင်တို့ခေတ်ထုံးစံဖြစ်လျှင် တယ်ရိုင်းလှပါတကား'

ထိုအခါ ကိုသာမြတ်က စကားဖာလိုသောသဘောနှင့် ကြားဖြတ်၍ ...

မြတ်။ 'တိုင်းကြီး ၁၆ တိုင်းကို ရေလွှမ်းပြီး ဖျက်ဆီးပစ်လိုက်တယ်ဆိုခြင်းဟာ ယခုခေတ်မျိုးမှာ တတ်နိုင်ပါဦးမလား'

ဒေဝ။ (တိုး၍ စိတ်ဆိုးလာဟန်နှင့်) 'သင်မေးပုံထောက်ကြည့်လိုက်တော့ ကျွန်ုပ်ပြုလုပ်နိုင်တယ်ဆိုတာကို ယုံကြည်တဲ့လက္ခဏာမရှိဘူး၊ သင်တို့က ကျွန်ုပ်လက်သည်းပေါ်မှာ ကပ်ပါတဲ့ သဲမှုန့်လောက်ရှိတဲ့ ဉာဏ်ကလေးလောက်နဲ့ ကျွန်ုပ်ကို စုံစမ်းလား စစ်ဆေးလားလုပ်ချင်ကြပုံပေါ်တယ်၊ တော်ပြီ၊ သင်တို့ကို ဒီအလင်းရောင်အကြောင်း၊ အာယုဝမုနရေအကြောင်း၊ ဈာန်ဝင်စားခြင်း အကြောင်းများကို ကျွန်ုပ်ရှင်းလင်းပြောပြမယ်လို့ ကြံစည်မိခဲ့တာ၊ ယခုတော့ သင်တို့ မယုံကြည်





တတ်မှန်းသိရလို့ ကျွန်ုပ်ပြောမပြတော့ဘူး၊ သမီးတော်ကလဲ ပြောမပြနဲ့နော်၊ နေပစေ'

ကျွန်တော် 'အမှန်အတိုင်းမှာ ကျွန်တော်တို့မယုံကြည်လို မဟုတ်ပါ၊ မကြုံဘူး မကြားဖူးလောက်အောင် ထူးဆန်း အံ့ဩဖွယ်ကောင်းသည့်အတွက် ရုတ်တရက် နားမလည်နိုင်သဖြင့် ဒွိဟ သံသယသံပါသွားခြင်းဖြစ်ပါသည်၊ မယုံကြည်လို့မဟုတ်ပါ'

ဒေဝ။ 'အင်း၊ ဒင်းကလေးတစ်ယောက်တော့ တော်တော်ရှိတယ်၊ ဘာမေးချင်သလဲမေးစမ်း'

ကျွန်တော်။ 'ဂေါတမမြတ်စွာဘုရား ပွင့်ချိန်မှာ သင်တို့ကိုနိုးဖို့ အဓိဋ္ဌာန်ပြုထားပါလျက် အဘယ်ကြောင့် နှစ်ပေါင်း၂၀၀၀ကျော်လောက်နောက်ကျသွားရပါသလဲ'

ဒေဝ။ 'ဩော် ဟုတ်ပေတယ် မေးထိုက်ပေတယ်၊ ကျွန်ုပ်လည်း ဒီအကြောင်းကို ဒီကနေ့မှ တွက်ချက်ကြည့်လို့ သိရတယ်၊ ဒီလို မြေးရဲ့၊ သင်တို့ဝင်ခဲ့ကြတဲ့ ဂူဝဟာ ဂေါတမမြတ်စွာဘုရားပွင့်ချိန်မှာ မြေလျှင်တစ်ခုကြောင့် ရေအောက်မှာ မြုပ်နေခဲ့တယ်'

'ကျွန်ုပ်တို့ကို နိုးပေးဖို့ ကျွန်ုပ်တို့နေရာရောက်အောင် ဘယ်သူတစ်စုံတစ်ယောက်မျှ ဝင်နိုင်ဖို့လမ်းမရှိဘူး၊ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၃နှစ်လောက်ကမှ မြေလျှင် တစ်ကြိမ်လှုပ်ပြန်ပြီး ဂူဝ တဖန်ပြန်ပေါ်လို့ သင်တို့ ဝင်နိုင်ခြင်းဖြစ်တယ်'

ကျွန်တော်။ 'ရှင်းပါပေတယ် ကျေနပ်ပါပြီ၊ ဒါထက် ဘယ်လိုရည်ရွယ်ချက်နဲ့ ဂေါတမမြတ်စွာဘုရားကို ဖူးတွေ့လိုပါသလဲ'

ဒေဝ။ 'ကျွန်ုပ်တို့လိုက်စားလေ့လာခဲ့သော လောကဓာတ်ပညာအရ အသက်ကို ရှည်သည်ထက်ရှည်အောင် ကျွန်ုပ်တို့တတ်နိုင်တယ်၊ တစ်သောင်းတန်းမှာ ငှင်းပညာစွမ်းကြောင်း သုံးသောင်းလေးသောင်း အသက်ရှည်နိုင်တယ်၊ သို့သော် တစ်နေ့တော့ကေနိသေရမှာပဲ၊ ရှည်ချင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရှည် တစ်နေ့တော့ မုချသေရမယ်၊ လုံးလုံးမသေရအောင် ကျွန်ုပ်တို့ မတတ်နိုင်ဘူး၊ ဂေါတမဘုရားက မသေတဲ့နည်းကို ပြနိုင်လိမ့်မည်လို့ ကဿပဘုရားလက်ထက်က ဗျာဒိတ်ပေးခဲ့သည့်အတွက် ၎င်းနည်းကို ခံယူရန် သားအဖနှစ်ယောက် နှစ်ပေါင်း ခြောက်ကုဋေကျော် အိပ်ပြီး စောင့်ခဲ့ကြခြင်းဖြစ်တယ်'

ညို။ 'မသေဘူးဆိုရာမှာ ယခုလိုအတိုင်း ဒီရုပ်ဒီနာမ်နဲ့ မသေမပျောက် အမြဲတည်နေနိုင်ဖို့ ဆိုလိုသား'

ဒေဝ။ ' ဒီရုပ်နဲ့ပဲ တည်ရတည်ရ၊ သို့မဟုတ် ရုပ်ပြောင်းပြီးတည်ရတည်ရ မသေရလျှင် ကြိုက်တာပဲ၊ ဒါထက် သင်တို့တစ်နေ့ကပြောတဲ့ အနတ္တဆိုတဲ့ တရားအကြောင်း ကြားပါရစေဦးလား'

ညို။ 'သင်မျှော်လင့်တာက အတ္တနည်းနဲ့ မသေတာကို လိုချင်တာကပဲ၊ နိဗ္ဗာန်ဆိုတဲ့ မသေတရားက သင့်မျှော်လင့်ခဲ့တဲ့နည်းမျိုး မဟုတ်ဘူး၊ အကောင်အထည်မပျက် တည်နေတဲ့နည်းမျိုး မဟုတ်ပေဘူး'

ဒေဝ။ 'စိတ်တန်ခိုးတွေ ကြီးသည်ထက်ကြီးပြီး ကိုယ့်ကိုယ်ရောလောကကြီးပါ နိုင်နင်းအုပ်ချုပ်တဲ့နည်း မဟုတ်ဘူးလား'

ညို။ 'ဒီလိုမဟုတ်ဘူး၊ သေစရာမရှိလို့ မသေတဲ့နည်း၊ ဆင်းရဲစရာမရှိလို့ မဆင်းရဲတဲ့နည်း၊ အစိုးရချင်တဲ့စိတ်မျိုးမရှိလို့ အစိုးရတဲ့နည်းပဲ'

ဒေဝ။ (ဦးခေါင်းကို ကုတ်လျက်) 'ကျွန်ုပ်ဟာ တော်တော်နက်နက်နဲနဲ စဉ်းစားတတ်တယ်လို့ မှတ်လာခဲ့တာ၊ သင့်ဂေါတမနည်းကိုတော့ ကျွန်ုပ် ရုတ်တရက်နားမလည်နိုင်သေးအောင် ဖြစ်နေပြီ၊ သို့သော် နောက်တော့ ဆွေးနွေးကြသေးတာပေါ့'

စန္ဒာဒေဝီ 'ကျွန်ုပ်တို့ စီစဉ်ထားသည့်အတိုင်း ဤလူများကို ရှေးလွန်ပြီး အတိတ်ကာလက အဖြစ်အပျက်မျိုးကို ကျွန်ုပ်ပြလိုက်





ရမည်လော'

ဒေဝ။ 'ဩော် ဟုတ်ပေတယ် သမီးတော်ပြလိုက်ပါဦး၊ သင်တို့ရဲ့ ဂေါတမ မသေတရားဟောတတ်သော်လည်း လွန်ပြီးအတိတ်ကို ငါတို့လို ပြနိုင်ပါ့မလား၊ သွားကြည့်ကြချေဦး၊ ကျွန်ုပ်မှာ နှစ်ပေါင်း ခြောက်ကုဋေကျော်အတွက် တွက်ချက်ကြည့်ဖို့ အလုပ်ကြီးရှိနေသေးတယ်၊ ကိုင်း လိုက်သွားကြ လိုက်သွားကြ'

ကျွန်တော်တို့သည် စန္ဒာဒေဝီနောက်သို့ လိုက်သွားကြ၍ တစ်ခုသော အဆောင်ကြီးအတွင်းနံရံတွင် ကပ်ထားသော ခုံတန်းရှည်ကြီးတစ်ခုပေါ်၌ ကျွန်တော်တို့အားထိုင်စေလျက် စန္ဒာဒေဝီသည် ကျွန်တော်တို့ရှေ့၌ရပ်ကာ 'ဟစ်ပနောတီးဇင်း'(hypnotism) ခေါ် စိတ်ညို့အတတ်ဆရာတစ်ယောက် ပြုလုပ်လေ့ရှိသည့်နည်းအတိုင်း ကျွန်တော်တို့၏ မျက်လုံး များကို စေ့စေ့ကြည့်၍ လက်နှစ်ဘက်ဖြင့် အထက်မှအောက်သို့ တဖြည်းဖြည်း ဆွဲ၍ဆွဲ၍ဆွဲချသည့်အဟန် ပြုလုပ်ရာတွင် ကျွန်တော်မှာ လက်ခနဲ လက်ခနဲ ဖြစ်သွားသည်ဟု မှတ်ထင်မိ၏။

ထိုအခိုက်တွင် လျှပ်စစ် ဓာတ်မီးလုံးသည် ဓာတ်ကြိုးနှင့်ဆက်သွယ်လိုက်သည့်အခါ၌ လက်ခနဲ လက်ခနဲဖြစ်သွားသည့်နည်းတူ မင်းသမီး၏နဖူးနှင့် အထူးသဖြင့် မျက်လုံးများသည် မီးရောင်မဟုတ်ဘဲ တန်ခိုးပညာအရောင်ဖြင့် ထိန်ခနဲ ဝင်းခနဲဖြစ်သွားသည်ဟု ထင်လိုက်ရ၏။

ကျွန်တော်တို့လည်း မင်းသမီးကို ငေးကြည့်နေစဉ် မင်းသမီးတစ်ကိုယ်လုံးသည် တရေးရေး မှေးမှိန်ကွယ်ပျောက်သွား၍ ၎င်း၏ မျက်လုံးနှစ်လုံးသည်သာလျှင် မီးနှစ်ပွင့်ကဲ့သို့ လင်းလျက်ကျန်ရစ်ရာမှ တစ်ပွင့်တည်းစုပေါင်းသွားပြီးလျှင် ကောင်းကင်၌ ထွက်ပေါ်နေသော နေလုံးကြီးဖြစ်သွားလေတော့၏။ ၎င်းနေမင်း၏ အလင်းရောင်တွင် ဘုရင်တစ်ပါးသည် မင်းမြောက်တန်ဆာအစုံအလင်ဖြင့် ပလ္လင်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လျက်ရှိရာ ၎င်း၏လက်ျာဘက်တွင် မှူးမတ်သေနာပတိတို့သည် အရှေ့တိုင်းသားတို့၏ ထုံးစံအတိုင်း ပြားပြားဝပ်ကာ ခစားလျက်ရှိကြ၍ လက်ဝဲဘက်၌ကား ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံခြယ်လှယ်ထားသဖြင့် ရုပ်ဆင်းအင်္ဂါ အလွန်တရာ ချောမောလှပသော မိန်းမတသင်းသည် ပလ္လင်ပေါ်မှ ဘုရင်အား သားမြီးယပ်များဖြင့် ဖြည်းညင်းစွာ ယပ်ပေးနေကြလေ၏။

ပလ္လင်၏ရှေ့၌ကား ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ် အစရှိသည့် စစ်တပ်များသည် တစ်တပ်ပြီးတစ်တပ် ဆက်ကာ ဆက်ကာ စစ်အစီအစဉ်ဖြင့် ခင်းကျင်းချီတပ်သွားကြလေ၏။ စစ်သားများမှာ လှံ၊ ဒိုင်း၊ ဓား အစရှိသော လက်နက်များကိုင်ဆောင်ကြလျက် ကြံ့ခိုင်သန်မာသော ကိုယ်ကာယရှိကြသည့်ပြင် အချို့မှာ အဝါရောင်၊ အချို့မှာ အဖြူရောင်၊ အချို့မှာ နီကျင်ကျင်အရောင်ရှိသော ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်လျက်ရှိကြ၏။ အဖြူရောင် ကိုယ်ကြပ်အင်္ကျီများမှာ ယခုခေတ် ဒန်ရောင်ကဲ့သို့ နေရောင်တွင် တပြောင်ပြောင် တလက်လက် တောက်ပြောင်လျက်ရှိကြ၏။

ထူးဆန်းသော အခြင်းအရာမှာ ဆင်တပ်များမှဆင်များသည် အလွန်ရှည်လျားသော အစွယ်ကြီးများရှိကြသည်ဖြစ်၍ မြေကြီးသို့တိုင်အောင် ထိုးဆင်းသွားပြီးမှ အထက်သို့တဖန်ကော့၍ တက်သွားကြ၏၊ ထို့ပြင် အများအားဖြင့် ဆင်များ၏ ကိုယ်လုံးများမှာ အကန့်တိုသဖြင့် ခေတ်ကာလဆင်များကဲ့သို့ အချိုးအစား မကျနချေ၊ ၎င်းတို့သည် အလွန်ရိုင်းသေးဟန် လက္ခဏာနှင့် စစ်ချီတက်နေသည့် အခိုက်၌ပင် တစ်ကောင်ကိုတစ်ကောင် အစွယ်များဖြင့် ထိုးကြသောကြောင့် မျက်စိအောက်၌ပင် ဆင်ကြီးတစ်ကောင် အူပေါက်ထွက်သေဆုံးသွားသည်ကို မြင်လိုက်ကြရ၏။ အခြားဆင်များသည် ၎င်းဆင်သေကောင်ကြီးအနီးမှ လျှောက်သွားကြစဉ် ခြေထောက် နှာမောင်း နားရွက် စသည်တို့ကို





တစ်ဖဲ့စီ တစ်ဖဲ့စီ ချိုးဖဲ့ဝါးစားသွားကြသည်ကို မြင်လိုက်ရသေး၏။

မြင်းများမှာလည်း အလွန်တရာ ခြေတန်ရှည်လှသောကြောင့် နွားကောင်ကြီးများနှင့်တူလှပေ၏။ ၎င်းတို့သည်လည်း စစ်ချီတက်ရင်း တစ်ကောင်ကို တစ်ကောင် ကန်ကျောက်ကိုက်ဖဲ့သွားကြသဖြင့် တဝီးဝီး တဟီးဟီးအသံများဖြင့် ဆူညံနေတော့၏။ ထူးဆန်းသော အချက်တစ်ခုမှာ မြင်းများသည် ခြေတန်ရှည်လှသောကြောင့် မြင်းတစ်ကောင်လျှင် လူနှစ်ယောက်စီ စီးနင်းလိုက်ပါနိုင်ကြ၏။

၎င်းနောက် ရထားတပ်များ ချီတက်လာကြရာ ၎င်းတို့မှာ ပြာသာဒ်များဖြင့် အဆင့်ဆင့် အချွန်းချွန်းရှိနေ၍ စစ်သားများသည် တစ်ယောက်ဦးခေါင်းထက်မှတစ်ယောက် တစ်ဆင့်စီတစ်ဆင့်စီထိုင်လျက် လိုက်ပါလာကြသဖြင့် စစ်ရထားတစီးလျှင် စစ်သား၂၀ မှ ၅၀ အထိ လိုက်ပါနိုင်ကြ၏။ စစ်ရထားများမှာ မြင်းများတပ်ဆင်ထားခြင်းမရှိဘဲ အလိုအလျောက် လှုပ်ရှားသွားလာနိုင်ကြခြင်းကို ထောက်သဖြင့် စက်ကိရိယာဖြင့် မောင်းနှင်ရမည့် လက္ခဏာရှိပေ၏။

အထူးအဆန်းဆုံးသော စစ်ယာဉ်များသည်ကား လေယာဉ်ပျံများပေတည်း။ ၎င်းတို့သည် မြေပြင်နှင့်ကပ်လျက် အလွန်ဖြည်းညင်းစွာ ဝဲပျံနိုင်ကြသည်ဖြစ်ရာ ၎င်းတို့၏အတောင်များသည် ခေတ်ကာလလေယာဉ်ပျံအတောင်များကဲ့သို့ အသေမဟုတ်ဘဲ ငှက်၏အတောင်များကဲ့သို့ လေထဲ၌ခတ်လျက် ရှိကြမည်ကို တွေ့ရပေ၏။

အကြီးအကဲဖြစ်သူ တစ်ယောက်လိုက်ပါသော လေယာဉ် တစ်စင်းမှာမူ အခြားလေယာဉ်ပျံများ ကျော်လွန်သွားသည့်တိုင်အောင် ဘုရင်၏ရှေ့တော်၌ တန့်ရပ်နေသည်ကိုပင် တွေ့ရ၏။ လေယာဉ်ပျံများ၏ ပုံသဏ္ဌာန်မှာလည်း ယခုလက်ထက် လေယာဉ်ပျံများကဲ့သို့ ရှင်းရှင်းရိုးရိုး မဟုတ်ဘဲ ပြာသာဒ်များသဖွယ် အဆင့်ဆင့်ရှိ၍ တံခွန်၊ ကုက္ကားအစရှိသည့် အချွန်အတက်များဖြင့် ဝေဝေဆာဆာရှိနေကြ၏။ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကာလ လေယာဉ်ပျံများကဲ့သို့ နားငြီးအောင် မြည်ဟိန်းခြင်းမရှိဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ပျံသန်းကြသည်ကို တွေ့ရပေ၏။

ကျွန်ုပ်တို့ကြည့်နေသည့် စစ်ချီတက်သော အခမ်းအနားသည် ဘိုင်စကုတ်ကားတစ်ခုသဖွယ် ကွယ်ပျောက်သွား၍ စစ်မြေပြင်ကြီးတစ်ခု ပေါ်ထွက်လာရာ နှစ်ဖက်သော ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ် များသည် တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် တိုက်ခိုက်ကြသဖြင့် မြေပြင်တစ်ခုလုံး သွေးချောင်းစီးလျက်ရှိကုန်၏။

၎င်းစစ်ပွဲ၌ မြင်းတပ်များသည် မြင်းတပ် အချင်းချင်းသော် လည်းကောင်း၊ ဆင်တပ်သည် ဆင်တပ်အချင်းချင်းသော်လည်းကောင်း၊ ခြေလျင်တပ်သည် ခြေလျက်တပ် အချင်းချင်းသော် လည်းကောင်း တိုက်ခိုက်ကြသည်ဖြစ်ရာ ဥပမာအားဖြင့် မြင်းတပ်တစ်တပ်က ခြေလျင် တပ်တစ်တပ်ကို တိုက်ခိုက်သည်ဟူ၍ မရှိချေ။ ၎င်းတို့တိုက်ခိုက်ကြ သည့်အနက် လေယာဉ်ပျံတပ်ချင်း တိုက်ခိုက်သည့်ပွဲမှာ ကြည့်ရှု၍ အကောင်းဆုံး ဖြစ်တော့၏။

၎င်းတို့သည် စာကလေးငှက်များသဖွယ် တစ်စင်းပေါ်သို့ တစ်စင်း ပေါ့ပါးလျင်မြန်စွာ ထိုးတက်ပျံဝဲ၍ လှံများ ဓားများဖြင့် မိုးရွာသွန်း ချသည့်အလားကဲ့သို့ မရပ်မနားပစ်ချကြကုန်၏။ ၎င်းတို့သည် အတောင် တွင် အသက်တည်နေသည့် လက္ခဏာနှင့် တစ်စင်းကို တစ်စင်း အတောင်ကျိုးအောင် အထူးကြိုးစား တိုက်ခိုက်ကြပေရာ အတောင် ကျိုးသော လေယာဉ်ပျံများသည် မြေပေါ်သို့ကျ၍ အရှုံးပေးကြရ၏။ သို့သော် ယခုလက်ထက် လေယာဉ်ပျံများကဲ့သို့ ကျွမ်းထိုးမှောက်ခုန် ထိုးမကျဘဲ တဖြည်းဖြည်းဝဲလျက်သာ ကျ၏။

ထို့နောက် ၎င်းအခန်း ကွယ်ပျောက်သွားပြန်၍ ဘုရင်တစ်ပါး ညီလာခံဝင်သောအခန်း ပေါ်လာပြန်ရာ မှူးမတ်အစုံအညီ ခံစားလျက် ရာဇပလ္လင်ထက်တွင် ထိုင်နေသောဘုရင်မှာ အခြားမဟုတ်၊ မဟာဒေဝ





ဖြစ်ကြောင်း တွေ့မြင်ကြရ၏။

နန်းတော်အတွင်း၌ မှူးမတ်အစုံအညီ ခစားလျက်ရှိစဉ် နန်းတော် အပြင်၌ကား လေယာဉ်ပျံကြီးတစ်စင်းကို လေယာဉ်ပျံငယ် ငါးစင်း ခြံရံလျက် ကောင်းကင်မှ မြေသို့သက်ဆင်းနေရာ လေယာဉ်ပျံကလေး များပေါ်မှ လူတစ်စုသည် လေယာဉ်ပျံကြီးရှိရာသို့ လျှောက်ကြ၍ ရိုသေ ကိုင်းရှိုင်းသော အမူအရာဖြင့် ရှေ့တွင်ရပ်တန့်နေကြလေ၏။

လေယာဉ်ပျံကြီးပေါ်၌ကား တောက်ပြောင်သော အဝတ်အစား တို့ဖြင့် ဆင်ယင်ဝတ်စား၍ သမီးကညာလေးယောက်ခြံရံကာ မှီအုံး ကြီးများပေါ်၌ စည်းစိမ်ခံသော အမူအရာနှင့် ထိုင်နေသော လူတစ် ယောက်သည် လက်ဆောင်ပဏ္ဏာများကို ကလပ်တစ်ခုပေါ်တွင်တင်၍ အခြားကလပ်တစ်ခုပေါ်၌ စာချွန်တစ်ခုတင်ကာ ပေးအပ်လိုက်ရာ လူများသည် ကလပ်နှစ်ခုတို့ကိုပိုက်လျက် နန်းတော်အတွင်းသို့ ဝင်လာ ကြလေ၏။

ညီလာခံဝင်လျက်ရှိသော ဘုရင်ရှေ့မှောက်သို့ ရောက်လတ်သော် သံတမန်နှင့်တူသော သူတစ်ယောက်သည် လက်ဆောင်ပဏ္ဏာများ ပါသော ကလပ်ကို ဘုရင်အား ရှေးဦးစွာဆက်သ၍ စာချွန်ပါရှိသော ကလပ်ကို နောက်မှ ဆက်သလေ၏။

ဘုရင်သည် လက်ဆောင်ပဏ္ဏာများကို မြင်ရသောအခါ ဟဒယ နှလုံး ရွှင်ပြုံးနှစ်သက်ဟန် တူသော်လည်း သံတော်ဆင့်က စာချွန်ဖတ်ပြ သောအခါတွင်မူကား ဘုရင်၏မျက်နှာထားသည် ရွာတော့မည့်မိုးကဲ့သို့ မှိုင်းညို့သုန်မှုန်သွားလေ၏။ အကြောင်းမူကား ၎င်းစာချွန်မှာ သမီးတော် စန္ဒာဒေဝီကို မိမိအား ဆက်သရမည်ဟု စကြာမင်းက ပေးပို့လိုက်သော စာ ဖြစ်ပေသောကြောင့်တည်း။

ထိုအခါ မှူးမတ်တို့သည် တန်ခိုးကြီးသော စကြာမင်းကို အန္တုဗလ ပြုခြင်း၏ ဘေးရန်များသောအဖြစ်ကို သိမြင်ကြဟန် လက္ခဏာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်အား ဖျောင်းဖျောင်းဖျဖျ တင်လျှောက်ကြသော်လည်း ဘုရင်ကမူ ရာဇမာန်ရှသည့်လက္ခဏာနှင့် သံတမန်အား ငေါက်ငမ်းကြိုးဝါးကာဖြင့် ပြန်ကြားလိုက်ရာတွင် သံတမန်က 'နေနှင့်ကြဦး၊ ခုနစ်ရက်အတွင်း စကားမပြန်လျှင် သိစေမည်' ပြောပြီးလျှင် ဘုရင်ရှေ့တော်မှ ဆောင့်ကြွားကြွား အမူအရာနှင့် ထွက်လာခဲ့လေ၏။

ဘုရင်ကမူ သံတမန်ပြန်သွားပြီသည့်နောက် စဉ်းစားတွေဝေနေပြီးမှ မိမိပြုမိသော အပြုအမူကို နောင်တရဟန်လက္ခဏာနှင့် ရာဇပလ္လင်ထက်မှ ဆင်းသက်ပြီးလျှင် သမီးတော်၏ အဆောင်တော်သို့ ကူးသွားလေ၏။

သမီးတော်မှာမူ မနီးမဝေးတွင် အပျိုတော်များက စောင့်ကြပ်လျက် အဆောင်တော်အတွင်း ဆိုဖာကြီးတစ်ခုပေါ်တွင် မင်းသားနှင့်တူသော လူတစ်ယောက်နှင့် ချစ်စကားကြိုက်စကားပြောနေကြဟန်နှင့် ကြင်နာရင်းနှီးသောအမူအရာဖြင့် အတူထိုင်လျက်ရှိကြရာ အပျိုတော်များသည် ဘုရင်ဝင်လာသည်ကို မြင်သဖြင့် သမီးတော်ထံ အချက်ပေးမည် ပြုကြသော်လည်း နောက်ကျနေခဲ့လေပြီ။

သို့ဖြစ်၍ ဘုရင်သည် အဆောင်တော်အတွင်းသို့ ဝင်မိသည်နှင့် တပြိုင်နက် ပိုင်ပိုင်နိုင်နိုင် အခြေတကျ ထိုင်လျက်ရှိကြသော သမီးရည်းစားနှစ်ယောက်တို့ကို မြင်လိုက်ရသောအခါ သံလျက်ကို ရုတ်တရက်ဆွဲ၍ ထုတ်လိုက်၏။

ထိုအခါ မင်းသားကလေးသည် ဘုရင်ဘက်သို့ ကျောခိုင်းလျက်ထိုင်နေရာ မင်းသမီး၏မျက်နှာထား ပြောင်းလဲခြင်းကို မြင်သည်တွင်မှ နောက်သို့လှည့်ကြည့်လိုက်ရာတွင် ဘုရင်နှင့် မျက်နှာချင်းဆိုင်မိကြလေ၏။

ကျွန်တော်တို့လည်း မင်းသားကလေး၏ မျက်နှာကို ယခုတွေ့မြင်ကြရသည်ဖြစ်၍ ကိုဖူးညိုက ကျွန်တော့်အားလက်ကုတ်၍ ပြုံးလေ၏။ စင်စစ်သော်ကား ထိုမင်းသား၏မျက်နှာမှာ ကျွန်တော်၏မျက်နှာအတိုင်း တသဝေမတိမ်း တူညီလျက်ရှိနေသောကြောင့် ကျွန်တော်တို့မှာ အံ့အားသင့်စွာ ငေးကြည့်နေကြရလေ၏။





ထိုခဏ၌ မဟာဒေဝသည် ကြမ်းပြင်ကို ခြေထောက်ဖြင့် ဆောင့်လျက် ငေါက်ငန်း၍ခေါ်လိုက်ရာ စန္ဒာဒေဝီမှာ အလွန်ထိတ်လန့်တုန်လှုပ်သောအမူအရာနှင့် ဖခမည်းတော်၏ ခြေရင်းတွင် ပြားပြားဝပ်လျက် ရှိသော်လည်း ကျွန်တော်နှင့်တူသော မင်းသားကလေးကမူ မထီတရီ ပမာမခန့် အမူအရာမျိုးလည်းမဟုတ်၊ ကြောက်အားတကြီး ပျာရိပျာရာလည်း မဟုတ်၊ တုန်လှုပ်ခြင်းကင်းလျက် ရိုသေခြင်းနှင့် လေးစားခြင်းတို့ ပေါင်းစပ်လျက်ရှိသော အမူအရာမျိုးဖြင့် ခန့်ငြားစွာ ထိုင်ရာမှထပြီးလျှင် 'တန်ခိုးကြီးသော ပြည့်ရှင်မင်းပင် ဖြစ်လင့်ကစား ရိုးရိုးသားသားနှင့် တည်တည်ကြည်ကြည် စွဲစွဲမြဲမြဲ ချစ်ခင်စုံမက်လျက်ရှိသော မိမိတို့၏ ချစ်မေတ္တာကို ဖျက်ဆီးပစ်ရန် ထိုက်လည်းမထိုက်၊ ဖြစ်လည်းမဖြစ်နိုင်ကြောင်း၊ မိမိမှာလည်း တိုင်းငယ်ပြည်ငယ်မှ ဘုရင်တစ်ပါး၏သားဖြစ်သဖြင့် ဂုဏ်ရည်ချင်းမတူဆိုစေကာမူ သူ့ပြည်နှင့်သူ အမြင့်မြတ်ဆုံး အမျိုးအနွယ်မှ ဆင်းသက်ပေါက်ဖွားလာခဲ့သူဖြစ်သောကြောင့် စန္ဒာဒေဝီနှင့် မထိုက်တန်ဟု မဆိုနိုင်ကြောင်း၊ စန္ဒာဒေဝီကဲ့သို့သော မင်းသမီးကို မိဖုရားတင်မြှောက်ခဲ့ရသည်ရှိသော် မိမိသည် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း စိုးပိုင်ရသောအဖြစ်သို့ တစ်နေ့နေ့၌ တိုင်ရောက်ရအောင် လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် စွမ်းဆောင်နိုင်လိမ့်မည် ဖြစ်ကြောင်း'များနှင့် ရဲရဲတောက် တင်လျှောက်လေ၏။

ထိုအခါ မဟာဒေဝသည် သံလျက်ကို အိမ်ထဲသို့ ပြန်ထည့်၍ အတန်ကြာအောင် လက်ပိုက်ကာ စဉ်းစားနေပြီးနောက် စန္ဒာဒေဝီကို ယခင်ကလေးပင် စကြာမင်းက 'ကောက်'သွားပြီဖြစ်ကြောင်း၊ သမီးတော်ကို အလိုရှိခဲ့လျှင် စကြာမင်းကို တိုက်ခိုက်ရမည်ဖြစ်ကြောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၍ စကြာမင်းနှင့်တိုက်ခိုက်ရန် ရဲစွမ်းသတ္တိရှိပါ၏လောဟု မေးမြန်းရာ မင်းသားကလေးက စကြာမင်း တစ်ပါးမျှမက ဆယ်ပါးကိုပင် တပြိုင်နက်တည်း တိုက်ခိုက်ဝံ့ကြောင်းများနှင့် ပြန်ပြောလေ၏။

ထို့နောက် ၎င်းအခန်းကွယ်ပျောက်သွားပြန်၍ စန္ဒာဒေဝီက မင်းသားကလေးအား လျှို့ဝှက်သောပညာများ သင်ပြပေးနေပုံများကို မြင်ကြရလေ၏။

ကိုယ်ဖျောက်နိုင်သောအတတ်၊ ဆင်ယောင် မြင်းယောင် မျောက်ယောင် စသည်ဖြင့် လူတစ်ကိုယ်တည်းကို အမျိုးမျိုးဖန်ဆင်းနိုင်သောအတတ်၊ တစ်နေရာမှ တစ်နေရာသို့ ချက်ချင်း ပေါက်ရောက်အောင် ရွှေ့ပြောင်းသွားလာနိုင်သောအတတ်၊ လက်နက်အမျိုးမျိုးတို့မှ ကာကွယ်နိုင်သောအတတ် စသည့် ထူးဆန်းအံ့သြဖွယ်သော အတတ်ပညာအမျိုးမျိုးတို့ကို လက်ထပ်သင်ပြပေးနေလေ၏။

ထို့နောက် တစ်ခန်းပြောင်းလဲသွားပြန်၍ စစ်မြေပြင်ကြီးတစ်ခု ပေါ်လာလေရာ တစ်ဖက်၌ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ လေယာဉ်ပျံတပ်၊ ခြေလျင်တပ် စသည့်တို့ကို မင်းသားကလေးက ဦးဆောင်လျက်ရှိ၏။ အခြားတစ်ဖက်၌ကား လူသားစစ်သည်တော်ဟူ၍ မတွေ့ရဘဲ ကျွန်တော်တို့ တစ်ကြိမ်တခါမျှ မတွေ့မြင်ရဖူးသည့် ထူးဆန်းသောသတ္တဝါကြီးများချည်း စီတန်းလျက်ရှိလေရာ ၎င်းတို့ကို စကြာမင်းက ဦးစီးခေါင်းဆောင်ပြုလျက် ချီတက်လာကြ၏။

အချို့မှာ ရှည်ရှည်လျားလျားရှိ၍ အမောက်ကြီးများနှင့် လည်းကောင်း၊ အချို့မှာ ထက်မြက်မောက်ချွန်းသော နှုတ်သီးကြီးများနှင့်လည်းကောင်း၊ အချို့မှာ ဦးချိုလေးချောင်းနှင့်လည်းကောင်း၊ အချို့မှာ ခြေထောက်ခြောက်ချောင်းနှင့်လည်းကောင်း၊ အချို့မှာ ဖင်နှစ်ခွနှင့်လည်ကောင်း၊ အချို့မှာအတောင်ကြီးများ အစွယ်ကြီးများ အမြီးကြီးများနှင့်လည်းကောင်း၊ ထူးဆန်းသော ကိုယ်ကာယနှင့် မျက်နှာများ





ရှိကြသောကြောင့် ကျမ်းဂန်များ၌တွေ့ရသည့် နဂါး ဂဠုန် ဂုမ္ဘန် ယက္ခ မနုသီဟ တိုးနယား အစရှိသော သတ္တဝါများ ဖြစ်လေသလောဟု တွေးတောကြရ၏။

စကြာမင်းမှာမူ ပြာသာဒ်ဆောင်ကလေးနှင့်တူသော လေယာဉ်ပျံ ကလေးပေါ်တွင် တစ်ကိုယ်တည်းစီးနင်းလိုက်ပါလျက်ရှိရာ မည်သူက မောင်းနှင်၍ မည်ကဲ့သို့သော စက်ကိရိယာမျိုးနှင့် ပျံသန်းနိုင်သည်ဟူ၍လည်း မသိရချေ။

တပ်ကြီးနှစ်တပ် ဆိုင်မိကြသောအခါ စကြာမင်း၏ မြေသတ္တဝါများသည် မင်းသားကလေး၏ ခြေလျင်စစ်သည်များနှင့် တိုက်ခိုက်ကြ၍ ကောင်းကင်သတ္တဝါများသည် လေယာဉ်ပျံများနှင့် တိုက်ခိုက်ကြလေရာ စစ်မြေပြင်အနီးရှိ အင်းအိုင်ကြီးများ၌လည်း ရေသတ္တဝါများသည် လှေများ၊ ပိန်းကောများနှင့် တိုက်ခိုက်ကြလေ၏။

သတ္တဝါကြီးများသည် အစွယ်ဖြင့်လည်းကောင်း၊ ပါးစပ်ဖြင့် လည်းကောင်း၊ နှုတ်သီးဖြင့်လည်ကောင်း၊ အမြီးဖြင့်လည်ကောင်း၊ ကိုယ်လုံးရိုက်၍လည်ကောင်း မိမိတို့ကျင်လည်သလို တိုက်ခိုက်ကြရာတွင် ခံတွင်းတို့မှ အသံကုန်ထုတ်ကာ ဟိန်းဟောက်မြည်တွန်ကြလေရကား နားကွဲရတော့မတတ် ကြောက်မက်ဖွယ် နက်ကျယ် ဆူညံသော အသံများ ဖြစ်ပေါ်လာလေ၏။ အချို့မှာ မီးတောက်မီးလျှံများဖြင့် ဝင်းကနဲ လက်ခနဲ လင်းကနဲ ဖြစ်ပေါ်အောင် တိုက်ခိုက်ကြလေရာ အချို့မှာလည်း မီးခိုးလုံးကြီးများ အလိပ်လိပ်တက်၍ တစ်ကောင်းကင်လုံး မှောင်မဲလျက်ရှိစေ၏။

ထိုအတောအတွင်း စူးကနဲ ဝေါကနဲ ဝုန်းကနဲ ဝါးကနဲ မြည်အော်သံများ၊ ဒိုင်းကနဲ ဒုန်းကနဲ ဒေါင်းကနဲ ဒက်ကနဲ ထိခိုက်သံများ၊ အုံးကနဲ အင်းကနဲ ဗုန်းကနဲ ဗင်းကနဲ ကိုယ်လုံးချင်းရိုက်သံများ၊ ရှူးကနဲ ရှားကနဲ အခိုးမှုတ်သံများ၊ ဟုန်းကနဲ ဝုန်းကနဲ ဟူးကနဲ ဟောက်လောင်



www.burmeseclassic.com

www.burmeseclassic.com



သံများ၊ ထိန်းကနဲ ထိုင်းကနဲ ဒိုင်းကနဲ ဂျောင်းကနဲ ပစ်ခတ်သံများသည်လည်း ဂိန်ကနဲ ဝေါကနဲ ဟောကနဲ အင့်ကနဲ မြည်အော်သည့် အသံများနှင့် ရောနှောထွက်လာသဖြင့် အဝီစိမှ ဆူပွက်၍တက်လာသည်ဟု မှတ်ထင် ရလောက်ပေ၏။

ကျလိုက်သော တိရစ္ဆာန်များ စစ်သားများ သတ္တဝါအဆန်းများသည် မြေပေါ်တွင် အတုံးအရုံးဖြစ်နေ၍ ယိုထွက်စီးကျသော သွေးများသည်လည်း ချောင်းကလေးများသဖွယ် နိမ့်ရာရာသို့စီးဆင်း၍ ချိုင့်ဝှမ်းရာ အရပ်များတွင် အိုင်ထွန်းလျက်ရှိကြ၏။

အချို့သောသတ္တဝါကြီးများသည် ကိုယ်လုံး အလွန်တရာ ထွားကြိုင်းကြီးမားလှသောကြောင့် ဝရဇိန်ပမာပြင်းထန်လှစွာသော ယန္တရားစက်လက်နက်များဖြင့်သာ ထိမှန်ကျဆုံးနိုင်ဖွယ်ရာ အကြောင်းရှိပေရာ ၎င်းတို့ကို ထိမှန်သဖြင့် မြေပေါ်တွင်လူးလိမ့်သည့် အခါများတွင်လည်း သစ်ပင်လုံးကြီးများပင် မခံနိုင်ဘဲ အမြစ်ပါကျွတ်လဲကြရလေကုန်၏။

မင်းသားကလေး၏ စစ်သားများသည် သာမန်ခေတ်က လူမျိုးဖြစ်ခဲ့လျှင် ထိုသတ္တဝါကြီးများ၏ ဟိန်းဟောက်သံများနှင့်ပင် နားများပေါက်ကွဲ၍ သေဖွယ်ရာအကြောင်းရှိ၏။ ယခုကား ထိုစစ်သားများသည် ထူးဆန်းသော သတ္တဝါများနှင့် ဘက်ပြိုင်တိုက်ခိုက်ရန်အတွက် ထူးဆန်းသော လက်နက်များနှင့် အကာအကွယ်များ ဆောင်လျက်ရှိကြ၏။

တစ်နေရာ၌ စစ်သားတစ်ယောက်သည် မြွေနဂါးနှင့်တူသော သတ္တဝါကြီးတစ်ကောင်နှင့် တိုက်ခိုက်လျက်ရှိရာ မြွေကြီးသည် စစ်သားကို ကိုယ်လုံးဖြင့်ရစ်ဖမ်း၍ စစ်သား၏ကိုယ်ကို လည်ပင်းမှခြေဖျားသို့တိုင်အောင် တစ်ရစ်စီ တစ်ရစ်စီ ရစ်ပတ်ခါ ဖျစ်ညှစ်၍သတ်မည်ပြု၏။ ထိုအခါ စစ်သားသည်ရန်သူအားထိုးခုတ်လျက်ရှိသောဓားကို ရုပ်သိမ်း၍ ရင်ဘတ်၌ အလျားလိုက်ကပ်ကာ ထောင်ထားလိုက်ရာ မြွေကြီးသည် လူကိုယ်ရော ဓားသွားပါ ရစ်ပတ်လေရကား တစ်ပိုင်းစီ တစ်ပိုင်းစီ





ပြတ်သတ်ကျသွားရလေတော့၏။

အခြားတစ်နေရာ၌ကား နှုတ်သီးချွန်ထက်၍ ဂဠုန်နှင့်တူသော သတ္တဝါကြီး တစ်ကောင်သည် စစ်သားတစ်ယောက်ကို ကိုင်ဖမ်း၍ မြေပေါ်၌ ပက်လက်လှန်ထားပြီးလျှင် ထက်ချွန်သော နှုတ်သီးဖြင့် ဝမ်းဗိုက်ကို ပေါက်သတ်မည်ပြုရာ စစ်သား၏ လက်မောင်းကြားမှ ထက်မြက်သောလှံသွားတစ်ခု ပေါ်ထွက်လာ၍ နှုတ်သီးချက်လာတိုင်းလာတိုင်း လှံသွားဖြင့် ကာကွယ်ထားလေ၏။ သတ္တဝါကြီးသည် လှံသွားကို ရှောင်တိမ်း၍ ဝမ်းဗိုက်ကိုသာ ထိအောင်ပေါက်ဖို့ ကြိုးစားပါသော်လည်း တစ်ချက်မျှ မျက်မှန်းလွဲသွားရာတွင် ခံတွင်းသို့ လှံသွားစူးဝင်သွားသဖြင့် ဆန့်ငင်ဆန့်ငင်နှင့် အသက်ထွက်ရလေ၏။

ထို့ပြင် ဓားစကြာရသော စစ်သားများက တစ်စင်းတည်းသော ဓားဖြင့် သတ္တဝါကြီးလေးငါးကောင်၏ လည်ပင်းကို ခုတ်ပိုင်းခြင်း၊ လှံစကြာရှင် စစ်သား၏လှံသွားတွင် သတ္တဝါကြီးလေးငါးကောင်သည် တံစို့နှင့် ထိုးသီထားသကဲ့သို့ တန်းလန်းကြီး စူးဝင်နေခြင်း၊ တုတ်စကြာရှင်များက တဖုန်းဖုန်း တဖိုင်းဖိုင်းရိုက်လှဲသဖြင့် တုံးကနဲ တုံးကနဲ လဲကျခြင်းများလည်း တွေ့မြင်ရသေး၏။

တစ်ဖက်ကမူ လူသားမဟုတ်သည့်အတွက်ကြောင့် လက်နက်များမပါဘဲ နှုတ်သီး အစွယ် သွား အမြီးစသည်တို့ဖြင့်သာ ခုခံရသော်လည်း အစွယ်စူး၍ကျသူများ၊ အမြီးရိုက်၍ကျသူများ၊ ကိုယ်လုံးဖြင့်ဖိ၍ ခြေဖြင့်နင်းချခြင်းခံရသူများသည် စစ်မြေပြင်တွင် အတုံးအရုံးကျဆုံးလျက်ရှိကြ၏။ အတောင်ပါသော သတ္တဝါကြီးများသည် လေယာဉ်ပျံများနှင့် တိုက်ခိုက်ကြသဖြင့် လေယာဉ်ပျံသော်လည်းကောင်း၊ သတ္တဝါကြီးများသော်လည်းကောင်း၊ မြေပေါ်သို့ တဖုန်းဖုန်း ထိုးကျလျက်ရှိကြ၏။

စစ်မြေပြင် တစ်နေရာ၌ကား ကျွန်တော်နှင့်တူသော မင်းသားကလေးသည် စကြာမင်းဆိုသူနှင့် တစ်ယောက်ချင်း ရင်ဆိုင်တိုက်ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိကြရာ စကြာမင်းသည် လေယာဉ်ပျံစီးလျက်တိုက်၍ မင်းသား ကလေးမူကား အတောင်ရှိသော မြင်းတစ်ကောင် (မြင်းပျံ)ကို စီးလျက် တိုက်ခိုက်၏။

စကြာမင်းက မင်းသားကလေးအပေါ်သို့ လှံမိုးရွာချလိုက်ရာ မင်းသားကလေးသည် ဂါထာရွတ်ဟန်နှင့် နှုတ်မှတတွက်တွက်ရွတ်၍ လက်ကိုဆန့်တန်းလိုက်သည်တွင် ဦးခေါင်းထက်၌ သံထီးကလေးများ ပေါ်လာ၍ လှံသွားမိုးသည် မင်းသားကိုမထိဘဲ ထီးကိုသာ ထိမှန်ပြီး မြေပေါ်သို့ ချော်ကျသွားလေကုန်၏။

ထို့နောက် မင်းသားကလေးသည် ပုရပိုက်တစ်ဆူပေါ်တွင် အင်းချ ၍ ပုရပိုက်ကို မီးရှို့လိုက်ရာ မီးကွင်းကြီးတစ်ကွင်း ပေါ်ထွက်လာ၍ စကြာမင်း၏ ဦးခေါင်းဆီသို့ ချာလပတ်လည်ကာ ပြေးသွားလေရာ စကြာမင်းသည် ရေတစ်ခွက်ကိုကိုင်၍ အဓိဋ္ဌာန်ပြုဟန်နှင့် မန်းမှုတ်ပြီး နောက် ပက်ဖျန်းလိုက်ရာတွင် မီးကွင်းပေါ်သို့ကျ၍ ငြိမ်းသွားလေ၏။

ထို့နောက်စကြာမင်းသည် မြွေနှင့်တူသော အရာတစ်ခုကို ထုတ် ၍ မင်းသားကလေးဘက်သို့ မျက်နှာမူကာ မှုတ်လိုက်ရာတွင် မိုးချုန်း သကဲ့သို့သော အသံကြီးပေါ်ထွက်လာ၍ မင်းသားကလေး၏ ပတ်ဝန်း ကျင်တဝိုက်တွင် ကျည်ဆန်များသည် တဖျောင်းဖျောင်း ပေါက်ကွဲ လျက်ရှိလေ၏။

မင်းသားကလေးမူကား မြင်းသံခွာနှင့်တူသော အရာဝတ္ထုတခုကို မန်းမှုတ်ကာ ကိုင်ထားလိုက်ရာ ကျည်ဆံများသည် သံလိုက်ဖျားတွင် အပ်များတွယ်နေဘိသကဲ့သို့ ထိုအရာဝတ္ထု၏ အစွန်းအဖျားများတွင် ငြိတွယ်လျက်ရှိကြလေ၏။ ထို့နောက် မင်းသားကလေးသည် လေး တစ်ချောင်းကို ကောက်ယူ၍ တစ်ချက်ပြီးတစ်ချက် ဆင့်ကာဆင့်ကာ ပစ်လွှတ်လေရာ မြွားတံများသည် စကြာမင်းရှေ့၌ ကန့်တော့ပွဲများ ဖြစ်ကာ စီတန်းလျက်ကျနေလေ၏။





ထိုအတောအတွင်း၌ စန္ဒာဒေဝီနှင့် မဟာဒေဝတို့သည် နန်းတော် ပြာသာဒ်ဆောင်ထက်မှ စစ်ပွဲကို မျှော်ကြည့်လျက်ရှိကြရာ မြွားတံက ကန့်တော့ပွဲဖြစ်ရခြင်းကို မြင်ရသောအခါ၌ မင်းသားကလေးဘက်မှ အခြေမလှပဟု ရိပ်မိဟန်လက္ခဏာနှင့် စန္ဒာဒေဝီမှာ ထိတ်လန့်တုန်လှုပ် သော အမူအရာမျိုး ဖြစ်ပေါ်လာလေ၏။

နောက်တခဏ၌ စကြာမင်းသည် လေယာဉ်ပျံထက်မှ ကိုယ်ကို ယိမ်းနွဲ့လျက် ကြိုးတစ်ချောင်းကို အခွေလိုက် ပစ်ချလိုက်ရာ ကြိုးသည် အကွင်းလိုက်ကျဆင်းလာ၍ မြင်းပျံအနီးသို့ရောက်သော် ဦးခေါင်းကဲ့သို့ ပါးပျဉ်းထောင်ကာ မြင်းပျံတစ်ကိုယ်လုံးကို ရစ်ပတ်လေတော့၏။

မြင်းပျံသည် ခြေလက်တို့ဖြင့် ကန်ကျောက် ရုန်းဖယ်ငြားသော် လည်း မလွတ်နိုင်ဘဲ တစ်ကိုယ်လုံးကို ကြိုးရစ်ပတ်လျက်ရှိရကား လူရောမြင်းပါ မြေသို့ ကလန်ကလန်နှင့် ထိုးကျသွားလေ၏။ သို့ရာတွင် ဒရောမျောပါးမကျဆင်းဘဲ တဖြည်းဖြည်းမျှသာ ကျဆင်းခြင်းဖြစ်သော ကြောင့် မင်းသားကလေးမှာ မြေကြီးပေါ်တွင် မြင်းကိုခွလျက်ပင် ထိုင် နေသေး၏။

ထိုခဏ၌ သိကြားမင်း၏ ဝရဇိန်လက်နက်တမျှ ပြင်းထန်လှသော မိုးကြိုးစကြာသည် လျှပ်စစ်ရောင် တဝင်းဝင်းဖြင့် မင်းသားကလေး၏ ဦးထိပ်တည့်တည့်သို့ အဟုန်အပြင်းထန်စွာနှင့် ထိုးဆင်းလာရာ ကျွန်တော်တို့မှာ ဒီတစ်ခါသေရှာတော့မည်ဟု အောက်မေ့လိုက်ကြ၏။

သို့ရာတွင် စန္ဒာဒေဝီသည် ပြာသာဒ်ထက်မှ လှမ်း၍ 'ဖျောက်ပစ် လိုက် ဖျောက်ပစ်လိုက်' ဟု အော်ဟစ်ကာ သတိပေးလိုက်ရကား မင်းသားကလေးသည် နဖူးကို လက်ဝါးနှင့်သတ်လိုက်သည်နှင့် တပြိုက်နက် မြင်းပေါ်တွင် မရှိတော့ဘဲ ကွယ်ပျောက်သွားလေ၏။ နောက်ခဏ၌ မိုးကြိုးစကြာသည် မြင်းပျံကို ထိမှန်လေရကား မီးလုံးကြီး ဟုန်းခနဲ ထ၍တောက်ပြီးလျှင် မြင်းပျံမှာ မီးသွေးတုံးကြီးသဖွယ်



www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်လျက် မြေပေါ်တွင် စင်းစင်းကြီးလဲ၍ သေနေတော့၏။

နောက်ခဏ၌ စကြာမင်းသည် လေယာဉ်ပျံပေါ်မှ ခြေဖြင့် ဆောင့်လိုက်ရာတွင် တစ်ခုသောထောင့်မှ နွားနက်ကြီးတစ်ကောင်သည် ဝတ်တြိန်း ဝတ်တြိန်းဟုတွန်ကာ ပေါ်ထွက်လာ၍ အခြားသောထောင့်မှ နွားဖြူကြီးတစ်ကောင်သည် အလားတူ တွန်မြည်ကာ ပေါ်ထွက်လာပြီး တစ်ကောင်နှင့်တစ်ကောင် အပြင်းအထန် ဝှေ့ကြလေ၏။

တစ်ခါတစ်ရံ နွားနက်ရှုံးမည်ထင်ရ၍ တစ်ခါတစ်ရံ နွားဖြူပြေးတော့မည်ဟု ထင်ရ၏။ တစ်ခါက နွားနက်သည် လည်ခွေသွားသဖြင့် နွားဖြူက လည်ပင်းကို ဦးချိုနှင့်ဖိကာ အတင်းတွန်းဝှေ့သွားရာ နွားနက်သည် နွားအဖြစ်မှ ကျားကြီးတစ်ကောင်အဖြစ်သို့ ရုတ်တရက် ပြောင်းလွဲသွားသည်နှင့် နွားဖြူမှာ လန့်၍ တွန့်ဆုတ်သွားရသေး၏။ သို့ရာတွင် နွားဖြူသည် နောက်တစ်ခဏချင်းတွင် ခြင်္သေ့ကြီးတစ်ကောင် ဖြစ်သွားလေရာ ကျားကြီးနှင့် ခြင်္သေ့ကြီးတို့သည် တစ်ကောင်နှင့်တစ်ကောင်နှင့်တစ်ကောင် မာန်စောင်နေရာမှ အတင်းထိုးဝင်ကိုက်ခဲကြလေ၏။ ကျားသည် ခြင်္သေ့၏မောင်းအိုးဒဏ်ကို မခံနိုင်ဘဲရှိရကား ရုတ်တရက် ကွယ်ပျောက်သွား၍ ကျင်နီတစ်ကောင် ဖြစ်လာပြီးလျှင် ခြင်္သေ့ကြီး၏နှာနုကို ကိုက်ခဲထားလေ၏။

ခြင်္သေ့ကြီးမှာ ကျား၏လည်ပင်းကို ခဲထားသော ပါးစပ်သည် သစ်မြစ်တခုကို ကိုက်ခဲထားလျက်ရှိနေရာမှ နှာနုကို ကျင်နီကိုက်သည့်ဒဏ်ကြောင့် မြည်ဟုန်းကာ နောက်ဂျွမ်းပစ်ရင်း ချိုးငှက်တစ်ကောင်ဖြစ်လာ၍ ကျင်နီကို ကောက်စားအံ့ဟု လိုက်ရှာနေလေ၏။ ကျင်နီကမူ ထိုခဏတွင် သိန်းငှက်တစ်ကောင်ဖြစ်လာ၍ ချိုးငှက်ကို လိုက်မည်ပြုလေရာ ချိုးငှက်သည် ဝံလိုငှက်ကြီးဖြစ်လာ၍ တုန့်ပြန်ကာ လိုက်လေ၏။

ထိုအခါ သိန်းငှက်သည် မုဆိုးတစ်ယောက်ဖြစ်၍ ဝံလိုငှက်ကို





လေးနှင့်ပစ်မည်ဟု ချိန်ရွယ်လေရာ နောက်မှ ကျွဲတစ်ကောင်ကဝင်၍ ခတ်လိုက်သောကြောင့် ပက်လက်လန်လျက်ရှိသော မုဆိုး၏မျက်နှာကို သေချာစွာကြည့်ရှုကြရာတွင် မင်းသားကလေးပင် ဖြစ်နေကြောင်း တွေ့ကြရ၏။

နောက်တစ်ခန်းတွင်မူကား စန္ဒာဒေဝီမင်းသမီးသည် အသက်ငွေ့ငွေ့သာကျန်ရှိသော မင်းသားကလေးအနီးတွင် ငိုယိုကာ ဒူးထောက်လျက် 'မောင်တော်ကလွဲလျှင် စကြာမင်းကိုသော်လည်း အလိုမရှိကြောင်း၊ ယခုဘဝ၌ မပေါင်းရလျှင် မောင်တော် လူမဖြစ်မချင်း အတတ်နှင့် စောင့်မျှော်နေမည်ဖြစ်ကြောင်း၊ စကြာမင်းက မောင်တော်ကို အတင်းသတ်နိုင်သော်လည်း မိမိကိုမူကား အတင်းချစ်ကြိုက်အောင် မပြုလုပ်နိုင်ကြောင်း၊ မောင်တော်သည် လူ့ဘဝရရှိသော အခါတွင် ယခုရုပ်ဆင်းသဏ္ဍာန်အတိုင်းရှိ၍ မိမိနှင့်မည်သည့်နည်းနှင့်မဆိုဆုံစည်းစေရအောင် သစ္စာဓိဋ္ဌာန်ပြုရစ်မည်ဖြစ်ကြောင်း' များနှင့် ဖွဲ့နွဲ့ငိုယိုမှာထားလျက် ရှိသည်များကို တွေ့မြင်ကြရလေ၏။

နောက်တစ်ခန်းတွင်မူကား ပထဝီမြေကြီး၏ အလွန်နက်နဲကျယ်ဝန်းလှသော ဥမင်လိုဏ်ခေါင်းကြီးတစ်ခုအတွင်းတွင် စန္ဒာဒေဝီနှင့် မဟာဒေဝတို့သားအဖနှစ်ယောက်သည် သံမဏိကဲ့သို့ပြောင်လက်၍ မှန်ကဲ့သို့ ဖောက်ထွင်းမြင်နိုင်သော သတ္တုဝတ်လုံကြီးများကို ဝတ်ဆင်လျက် ရပ်နေကြစဉ် မန္တလေးတောင်လုံးကြီးတမျှ ကြီးမားလှသော မီးလုံးကြီး တစ်ခုသည် မိုးချုန်းသံထက် ဆယ်ဆလောက်မက ကျယ်လောင်လှစွာသော အသံကြီးဖြင့် မြည်ဟိန်းလျက် ချာလပတ်လည်ကာ တဖြည်းဖြည်း တရွေ့ရွေ့ ရှေ့သို့လိမ့်၍ လာနေလေ၏။

နောက်တစ်ခဏ၌ လျှပ်စစ်ရောင်ထက် ဆယ်ဆမက တောက်သော အလင်းရောင်ကြီး ရုတ်တရက်ဖြစ်ပေါ်လာသဖြင့် ကျွန်တော်တို့မှာ မကြည့်နိုင်သည်နှင့် မျက်စိများကိုမှိတ်လိုက်မိကြရာ တဖန်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်လိုက်သောအခါ၌ အလုံးစုံကွယ်ပျောက်သွား၍ မှောင်အတိ ရှိနေလေတော့၏။

ထိုခဏ၌ စန္ဒာဒေဝီ၏အသံဖြင့် 'ဤသည်ကား ခမည်းတော်သည် ကမ္ဘာ့ချိန်သီးကို ပြောင်းလွဲသည့် လျှို့ဝှက်သော ပညာကို အသုံးပြုခြင်းအားဖြင့် မြေကြီးကို သမုဒ္ဒရာဖြစ်စေ၍ သမုဒ္ဒရာထဲ၌ ကုန်းပေါ်အောင် ဖန်ဆင်းလိုက်ခြင်းဖြစ်သည်'ဟု ပြောပြသည်ကို ကြားလိုက်ကြရ၏။

နောက်တစ်ခဏ၌ကား အလွန်တရာ ကြောက်မက်ဖွယ်ကောင်းလှသော အခန်းတစ်ခန်းကို တွေ့မြင်ကြရသဖြင့် ကျွန်တော်တို့ သုံးယောက်မှာ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားကြရ၏။

သမုဒ္ဒရာ ရေမျက်နှာပြင်ကြီးသည် အလွန်ကြီးမားသော ရေနွေးအိုးကြီးသဖွယ် ပွက်ပွက်ဆူလျက်ရှိရာမှ တောင်လုံးမကသော လှိုင်းလုံးကြီးများသည် မြေပေါ်သို့ လှိမ့်၍လှိမ့်၍တက်လာလေရာ တိုက်တာနေအိမ်များသည် ကလေးသူငယ်များ ဆောက်လုပ်ကစားသည့် စက္ကူဖဲချပ်အိမ်ကလေးများသဖွယ် တဖြုတ်ဖြုတ် လဲပြိုကျကြလေကုန်၏။

မီးတောင်ကြီးများမှလည်း အခိုးလျှံများသည် အထက် ကောင်းကင်သို့တိုင်အောင် ပန်းထွက်လျက်ရှိကြ၏။ လူများသည် ပရွက်ဆိတ်တွင်းကို ရေနှင့်လောင်းလိုက်သောအခါကဲ့သို့ ထိုမှ ဤမှ ပြေးလွှားကြ၍ မြင့်သောနေရာများတွင် စုရုံးတွယ်ကပ်ကာ ရှိနေကြ၏။

ထိုအခြင်းအရာကို တွေ့မြင်ကြရသော ကျွန်တော်တို့မှာ ကမ္ဘာပျက်ခြင်း တစ်မျိုးပေလောဟု အောက်မေ့မိကြ၏။ နောက်ဆုံး၌ လှိုင်းလုံးကြီးများသည် တောကြီးများ၊ မြို့ကြီးများ၊ တောင်ကြီးများ မကျန် လွှမ်းမိုးဖုံးအုပ်သွားလေရကား တစ်ခဏချင်းတွင် ရေပြင်ကြီး ပကတိဖြစ်နေပေတော့၏။

၎င်းရေမျက်နှာပြင်ကြီးအတွင်း တစ်ခုတည်းသော နေရာတွင်





ကျွန်းကလေးတစ်ကျွန်းပေါ်ထွန်း၍ ကျွန်း၏အလယ်၌ တောင်ကြီးတစ်လုံး ပေါ်ထွက်နေရာ တောင်ကြီးအောက်တွင်ရှိသော ဂူကြီးထဲမှ စန္ဒာဒေဝီတို့ သားအဖနှစ်ယောက် ထွက်လာကြသည်ကို မြင်ရသဖြင့် ထိုကျွန်းကား ကျွန်တော်တို့ ယခုရောက်ရှိနေသောကျွန်းပင် ဖြစ်ကြောင်း သိရှိနိုင်ပေ၏။ ဖြစ်ဟန်လက္ခဏာရှိသည်ကား ကမ္ဘာဟောင်းမှ အနည်းငယ်ကြွင်းကျန်သောလူတစ်စုသည် ကုန်းပေါ်သောနေရာသို့ ကံအားလျော်စွာ ဆိုက်ရောက်သွားကြခြင်းအားဖြင့် လူသစ်များ ပေါက်ပွားလာခဲ့ဟန်တူပေ၏။

ကမ္ဘာကြီး နစ်မြုပ်သွားသည်ကို မြင်ရပြီးသည်နောက် စန္ဒာဒေဝီ၏အသံဖြင့် 'စကြာမင်းဟာ ဘယ်လိုပင် ဘုန်းကြီးသော်လည်း ကမ္ဘာ့ချိန်သီးကို လမ်းလွှဲပြောင်းသည့်အတတ်ကိုတတ်သော ခမည်းတော်၏ ပညာစွမ်းကို မခံမရပ်နိုင်ကြောင်း မြင်ကြရပြီ မဟုတ်လော' ဟု ပြောလိုက်ရာ ကျွန်တော်တို့မှာ ဖြေရန်စကားလုံး ရှာမတွေ့သောကြောင့် ဆိတ်ဆိတ်သာ နေလိုက်ကြလေ၏။

နောက်ဆုံး တစ်ခန်းတွင်ကား ကျွန်တော်တို့ ဝင်လာခဲ့သော ဂူကြီးအတွင်း မဟာဒေဝသည် စန္ဒာဒေဝီကို မှန်ခေါင်းထဲသို့သွင်းပြီးနောက် ခေါင်းရင်းတွင်ထိုင်ကာ စန္ဒာဒေဝီ၏ လက်ကိုကိုင်လျက် အသဿာသ၊ ပဿာသ၊ ကမ္ပဋ္ဌာန်း စီးဖြန်းနေဟန်တူပေရာ စန္ဒာဒေဝီ အိပ်ပျော်သွားသောအခါတွင် မှန်ခေါင်းကိုပိတ်၍ အခြား မှန်ခေါင်းတစ်ခုထဲသို့ ၎င်းကိုယ်တိုင်ဝင်လေ၏။ ထို့နောက် မှန်ခေါင်းကိုပိတ်၍ ရင်ဘတ်ပေါ် လက်တင်လျက် အသက်မှန်မှန် ရှူရှိုက်နေဟန်တူပေရာ နောက်ဆုံးတွင် မဟာဒေဝလည်း အိပ်ပျော်သွားလေ၏။

နောက်ဆုံး၌ကား ရုပ်ရှင်ကားသဖွယ် မြင်ကြရသော အခြင်းအရာများသည် ကွယ်ပျောက်သွား၍ ကျွန်တော်တို့သုံးယောက်သည် စန္ဒာဒေဝီရှေ့တွင် ထိုင်လျက်ရှိကြရာ၊ စန္ဒာဒေဝီက ...



www.burmeseclassic.com

www.burmeseclassic.com



ဝီ။ 'ကိုင်း၊ ရှေးဟောင်း နှောင်းဖြစ်များကိုမြင်လို့ အားရကြပြီလား'

ကျွန်တော်တို့။ 'အားရတာထက် ဟိုဘက်တောင် ရောက်နေပါသေးတယ်၊ ကျေနပ်ပါပြီ'

ဝီ။ 'သင်တို့ ဘာတွေ မြင်ကြရတယ်လို့ မဆိုနိုင်ဘူး၊ ကျွန်ုပ်က ပြတဲ့လူဖြစ်သော်လည်း သင်တို့ မြင်နေခိုက် ကျွန်ုပ်ကိုယ်တိုင် ဘာမျှ မမြင်ရဘူး၊ ထိုအခိုက်မှာ သင်တို့ရဲ့ စိတ်ဟာ ကျွန်ုပ်အထဲဝင်နေပြီး ကျွန်ုပ်ရဲ့စိတ်က သင်တို့ အထဲဝင်နေတယ်'

ကျွန်တော်တို့မှာ ထိုစကားကို ကြားရသောအခါ၌ နားမလည်အောင် ဖြစ်နေကြ၏။ မြင်အောင်ပြနိုင်ပါလျက်နှင့် ပြသူက မမြင်ရဆိုခြင်းမှာ အံ့ဖွယ်ရာတစ်ခု ဖြစ်နေပေတော့၏။

ကိုသာမြတ်။ 'ဒီဟာ ဘယ်လိုလုပ်ပြီး ပြတာလဲ'

ဝီ။ 'မိုးပေါ်မှာ ကြယ်တလုံးကို သင်ယခု မြင်ရလျှင် ထိုကြယ်သည် ယခုရှိနေတယ်လို့ ဆိုနိုင်သလား'

ကိုမြတ်။ 'အလင်းရောင်ဟာ အနီးဆုံးကြယ်မှ မြေကြီးသို့ ရောက်အောင် လေးနှစ်လောက် လာရတယ်ဆိုတော့ ယခုရှိတယ်လို့ မဆိုနိုင်ဘူး၊ လွန်ခဲ့တဲ့ လေးနှစ်လောက်က ထိုကြယ်ရှိဖူးတယ်လို့ ဆိုရမှာပေါ့'

ဝီ။ 'ခေတ်ကာလ လူများလည်း ဒါတွေ နားလည်ကြသားကပဲ၊ ဒီတော့ကာ အဖြစ်အပျက်တစ်ခုဟာ ယခုဖြစ်ပျက်ပြီးတဲ့နောက် ကွယ်ပျောက်သွားတယ် မဟုတ်ဘူး၊ လွန်ခဲ့တဲ့ လေးနှစ်ကရှိဖူးတဲ့ ကြယ်ကို ယခုမှ မြင်ရတဲ့နည်းတူ လွန်ပြီးတဲ့ အဖြစ်အပျက်တစ်ခုကို ပညာတတ်သူများက ယူပြီးပြတတ်လျှင် ယခုဖြစ်ပျက်နေဘိသကဲ့သို့ မြင်နိုင်တယ် သဘောကျရဲ့လား'

မြတ်။ 'ရေးရေးတော့ သဘောပေါက်ပါရဲ့'





ဝီ။ 'ဒီပြင်ကော ဘာများမေးချင်ကြသေးသလဲ'

ကျွန်တော်။ 'မေးစရာမရှိပါဘူး ကျွန်တော်တို့ကို ပြန်ပို့ပါတော့'

ထို့နောက် စန္ဒာဒေဝီသည် ကျွန်တော်တို့အား လာခဲ့သည့် နည်းအတိုင်း 'ဓာတ်လှေကား' လမ်းမှ လိုက်ပို့လေရာ ကျွန်တော်မှာမူ မြင်ခဲ့ရသော ရုပ်ရှင်ကား အဖြစ်အပျက်များအနက် စန္ဒာဒေဝီနှင့် ချစ်ကြိုက်သည်ဆိုသော မင်းသားကလေးအဖြစ်အပျက်မှာ တကယ် ကေန်အမှန်ဖြစ်လေသလော၊ မှန်ခဲ့လျှင် စန္ဒာဒေဝီသည် မင်းသားကို စွဲလမ်းလျက်ပင် ရှိသေးလေသလော၊ ထိုမင်းသားနှင့် ကျွန်တော်၏ မျက်နှာတူနေခြင်းမှာ မတော်တဆဖြစ်လေသလော၊ သို့တည်းမဟုတ် ကျွန်တော်သည်ပင် ထိုမင်းသားဝင်စားခြင်းဖြစ်လေသလော၊ အကယ်၍ လူဝင်စားဖြစ်ခဲ့လျှင် စန္ဒာဒေဝီ ရိပ်မိသိရှိလေသလော ဟူသော အကြောင်းအရာများကို စဉ်းစားရင်း လိုက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

## [၁၂]

ကျွန်တော်တို့သည် ဂူဝသို့ ပြန်ရောက်လာကြသောအခါ လူရိုင်းဘုရင်သည် ကျွန်တော်တို့မရှိခိုက်တွင် ရိက္ခာများပို့ထားခဲ့ရုံမျှမက သစ်ရွက်တဲကလေးတစ်တဲကိုလည်း တောင်ကမ်းပါးရံတွင်ကပ်လျက် ဆောက်ပေးခဲ့သည်ကို တွေ့ကြရလေ၏။ ဂူမှာ ခေတ္တတည်းခိုရန်အတွက် အလွန်နွေးသော်လည်း ကြာရှည်စွာနေထိုင်ဖို့ မကောင်းရကား ကျွန်တော်တို့သည် တဲထဲသို့ ဝမ်းမြောက်ဝမ်းသာ ရွှေ့ပြောင်းနေထိုင်ကြလေ၏။

အစာ စားသောက်ကြသောအခါ၌မူ ကျွန်တော်တို့မှာ အာယုဝမုနရေ၏ တန်ခိုးသတ္တိ မကုန်သေးသည်နှင့် ရင်ပြည့်သကဲ့သို့ရှိနေ၍ အစာမဝင်ဘဲ ရှိနေကြ၏။ သို့ရာတွင် ထိုအတွက်ကြောင့် ခွန်အား ဆုတ်ယုတ်ခြင်း မရှိသည့်ပြင် ယခင်ကထက်ပင် တောင့်တင်းသန်မာလျက် ရှိကြသည်ကို တွေ့ရသောကြောင့် ထိုရေပန်း၏ တန်ခိုးအာနိသင်ကြီးခြင်းကို ရိပ်မိကြလေ၏။

ထို့နောက် တရေးတမောအိပ်ကြ၍ အိပ်ရာမှ နိုးကြလတ်သော် စန္ဒာဒေဝီသည် အဝတ်အစားတစ်မျိုး လဲလှယ်လျက် ကျွန်တော်တို့ထံ ပေါက်လာလေရာ ၎င်း၏အဝတ်များမှာ လဲတိုင်း လဲတိုင်း အလွန်လှပ ဆန်းကြယ်လှသော်လည်း မည်သည့်နေရာမှရခဲ့၍ ထိုမျှလောက်အချိန် ကာလကြာရှည်ခံအောင် မည်သို့သော နည်းဖြင့် သိမ်းဆည်း





ထားသည်ကို ကျွန်တော်တို့မသိရပေ။

ကျွန်တော်တို့သည် စန္ဒာဒေဝီ၏ ရုပ်အဆင်းနှင့် ၎င်း၏ အဝတ်တန်ဆာများ လိုက်လျောသည့်အဖြစ်ကို ချီးမွမ်းသောအားဖြင့် ငေးမော့ကာ စိုက်ကြည့်ကြသောအခါ စန္ဒာဒေဝီမှာ ယောကျ်ားတို့၏ ချီးမွမ်းခြင်းကို နှစ်သက်တတ်သော မိန်းမတို့၏ထုံးစံအတိုင်း အလွန်ကြည်နူးနှစ်သိမ့်သောအမူအရာနှင့် ဝင်၍ထိုင်လေ၏။ ထိုင်မိသည်နှင့် တပြိုင်နက် စန္ဒာဒေဝီက ကျွန်တော်တို့ တိုင်းပြည်မှ မြန်မာမိန်းမများ ဝတ်စားဆင်ယင်ပုံအကြောင်းကို မေးမြန်းလေရာ ကျွန်တော်က ကွယ်လွန်သူဇနီး မအုန်းကြည်၏ဓာတ်ပုံကို သတိရသည်နှင့် ရွက်ဖျင် သေတ္တာကလေးထဲမှ ထုတ်၍ပြလေ၏။ သေချာစွာ ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက် ...

ဝီ။ 'သိပ်ချစ်စရာကောင်းတဲ့ မိန်းမပဲ၊ စွဲလည်းစွဲလောက်ပါပေတယ်နော်'

ကျွန်တော်။ 'စွဲတယ် မစွဲဘူးဆိုတာ ဘယ်နည်းနဲ့သိနိုင်သလဲ'

ဝီ (ပြုံးလျက်) 'ဒီပြင်လူရဲ့စိတ်ကို မသိရင်ရှိရမယ်၊ ရှင့်စိတ်ကိုတော့ ကျွန်မက ပုရပိုက်ထဲ လှန်ကြည့်ထားသလို အကုန်သိတယ်'

ကျွန်တော် 'သူတစ်ပါးထက် ဘာကြောင့် ကျွန်တော့်ကို ပိုပြီးသိရတာလဲ'

ဝီ။ 'ဓာတ်မှာ အဖိုနဲ့အမရှိသလို သတ္တဝါများမှာလည်း သူ့အတွဲနဲ့သူ အဖိုအမဆိုတာမျိုးလိုရှိတယ်'

ဝီ။ (ဖိနပ်ကလေးကို မြှောက်ပြလျက်) 'ဒီဖိနပ်မှာ နှစ်ဖက် ပြည့်မှ တစ်ရံဖြစ်တယ်ဟုတ်လား၊ အဲဒီလိုပေါ့၊ ဒါထက် ကြည့်စမ်းပါဦး ဒီမှာ သူ့မှာလည်း မျက်ခုံးနှစ်ဖက်အကြားမှာ မှဲ့ကလေးဟုတ်လား'

ကျွန်တော်။ 'ဟုတ်တယ်၊ ဒါကြောင့် ဒီတစ်ချက်မှာ သိင်္ဂူတယ်လို့ ကျွန်တော်စဉ်းစားမိဖူးတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဝီ။ 'မျက်လုံးချင်းကော'

ကျွန်တော်။ 'ကြည့်ပုံရယ်၊ မျက်နှာထားပုံရယ် သိပ်တူတာပဲ၊ နို့ပေမယ့် မအုန်းကြည်ရဲ့ မျက်လုံးက စန္ဒာဒေဝီရဲ့ မျက်လုံးလောက် မကြီးတတ်ဘူး'

ဝီ။ (မတ်တတ်ရပ်ပြလျက်) 'အရပ်အမောင်းချင်းကော'

ကျွန်တော်။ 'ဟိုက နဲနဲကလေး နိမ့်မယ်'

ဝီ။ (စဉ်းစားတွေဝေပြီးနောက်) 'စကားပြောရင် ပြုံးပြီး ပြောတတ်တယ် မဟုတ်လား'

ကျွန်တော်။ 'ဟုတ်ပါတယ်'

ဝီ။ 'ဘယ်ဖက်ခြေသလုံးကလေး နဲနဲလောက် မသိမ်ဘူးလား'

ကျွန်တော်။ (ရုတ်တရက် သတိရလာ၍) 'ဩော် ဟုတ်တယ်၊ မဆိုစလောက်ကလေးသိမ်တယ်'

ဝီ။ 'ငယ်ငယ်တုန်းက လက်တွန်းလှည်း ကြိတ်မိလို့မဟုတ်လား'

ကျွန်တော်။ (အလွန်အံ့ဩစွာနှင့်) 'ပြောသံကြားတယ်၊ ဒါထက် ဘယ်နှယ့်လုပ်ပြီး သိနိုင်ပါသလဲ'

ဝီ။ 'မဆိုနိုင်ဘူးလေ၊ စိတ်ထဲမှာ ထင်မြင်လာလို့ မေးစမ်းကြည့်ရတာပဲ'

ကျွန်တော်။ (ရုတ်တရက် အကြံတခုရသည်နှင့်) 'ဒါထက် နေစမ်းပါဦး၊ စန္ဒာဒေဝီနှစ်ပေါင်း ခြောက်ကုဋေကျော်လုံးလုံး မှန်ခေါင်းထဲမှာ အိပ်နေတော့ ဝိညာဉ်ကကော ဒီလိုပဲ အိပ်နေရောလား'

ဝီ။ 'ခမည်းတော်များ ပြောသံကြားဖူးတာတော့ ဝိညာဉ်ကတော့ ဒီအတောအတွင်းမှာ ဟိုဘ၀ ဒီဘ၀ လျှောက်ပြီးဝင်စားနိုင်တယ်တဲ့'

ကျွန်တော်။ 'တစ်ခုကျွန်တော်မေးတော့မယ်နော်'

ဝီ။ 'မေးပါ မေးပါ'

ကျွန်တော်။ 'ဟိုတုန်းက စန္ဒာဒေဝီမှာ ချစ်ကြိုက်ဖူးပါသလား'





ဝီ။ (ရယ်မောလျက်) 'ဒီလက်ထက်က လူတွေဟာ တယ်ရိုင်းပါလား၊ မိန်းမပျိုတစ်ယောက်ကို ဒီလိုမေးခွန်းမျိုးတောင် မေးဝံ့တယ်''

ကျွန်တော်။ 'အခွင့်ပေးလို့သာ မေးရခြင်းဖြစ်ပါတယ်'

ဝီ။ (မျက်နှာပိုးသပ်လျက်) 'ချစ်ကြိုက်ဖူးတယ်လို့ တရေးရေး တော့ ထင်မိမြင်မိတာပဲ'

ကျွန်တော် 'ဟိုလူဟာ ဘယ်သူနဲ့တူပါသလဲ''

ဝီ။ 'ကိုတင်လှိုင်လို မျက်စိနှစ်လုံး နားရွက်နှစ်ဖက်နဲ့ပဲ ထင်ပါရဲ့'ဟု လျော့ချလိုက်သော်လည်း ရုပ်ရှင်ကားအခြင်းအရာကို ထောက်ခြင်းအားဖြင့် တစ်စိတ်တစ်ဒေသ မှတ်မိသည်ဟု ကျွန်တော်တွေးမိ၏။

အထက်ပါစကားများကို ပြောဆိုနေကြစဉ် ကိုဖုးညိုနှင့်ကိုသာမြတ်တို့မှာ တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြ၍ ထသွားကြလေရာ ၎င်းတို့ပြန်လာကြသောအခါ ကျွန်တော်နှင့်စန္ဒာဒေဝီတို့မှာ ရှေးခေတ်က လူများအကြောင်းနှင့် ယခုခေတ် မြန်မာပြည်မှလူများ အကြောင်းကို တစ်လှည့်စီ ပြောပြလျက် ရှိနေကြလေ၏။

နောက်တစ်နေ့၌ ကျွန်တော်တို့သည် လူရိုင်းများရှိရာဘက်သို့ လှေကလေးဖြင့် သွားရောက် လည်ပတ်ကြရာ လူရိုင်းဘုရင်သည် ကျွန်တော်တို့အား လောကဝတ်ပျူငှါ ညှော်ခံပြုစုလေ၏။ ဘုရင်နှင့်တကွ လူရိုင်းများသည် ထိုည၌က အဖြစ်အပျက်ကို ပုဏ္ဏားများထံမှ ကြားသိကြရ၍ ၎င်းတို့ကိုးကွယ်သော မဟာဒေဝနတ်မင်းကြီးကိုယ်တိုင် လူ့ပြည်သို့ဆင်းသက်၍ ၎င်းကျွန်း၌ နေထိုင်လုက်ရှိသည်ဟု ယူဆကြရကား ၎င်းတို့ကို မဖမ်းစားအောင် ကျွန်တော်တို့က ထောက်ခံတင်လျှောက် ပေးစေလိုသည်ဖြစ်သောကြောင့် ကျွန်တော်တို့ကို အထူးဂရုစိုက်၍ ပြုစုကြ၏။

ကျွန်တော်တို့သည် လေယာဉ်ပျံ၏ အခြေအနေကို ကြည့်လိုသည်ဖြစ်၍ လူရိုင်းဘုရင်နှင့်အတူ သွားရောက်ကြည့်ရှုကြရာ သစ်ရွက်

www.burmeseclassic.com



များနှင့် ကောင်းမွန်လုံခြုံစွာ ဖုံးအုပ်ထားသည်ကိုတွေ့ရလေ၏။ အင်ဂျင်စက်ထဲတွင် ဓာတ်ဆီအပြည့်အစုံရှိသည်နှင့် သစ်ရွက်များကို ဖယ်ရှားကာ စက်နှိုးကြည့်ရာ စက်ကောင်းစွာနိုးသည်ကို တွေ့ရ၏။

နောက်ဆုံး၌ကိုသာမြတ်က 'ကိုင်းဆရာတို့ ထွက်ပြေးဖို့ဘယ့်နှယ်သဘောရသလဲ'ဟု ရုတ်တရက် မေးလိုက်ရာ ကျွန်တော်ပင်လျှင် ပြေးချင်သလိုလို ဖြစ်နေတော့၏။ သို့ရာတွင် အလုံးစုံခြုံ၍ ဆင်ခြင်လိုက်သောအခါ မဟာဒေဝ သဘောမတူခဲ့လျှင် မည်သည့်နည်းနှင့်မျှ ပြေး၍မလွတ်နိုင်ဟု ယုံကြည်သည်တစ်ကြောင်း၊ အဆန်းအသစ်များကို အစအဆုံးတိုင်အောင် စုံစမ်းလိုသေးသည်တစ်ကြောင်း၊ စန္ဒာဒေဝီကို မရဲတရဲနှင့် ကြိုက်စပြုနေသည်တစ်ကြောင်း၊ ယုတ်စွအဆုံးအားဖြင့် အနည်းငယ်အချိန်ရွှေ့ဆိုင်းရန် ကျွန်တော်၏အကြံပေးချက်ကို အားလုံးသဘောတူ ဆုံးဖြတ်လိုက်ကြလေ၏။

ကျွန်တော်တို့သည် လေယာဉ်ပျံထားရာမှ ပြန်လာ၍ ကိုသာမြတ်မီးရှို့ထားသောနတ်စင်အနီးသို့ ရောက်ကြသောအခါ မျက်နှာကို သားရေဖုံးထားသော လူငယ်တစ်ယောက်သည် ချုံတစ်ခုနောက်မှ ရုတ်တရက်ပေါ်ထွက်လာ၍ လက်တွင်ကိုင်ထားသော တုတ်ကြီးတစ်ချောင်းနှင့် ကိုသာမြတ်ကို ပစ်ပေါက်လိုက်ရာ ကိုသာမြတ်ကို မထိမှန်ဘဲ ကျွန်တော်၏နဖူးကို ထိမှန်သဖြင့် နေရာ၌ပင် မူးမေ့လဲကျသွားလေတော့၏။

ထိုအချိန်မှစ၍ ကျွန်တော်မှာ နိုးတော့သည်မရှိဘဲ အိပ်မက်တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ အဆုံးမရှိအောင် မြင်မက်နေလေတော့၏။ အိပ်မက်ထဲတွင် မအုန်းကြည်သော်လည်းကောင်း၊ စန္ဒာဒေဝီသော်လည်းကောင်း၊ နှစ်ယောက်စလုံး တစ်ပြိုင်တည်းသော်လည်းကောင်း မပြတ်အောင် ပေါ်လာကြတော့၏။ ၎င်းတို့နှစ်ဦးမှာ ပထမ၌ တစ်ယောက်တစ်ကွဲစီ ပေါ်လာကြသော်လည်း အပြီးသတ်ခါနီးတွင် တစ်ယောက်တည်းဖြစ်မတတ် ပေါင်းစပ်သွားကြသည်သာများလှ၏။





တစ်ခုသော အိပ်မက်၌ ကျွန်တော်သည် မအုန်းကြည်နှင့် ပြန်ပေါင်းထုပ်ရသဖြင့် အလွန်တရာ ကျေနပ်ချမ်းမြေ့လျက်ရှိရာ စန္ဒာဒေဝီပေါ်လာသည်နှင့် စိတ်ထဲ၌ ရိုးတိုးရားတားဖြစ်သွားတော့၏။ မအုန်းကြည်၏လက်ကို ကိုင်လိုက်လျှင် စန္ဒာဒေဝီ၏လက် ဖြစ်နေခြင်း၊ စန္ဒာဒေဝီနှင့် စကားပြောနေစဉ် မအုန်းကြည်ဖြစ်နေခြင်း၊ တစ်ခါတစ်ရံ စန္ဒာဒေဝီက မအုန်းကြည်၏အသံဖြင့် စကားပြောနေခြင်း စသည်ဖြင့် တစ်ယောက်နှင့်တစ်ယောက် အမြဲလိုပင် ရောယှက် ပူးပေါင်းလျက်ရှိသည်ကို တွေ့ရ၏။

အိပ်မက်ထဲ၌ ထူးခြားသော အချက်တစ်ခုမှာ မအုန်းကြည်အား ကျွန်တော်က ချစ်ခင်ကြင်နာခြင်းကို စန္ဒာဒေဝီက မနာလိုဝန်တိုခြင်းမရှိ၊ စန္ဒာဒေဝီအား ကျွန်တော်က ချစ်မြတ်နိုးခြင်းကို မအုန်းကြည်က ငြူစူခြင်း မရှိသည်ကို တွေ့ရခြင်းပင်ဖြစ်ပေ၏။

မအုန်းကြည်နှင့် စန္ဒာဒေဝီတို့အကြောင်းများကို အဖန်တလဲလဲထပ်ကာထပ်ကာ အိပ်မက်မက်ခဲ့ပြီးနောက် ကျွန်တော်သည် သတိရလာသည်နှင့် မျက်စိဖွင့်ကြည့်လိုက်သောအခါ သစ်ခက်တဲကလေးအတွင်း အိပ်လျက်ရှိ၍ အနီး၌ စန္ဒာဒေဝီစောင့်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။ ကိုသာမြတ်နှင့်ကိုဖူးညိုတို့မှာ ညောင်းညာသည်နှင့် လမ်းလျှောက်ထွက်သွားကြသည်ဟု စန္ဒာဒေဝီက ပြောပြ၏။

အနည်းငယ် ခွန်အားပြည့်တင်းလာသောအခါ၌ စန္ဒာဒေဝီအား မေးမြန်းစုံစမ်းကြည့်ခြင်းအားဖြင့် သိရှိရသည်ကား အိပ်ရာထဲမှ မထနိုင်ဘဲ ကျွန်တော်လဲလျက် နေခဲ့ရသည်မှာ နှစ်လခန့်မျှ ကြာပြီဖြစ်ကြောင်း၊ ထိုအတောအတွင်း၌ သေတော့မည်ကဲ့သို့ သုံးလေးကြိမ်မျှမှတ်ထင်ကြရကြောင်း၊ စင်စစ်မှာ မဟာဒေဝ၏ ဆေးစွမ်းကောင်းကိုမမှီဝဲခဲ့ရပါမူကား ကျွန်တော်သေသည်မှာ အတော်ကြာခဲ့တော့မည်ဖြစ်ကြောင်း၊ မဟာဒေဝထံမှ ဆေးစွမ်းကောင်း ရရှိခဲ့ပုံအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

ပြောပြသည်မှာ လူအနီးတွင် စန္ဒာဒေဝီသည် နေ့ရောညဥ့်ပါ စောင့်ကြပ်ပြုစုနေသည်ကို မဟာဒေဝသိသည်နှင့် အဘယ်ကြောင့် သူစိမ်းပြင်ပြင်တစ်ယောက်ကို ထိုမျှလောက် ဂရုစိုက်ရလေသနည်းဟု မေးမြန်းကြောင်း ...

ထိုအခါ စန္ဒာဒေဝီက 'မတော်တဆ ဤလူသေဆုံးသွားခဲ့လျှင် လူပြည်၌ ဘယ်တော့မှ ချမ်းမြေ့ပျော်ရွှင်စွာ နေနိုင်တော့မည် မဟုတ်သောကြောင့် ခမည်းတော်ထံ၌ရှိသော ဆေးစွမ်းကောင်းကို တိုက်ကျွေးကုသပါမည့်အကြောင်းနှင့် တောင်းပန်ကြောင်း၊ မဟာဒေဝက ဧည့်သည် တစ်ယောက်မက သုံးယောက်လုံး သေဆုံးသွားကြစေကာမူလည်း ကိစ္စမရှိကြောင်း ပြန်ပြောသောအခါ စန္ဒာဒေဝီက အကယ်၍ ဆေးစွမ်းကောင်းကိုထုတ်၍ မတိုက်သည့်အတွက်ကြောင့် လူနာသေဆုံးသွားခဲ့ပါမူ ခမည်းတော်နှင့် အတူမနေတော့ဘဲ ရောက်ရာပေါက်ရာသို့ ထွက်သွားတော့မည်ဟု ပြောပြကြောင်း ...

နောက်ဆုံး၌ ဤလူနာအသက်ရှင်ခဲ့လျှင် ခမည်းတော်နှင့် ဘယ်တော့မှ မခွဲခွာတော့ပါဟု စန္ဒာဒေဝီက ကတိသစ္စာ ထားလိုက်ရာတွင်မှ မဟာဒေဝသည် ပတ္တမြားကြုတ်၌ ထည့်ထားသော ဆေးစွမ်းကောင်း သုံးလုံးကို အာယုဝဍ္ဎနရေနှင့်ရောစပ်၍ တိုက်ကျွေးခဲ့ကြောင်း၊ ထိုနေ့မှစ၍ လူနာမှာ တစ်နေ့တစ်ခြား ရောဂါသက်သာလာခဲ့ကြောင်း' များနှင့် စန္ဒာဒေဝီက ပြောပြလေ၏၊ နောက်ဆုံး၌ ကျွန်တော်က ...

'တစ်ခုမေးစမ်းပါရစေဦး၊ ကျွန်ုပ်အတွက် စန္ဒာဒေဝီက ယခုလောက် အရေးတယူ ပြုစုစောင့်ရှောက်ရုံမျှမက ခမည်းတော်ကိုတောင် ကန္တကပြုလုပ်ဝံ့ခြင်းဟာ ဘယ်လိုအကြောင်းကြောင့်ပါလဲ' ဟု မေးလိုက်သောအခါ စန္ဒာဒေဝီက 'ဖိနပ်ဟာ တစ်ဖက်တည်းရှိနေလျှင် ဘာအသုံးကျမလဲ'ဟု ပြောပြောဆိုဆိုနှင့် တဲထဲမှ ထွက်သွားလေတော့၏။



[၁၃]

ကျွန်တော်မှာ သတိပြန်လည်လာသည့် နေ့မှစ၍ အာယုဝဍ္ဎနရေကို နေ့စဥ်သောက်သုံး မှီဝဲရခြင်းအားဖြင့် ရက်သတ္တတစ်ပတ်အတွင်း၌ပင် ရှေးယခင်ကကဲ့သို့ လူကောင်းပကတိဖြစ်လာခဲ့လေ၏။ နဖူး၌ တုတ်မှန်ထားသောဒဏ်ရာမှာလည်း ကိုသာမြတ်၏ ခွဲစိတ်ကုသခြင်း အတတ်စွမ်းကြောင့် အမာရွတ်ကလေး ထင်ရုံမျှလောက်သာ ကျန်ရစ်ပေရာ ထိုအတွက်ကြောင့် လူရုပ်မပျက်ဟု စန္ဒာဒေဝီက ပြောသဖြင့်လည်း စိတ်အေးချမ်းလာမိ၏။

ထိုအတောအတွင်း၌ ကိုသာမြတ်နှင့် ကိုဖူးညိုတို့ ဖွင့်ဟပြောပြသဖြင့် သိရှိရသည်မှာ ထိုသူနှစ်ယောက်တို့သည် ကျွန်တော် မကျန်းမာသည့်အခိုက်တွင် နေ့စဥ်နှင့်အမျှ လာရောက်ပြုစုသော စန္ဒာဒေဝီ၏ ရုပ်ဆင်းသဏ္ဌာန်ကို နီးကပ်စွာ တွေ့မြင်ရခြင်းအားဖြင့် မချုပ်တီးနိုင်အောင် ချစ်ကြိုက်စုံမက်လှသည်နှင့် တစ်ယောက်တစ်လှည့်စီ လူပျိုစကား ပြောကြကြောင်း၊ စန္ဒာဒေဝီကမူ မိမိအားချစ်ကြိုက်စုံမက်သည်ဆိုခြင်းသည် မိမိ၏ ရုပ်အဆင်းကို တကယ့်သဘောရိုးနှင့် ချီးကျူးရာရောက်သည့်အတွက်ကြောင့် စိတ်ဆိုးရန် တစ်စုံတစ်ရာမျှမရှိ၊ နှစ်သိမ့်ကျေနပ်ဖို့သာရှိကြောင်းနှင့် ဝန်ခံ၍ ၎င်းတို့၏ မေတ္တာကို ငြင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းငှာ မတတ်နိုင်သည့်အတွက်သာလျှင် ဝမ်းနည်းသည့် အဖြစ်ကို ပြောပြကြောင်း။

ထိုကဲ့သို့ လူပျိုစကားပြောပြီးနောက်၌လည်း စန္ဒာဒေဝီသည် ထိုလူနှစ်ယောက်တို့ အပေါ်တွင်အနည်းငယ်မျှ အမူအရာပြောင်းလဲခြင်းမရှိဘဲ လူနာကို ပြုစုမြဲတိုင်း လာရောက် ပြုစုကြောင်းများနှင့် တစ်ယောက်စီ ပြောပြကြသေး၏။

ကိုသာမြတ်ကမူ 'မရလို့ အရှက်ပြေပြောတာ မဟုတ်ပါဘူး ကိုတင်လှိုင်ရယ်၊ မှန်တဲ့အတိုင်းပြောရလျှင် မကြုံဘူး မတွေ့ဘူးအောင် ချောလွန်းလှလွန်းလို့ ကိုယ့်စိတ်ကိုကိုယ် မချုပ်တီးနိုင်တဲ့အတွက် ပြောလိုက်မိသော်လည်း ကျုပ်အလိုကိုမလိုက်ဘဲ ယခုငြင်းငယ်လိုက်ခြင်းကပဲ ကျုပ်အဖို့ကောင်းတယ်လို့ စဉ်းစားမိပါတယ်'

ကျွန်တော်။ 'ဘာကြောင့်လဲဗျ'

မြတ်။ 'မှန်တဲ့အတိုင်း ဖွင့်ပြောရလျှင် ဒီမိန်းမဟာ လူသားစင်စစ်ဟုတ်ကောင်းမှ ဟုတ်မယ်ထင်တယ်၊ လူအစစ်မဟုတ်လို့ တစ်ဘုံသားနဲ့တစ်ဘုံသား မေတ္တာမျှကြလျှင် ဘယ်မှာစိတ်ချမ်းသာတယ်လို့ ရှိနိုင်မလဲဗျာ၊ ဒါကြောင့် ကျုပ်တော့ မရတာပဲ ကောင်းကောင်းလို့ အောက်မေ့တာပဲဗျာ'

ကိုဖူးညိုကလည်း 'အင်္ဂလိပ်စကားပုံတခုမှာ မြေခွေးက စပျစ်သီးကို ခူးလို့မမီတော့ ချဉ်တယ်လို့ပြောတယ်ဆို မဟုတ်လား၊ ကျုပ်ကိုလည်း အဲဒီမြေခွေးလိုပဲလို့ ဆိုချင်ဆိုတော့၊ ကျုပ်က ကြိုက်သလို သူကပြန်မကြိုက်တာ ခပ်ကောင်းကောင်းပဲလို့ အောက်မေ့တယ်'

ကျွန်တော်။ 'ဘာကြောင့်လဲဗျာ'

ညို။ 'ဟင်္သာငှက်နဲ့ လင်းတနဲ့၊ ခြင်္သေ့နဲ့ ခွေးအနဲ့၊ ကိန္နရာနဲ့ မျောက်နဲ့ စုံဖက်လို့ ဘယ်မှာရနိုင်တယ်လို့ ရှိပါမလဲဗျာ၊ ဒီတော့ အုန်းသီးကို မခွဲနိုင်တဲ့မျောက်လို တကယ်လို့ရတောင် သွားရည်





တမြားမြားနဲ့ ဖြစ်နေရုံ ရှိမှာပဲဗျ'

ကျွန်တော် 'ခင်ဗျားက ဟင်္သာငှက်လား သို့မဟုတ် ခြင်္သေ့လား'

ညို။ 'တော်စမ်းပါဗျာ၊ စောစောစီးစီးက သတိရတဲ့လူကို ပြောင်ချော်ချော်လုပ်ပြီး သင်ခန်းစာ မယူလိုက်လျှင် တော်တော်ကြာတော့ ခင်ဗျားဒုက္ခရောက်မယ်'

ကျွန်တော် 'ဖွင့်ပြောပြီးမှတော့ တယ်မစောလှပါဘူး ဆရာကြီးရယ်'

ညို။ 'ဒါဖြင့် ခင်ဗျားလည်း ကျုပ်တို့လမ်းရောက်အောင် လိုက်ချင်လိုက်ချေဦးတော့လေ'

စင်စစ်သော်ကား စန္ဒာဒေဝီက ၎င်းတို့အား မျက်နှာသာပေးဖူးသည် မပေးဖူးသည်ကို အပထား၍ စန္ဒာဒေဝီကို နေ့ဆက်ရက်ဆက် သုံးရက်ခန့်မျှ နီးကပ်နီးနော ဆက်ဆံခွင့်ရခဲ့လျှင် အသက် ၇၀ ကျော် အဖိုးကြီးတစ်ယောက်ပင်လျှင် လူပျိုစကားမပြောပဲ နေနိုင်မည်မဟုတ်သောကြောင့် သူငယ်ချင်းနှစ်ယောက်တို့၏ အပြုအမူကို အပြစ်ဆိုဖွယ်ရာ မရှိပါပေ။ ထိုလူနှစ်ယောက်တို့သည် ထိုအခြင်းအရာကို ကျွန်တော်က တစ်လှည့်စီ ဖွင့်ဟဝန်ခံခြင်း ပြုကြသော်လည်း ၎င်းတို့ အချင်းချင်းမှုကား ရှက်ဟန်တူသဖြင့် ဖွင့်ဟပြောဆိုကြမည့် လက္ခဏာ မရှိချေ။

ကျွန်တော် ကျန်းမာလာသည့်နောက် မဟာဒေဝသည် ကျွန်တော့် ထံသို့ ညနေတိုင်းလိုပင် လာရောက်၍ နီးနော တိုင်ပင်လေ့ရှိ၏။ သူငယ်ချင်းနှစ်ယောက်တို့မှုကား တဲပြင်ဘက်၌အိပ်စက်ကြသောကြောင့် အဖိုးကြီးလာရောက်ခြင်းကို မသိလိုက်ကြချေ။

တစ်ညသ၌ မဟာဒေဝက ကျွန်တော့်အားပြောပြသည်မှာ . . .

ဒေဝ 'မောင်မင်းကို ကြည့်ရခြင်းအားဖြင့် ကြီးပွားချင်တဲ့ မျိုးစေ့ကလေး တစ်စိတ်တစ်ဒေသပါတယ်လို့ ကျွန်ုပ်အကဲခပ်မိတယ်။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အတတ်သင်ပြပြီး သက်တမ်းသုံးလေးရာလောက်ရှည်အောင် လုပ်ပေးပြီးတဲ့နောက် သမီးတော်နဲ့ပေးစားပြီး ကမ္ဘာအရှေ့ပိုင်းကို အုပ်စိုးစေရလျှင် ကျွန်ုပ်ရဲ့အဆက်အနွယ်များ လောကမှာ ကြီးပွားထွန်းကားတာကို မြင်ရဦးမလားမဆိုနိုင်ဘူး၊ အနောက်ပိုင်းက လူတွေကိုတော့ မောင်မင်းအုပ်ချုပ်လို့ မဖြစ်နိုင်ဘူး၊ ဒီတော့ ကျွန်ုပ်က ကမ္ဘာချိန်သီးကို လမ်းလွှဲပေးပြီး သမုဒ္ဒရာအောက်မှာ နှစ်သတ်ပစ်လိုက်မယ်'

'ကျန်တဲ့အရှေ့ပိုင်းကို မောင်မင်းတို့ဇနီးမောင်နှံ အုပ်စိုးပြီးနောက် တစ်ဖက်မှာ ကျွန်ုပ်ရဲ့မြေး နန်းတက်လို့မို့ ကျွန်ုပ်ရဲ့အဆက်အနွယ်များ ကမ္ဘာလောကမှာ တစ်ဦးတည်းသော ထီးဆောင်းမင်းအဖြစ်နဲ့ တည်နေရစ်စေဖို့ ကျွန်ုပ်စီမံပေးခဲ့ချင်တယ်' စသည်ဖြင့် ထောက်လျှောက်ပြောပြသောအခါ ကျွန်တော်မှာ မကြားဝံ့မနာသာအောင် ကြီးကျယ်နက်နဲလှသော အကြံမျိုး ဖြစ်သောကြောင့် ဆိတ်ဆိတ်သာလျှင် နားထောင်နေရလေ၏။ ထိုနောက်ဆက်လက်၍ ...

ဒေဝ 'သမီးတော် စန္ဒာဒေဝီကလည်း မောင်မင်းအပေါ်မှာ ဟိုတုန်းကမင်းသားကလေးနဲ့ ပုံပန်းသဏ္ဍာန်ချင်း တူညီလေတော့ မေတ္တာသက်ဝင်ဟန်တူတယ်၊ သို့သော် အလွန်ကြီးကျယ်တဲ့ကိစ္စ ဖြစ်လေတော့ စဉ်းစဉ်းစားစားလုပ်ကြမှ တော်လိမ့်မယ်ထင်တယ်၊ တကယ်ဆိုလျှင် ကမ္ဘာမြေကြီးရဲ့ အစိတ်အပိုင်းကိုချန်ထားပြီး ဘယ် အစိတ်အပိုင်းကို ဖျက်ဆီးရမည်ဆိုတာကိုလည်း မြေပုံနှင့်တကွ ကြည့်ပြီး အလုပ်လုပ်ဖို့ရှိသေးတယ်၊ ကိုင်း အိပ်ပေဦးတော့'ဟု ပြော၍ ထွက်သွားလေ၏။

နောက်တစ်ညဉ့်၌ မဟာဒေဝသည် ကျွန်တော့်ထံ ပေါ်လာပြန်၍ ကမ္ဘာ၏ မည်သည့်အပိုင်းကိုချန်ထား၍ မည်သည့်အပိုင်းဖျက်ဆီးရမည်ဟု သိနိုင်စိမ့်သောငှာ ကျွန်တော်တို့ မြန်မာပြည်သို့သွား၍ လည်ပတ်မည့်အကြောင်း ပြောလေ၏။ ကျွန်တော်က ကျွန်တော်တို့၏





လေယာဉ်ပျံနှင့် တစ်နေ့နေ့၌လိုက်ခဲ့ရန်ပြောသောအခါ မဟာဒေဝက လေယာဉ်ပျံလည်းမလို၊ သူသွားလိုလျှင် ယခုချက်ချင်းသွားနိုင်ကြောင်း ပြောသည်နှင့် ကျွန်တော်မှာ အံ့အားသင့်လျက် ငေးကြည့်နေမိ၏။

နောက်ဆုံး၌ မဟာဒေဝက ယခုချက်ချင်းသွားကြမည်ဟု ပြောရာတွင် ကျွန်တော်မှာ အဆန်းအပြား ကြုံတွေ့လိုသူတစ်ယောက်ဖြစ်သော်လည်း ဆန်းလွန်းအားကြီးသည်နှင့် ထိတ်လန့်သဖြင့် နလန်ထူစ လူတစ်ယောက်ကိုခေါ်မည့်အစား ကိုဖူးညိုသို့မဟုတ် ကိုသာမြတ်ကိုဖြစ်စေ ခေါ်သွားထိုက်ကြောင်းပြော၍ ငြင်းဆန်နေသေး၏။ ထိုအခါ မဟာဒေဝက 'သူတို့နဲ့သွားလို့ မဟန်ဘူး၊ သင်နဲ့ အလုပ်လုပ်ရမည်ဖြစ်သောကြောင့် သင်လိုက်ခဲ့ရမည်'ဟု ပြောရာတွင် ကျွန်တော်က ရှန်းဖယ်နေသေး၏။ ကျွန်တော်မှာ အတင်းဆွဲ၍ ခေါ်မည်ကို ကြောက်သည်နှင့် တဲထဲမှပင်ထွက်ပြေးမည်ပြုသေးရာ မဟာဒေဝက ကျွန်တော်၏မျက်လုံးကို စိုက်ကြည့်လိုက်သည်နှင့် ခြေတစ်လှမ်းမျှ မလှမ်းနိုင်ဘဲ ရပ်နေရလေ၏။

နောက်ခဏ၌ မဟာဒေဝသည် ကျွန်တော်၏ပခုံးပေါ်တွင် လက်တစ်ဖက်တင်လျက် အခြားလက်တဖက်ဖြင့် မျက်နှာရှေ့တွင် မြှောက်ချည်ချချည် ပြုလုပ်လေရာ ကျွန်တော်မှာ မူးဝေသကဲ့သို့ မိုက်ခနဲဖြစ်သွားပြီးမှ အတန်လင်းလာသည်နှင့် မျက်လုံးဖွင့်ကြည့်လိုက်သောအခါတွင် ဓာတ်မီးတွေ ထိန်ဝင်းလျက်ရှိသော ရွှေတိဂုံစေတီတော်ကြီးကို မြင်ရသဖြင့် အံ့ဩသွားမိသေး၏။ ၎င်းနောက် ကျွန်တော်သည် မည်သည့်နေရာ၌ ရောက်နေကြသည်ကို သိလိုသဖြင့် လှမ်းကြည့်လိုက်သောအခါ စစ်တန်းလျားများနှင့် စစ်သားများကိုမြင်ရသဖြင့် ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်ရှိ ကုန်းမြင့်ကလေးပေါ်တွင် ဘုရားဘက်သို့မျက်နှာမူကာ ရပ်လျက်ရှိသည့်အဖြစ်ကို တွေ့မြင်ရလေ၏၊ ကျွန်တော့်အနီး၌ကား မဟာဒေဝသည် ရပ်လျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝ 'မီးတွေနဲ့ဟာ ဘာကြီးလဲ'

ကျွန်တော်။ 'ကကုသံ၊ ဂေါဏဂုံ၊ ကဿပ၊ ဂေါတမ ဆိုတဲ့ ဘုရားလေးဆူ၏ အသုံးအဆောင်ပစ္စည်းများကို ဌာပနာပြီး တည်ထားတဲ့ ရွှေတိဂုံစေတီဆိုတာ ဒီဟာပါပဲ'

ဒေဝ 'ဒီဟာ ဘာလုပ်ဖို့လဲ'

ကျွန်တော် 'ဒီဟာကို ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ဖို့ဖြစ်ပါတယ်'

ဒေဝ 'ဒီဟာကိုးကွယ်တော့ ဘာဖြစ်သလဲ'

ကျွန်တော်။ 'ကုသိုလ်ရပါတယ်'

ဒေဝ 'ဉာဏ်ကို ကိုးကွယ်ခြင်းမဟုတ်ဘဲ သူတို့၏ ပစ္စည်းကို ကိုးကွယ်လို့ ကုသိုလ်ရနိုင်ပါမလား'

ကျွန်တော် 'ဉာဏ်ကိုပူဇော်ဖို့ နားမလည်သေးတဲ့ ပါရမီ နုနယ်သူများအဖို့ ဖြစ်ပါတယ်'

ဒေဝ 'ကုသိုလ်ရတော့ ဘာဖြစ်သလဲ'

ကျွန်တော်။ 'မအို မနာ မသေတဲ့နေရာကိုရောက်ဖို့ အထောက်အပံ့ဖြစ်ပါတယ်'

ဒေဝ 'မအို မနာ မသေတဲ့တရား ယခုရှိသေးလား'

ကျွန်တော်။ 'ကျင့်စဉ်တရားတော့ ရှိပါသေးတယ်'

ဒေဝ 'ဒီတရားကို ပေါက်တဲ့လူများရှိသေးသလား'

ကျွန်တော် ''ရှိမရှိ မပြောနိုင်ပါ၊ ကျင့်သူတွေ ပေါများသေးသော်လည်း ပေါက်ရောက်သူ အလွန်နည်းပါးပါလိမ့်မည်'

ဒေဝ 'ကမ္ဘာကို အုပ်စိုးဖို့စီမံပြီးနောက် သင်တို့တရားအကြောင်းကို ကျွန်ုပ်စုံစမ်းကြည့်ဦးမယ်၊ ကိုင်း၊ လာ သွားကြဦးစို့'

/ ကျွန်တော်တို့သည် ခြေလျင်လျှောက်လာကြ၍ ဂျူဗလီဟောထောင့်ဆီသို့ ရောက်ကြသောအခါ မိုတာကားတစ်စီးသည် ဆင်မဆင်လမ်း (ယခု ပန်တျာလမ်း) ဘက်မှ ရုတ်တရက်ထွက်လာ၍ ကျွန်တော်





တို့ထံသို့ တည့်တည့်ကြီးမောင်းလာရာ ကျွန်တော်မှာ လမ်းဘေးသို့ ခုန်ကူးလိုက်သဖြင့် လွတ်ရုံကလေး ဖြစ်သွား၏။

မဟာဒေဝမှုကား မိုတာကားက တည့်တည့်ကြီးဝင်တိုက်ပြီး ၎င်းအပေါ်မှ နင်းကျော် မောင်းနှင်သွားသည် ထင်လိုက်ရသဖြင့် ကိစ္စချောရှာလေပြီဟု အောက်မေ့လိုက်မိ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော်မှာ နေရင်းဌာနဖြစ်သော မြန်မာပြည်သို့ ပြန်ရောက်နေပြီဖြစ်သောကြောင့် တော်ပါသေး၏ဟု အောက်မေ့မိ၏။

သို့ရာတွင် မဟာဒေဝမှာ ဘာမျှဖြစ်ဟန်မရှိဘဲ ကျွန်တော့်နံဘေးတွင် လျှောက်မြဲတိုင်း လမ်းလျှောက်လျက် လိုက်လာသည်ကို တွေ့ရလေ၏။ ထိုအချိန်၌ ဂျူဗလီဟောတွင် လူများစည်ကားစွာရှိသဖြင့် မည်သည့်ပွဲမျိုးရှိနေသည်ကို မဟာဒေဝက သိလိုသည်ဆို၍ အပေါက်မှ ဝင်ကြဖို့ပြော၏။ ကျွန်တော်က ပိုက်ဆံမပါကြသဖြင့် လက်မှတ်မပါဘဲ ဝင်ရန် မဖြစ်နိုင်ကြောင်းပြောသော်လည်း မဟာဒေဝသည် ရုံပေါက်မှ ရဲရဲကြီးဝင်သွားလေရာ ကျွန်တော်လည်း အရဲ့စွန့်ကာ နောက်မှ ကပ်လိုက်၍သွားလေ၏။ လက်မှတ်စစ်များသည် ကျွန်တော်တို့ကို မေးလည်းမမေး၊ အရေးလည်းမလုပ်ဘဲ ထိုင်နေကြသောကြောင့် ကျွန်တော်မှာ ဒုတိယအကြိမ် အံ့သြရသေး၏။

ရုံတွင်းသို့ ရောက်ကြသောအခါ အင်္ဂလိပ်လက်ဝှေ့ပွဲ ကျင်းပလျက်ရှိသည်ကို တွေ့ပေရာ ဝဲလ်တားဝိတ်ချန်ပီယံ ဂန်းဘုတ်ဂျက်နှင့် ထိုင်းလင်းပြည်သား နေခမန်းတို့ ထိုးသတ်ကြသောအဆိုင်းကို မြင်ကြရ၏။

မဟာဒေဝသည် ၎င်းတို့ထိုးသတ်ပုံကို ကြည့်ပြီးနောက် ယခုခေတ်လက်ဝှေ့သတ်ပုံမှာ ကျင်လည်ခြင်းအရာဌာန၌ အသင့်အတင့်ရှိသော်လည်း လက်သီးချက်များမှာ အလွန်ပျော့လှကြောင်း၊ ၎င်းတို့ခေတ်ကမူ လက်သီးတစ်ချက် လုလုကြီးမိသွားသော လက်ဝှေ့သမားမှာ



www.burmeseclassic.com

www.burmeseclassic.com



နံရိုးကျိုးသွားသည်ဖြစ်စေ၊ ဦးခေါင်းခွံကွဲသည်ဖြစ်စေ၊ မေးရိုးလွဲသွားသည်ဖြစ်စေ ဖြစ်တတ်သောကြောင့် လက်သီးမမိရအောင် အထူးတိမ်းရှောင်ကာ သတ်ကြရကြောင်း၊ ၄င်းခေတ်က လက်သီးအထူးပြင်းသော လက်ဝှေ့သမားအချင်းချင်း ထိုးသတ်သောပွဲများတွင် လက်သီးတစ်ချက်မိလိုက်လျှင် ငါးပေ ခြောက်ပေမျှ မြောက်တက်သွား၍ ၁၀ ပေ ၁၅ ပေခန့် လွင့်စင်သွားတတ်သောကြောင့် ပွဲကြည့်ပရိသတ်များမှာ ယခုကဲ့သို့ ကြိုးတန်းအနီးတွင်ကပ်လျက် မကြည့်ရဘဲ ကြိုးဝိုင်းပြင်ဘက် အနည်းဆုံး ၁၅ ပေ လောက်ခွာ၍ ထိုင်ကြရကြောင်း ပြောပြသေး၏။

ထို့နောက် ကျွန်တော်တို့သည် ဂျူဗလီဟောရုံထဲမှ ထွက်လာ၍ သိမ်ကြီးဈေးဘက်သို့ လျှောက်လာကြရာတွင် ဘုရားလမ်းဘူတာသို့ ရောက်သောအခါ၌ လိုကယ်မီးရထားတစ်စင်းသည် ကြည့်မြင့်တိုင်ဘက်မှ ဝင်လာသည်နှင့် ဆုံစည်းမိကြလေ၏။

ကျွန်တော်က မီးရထားအကြောင်းကို ပြောပြသောအခါ အဖိုးကြီးက ခေတ်ကာလ မီးရထားများမှ အလွန်တရာ ဆူညံလှကြောင်း၊ ရှေးခေတ်ကမူ ရေနွေးငွေ့ကိုလည်းမသုံး၊ ထင်းများ၊ ကျောက်မီးသွေးများကိုလည်းမသုံး၊ ပထဝီဓာတ်၌ရှိသည့် တင်းမာခြင်းတည်းဟူသောအားကို တေဇောဓာတ်ဖြင့် ထုတ်ယူ၍ ဝါယောဓာတ်ဖြင့် လှုပ်ရှားသွားလာနိုင်အောင် ဖန်တီးနိုင်ကြောင်း၊ လေယာဉ်ပျံ အစရှိသည့် ယာဉ်အမျိုးမျိုးတို့မှာလည်း ဤနည်းအတူ ဓာတ်လေးပါးတို့ကို အသုံးချခြင်းအားဖြင့် လှုပ်ရှားခြင်း အမျိုးမျိုးတို့ကို ဖြစ်စေနိုင်ကြောင်းနှင့် ပြောပြသေး၏။

မဟာဒေဝပြောပြသော စကားများအရမှာ ဓာတ်လေးပါးသည် ရုပ်တည်းဟူသော လောကကို အစိုးရသည့်ပြင် ရုပ်တည်းဟူသော လောကတွင် ဓာတ်လေးပါးမှတစ်ပါး အခြားအရာ ဘာမျှမရှိသောကြောင့် နာမ်တရားကို ကျွမ်းကျင်သောသူများသည် ဓာတ်လေးပါး





အားဖြင့် အလိုရှိရာ ဖန်တီးနိုင်ကြကြောင်း၊ သို့ရာတွင် ရုပ်လောက နာမ်လောကဟူ၍ ရှိသည့်အနက် နာမ်သည် ရုပ်ထက် တန်ခိုးကြီး၍ ရုပ်ကိုနာမ်က အုပ်စီးသောကြောင့် ရုပ်ဓာတ်ပညာမှာ အောက်လမ်းပညာဟုခေါ်၍ နာမ်ဓာတ် ပညာသာလျှင် အထက်လမ်းပညာဟုခေါ်ကြောင်း၊ အထက်လမ်း ပညာဖြစ်သော နာမ်ဓာတ်အကြောင်း၊ လေ့လာလိုက်စားသူများကမူ ရုပ်ဓာတ်ပညာလောက်ကို အနုပ်အဖွဲ့သဘောထား၍ လူအချင်းချင်း ဖြစ်သော်လည်း ကြမ်းတစ်ပြေးတည်း မထိုင်ကြောင်းများနှင့် ပြောပြလေ၏။

ကျွန်တော်မှာ ထိုစကားများကို ကြားရသောအခါ သင်္ဂြိုဟ်စကားပြောခြင်းကို နားထောင်ရသော ကလေးသူငယ်တစ်ယောက်ကဲ့သို့ ပါးစပ်ဟောင်းလောင်းနှင့် ငေးမောနေရတော့၏။

ထို့နောက် သင်္ဘောဆိပ်သို့ ရောက်ကြပြန်၍ ရေလယ်တွင် ဆိုက်ထားသော ပင်လယ်ကူးသင်္ဘောကြီးများကိုပြကာ ၎င်းတို့၏အသုံးကို ကျွန်တော်က ပြောပြသောအခါ မဟာဒေဝသည် ကလေးကစားစရာများကို ရပ်၍ကြည့်နေသော လူကြီးတစ်ယောက်၏ မျက်နှာထားမျိုးနှင့် နားထောင်နေပြီးနောက် ခေတ်ကာလ လူများသည် ဖရဲသီးခွံကို လှေပမာဏလုပ်၍ ကစားသော ကလေးသူငယ်များသဖွယ် မိမိတို့၌ရှိသမျှသော ဝတ္တုပစ္စည်းကလေးတွေနှင့် ဉာဏ်မီသလောက် ဖန်တီးစီမံရှာကြပုံများကို ပြုံးလျက်ရယ်ခါဖြင့် ချီးမွမ်းပြောဆိုသေး၏။

ထို့နောက် ကျွန်တော်တို့သည် ဗိုလ်တထောင်ဘက်သို့ လျှောက်သွားကြ၍ ကွက်လပ်တစ်ခုတွင် နိုင်ငံရေးတရားပွဲတစ်ခု ကျင်းပနေသည်ကို တွေ့ကြပေရာ ကျွန်တော်က မဲဆန္ဒအကြောင်းနှင့် ဒီမိုကရေစီစနစ်အကြောင်းကို ပြောပြ၏။ မဟာဒေဝသည် ကျွန်တော်၏ စကားများကို နားစိုက်ထောင်နေပြီးနောက် 'ဒီနည်းတစ်ခုတော့ဖြင့် ဆန်းပါပေတယ်၊ ကျွန်ုပ်တို့ လက်ထက်က ဘုရင်လုပ်မည့်လူကို မဲဆန္ဒနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်တယ်လို့ ကြားဖူးရဲ့၊ သို့သော် အမတ်တွေ ဘာတွေကိုတော့ ဒီနည်းနှင့်ရွေးလို့ လူကောင်းရနိုင်မယ် မထင်ပါဘူး၊ အချိန်ကုန်ရုံ ရှိလိမ့်ထင်ပါရဲ့''

ကျွန်တော်။ 'ဒီနည်းနှင့်ရွေးလို့ ဘုရင်ကောင်းရနိုင်လျှင် အမတ်ကောင်းကော ဘာပြုလို့မရနိုင်ရမလဲ'

ဒေဝ 'ဘုရင်ကောင်းရနိုင်တယ်လို့ ကျွန်ုပ်မပြောပါဘူး၊ တစ်ခါတစ်ရံ မင်းဆက်ပြတ်သွားတဲ့အခါမှာ လူအများကျေနပ်အောင် လုပ်ရတဲ့နည်းပါပဲ၊ အမှန်မှာတော့ လူတွေကရွေးတင်လို့ လူကောင်း ရနိုင်တာမဟုတ်ဘူး၊ သူ့ဘာသာချွန်တက်လာပြီး ထိပ်ရောက်လာတဲ့လူကို လူတော်လို့ခေါ်ရမယ်၊ တမင်ရွေးလို့ရတာမဟုတ်ပါဘူး'

ထိုအခါ ကျွန်တော်မှာ ဂျာမနီပြည်၌ ဟစ်တလာ ချွန်တက်လာပုံကို သတိရမိသဖြင့် ဟုတ်တုတ်တုတ်ပေလောဟု စဉ်းစားမိသေး၏။

ထိုနောက် ဟိုတယ်ကြီးများ၊ စားစရာဈေးတန်းများ၊ ဘိုင်စကုတ်ရုံများ စသည့် လူစည်ကားသော နေရာများသို့ လှည့်လည်သွားရောက်ကြည့်ရှုပြီးကြလတ်သော် မဟာဒေဝက 'ကိုင်း ဒီညအဖို့ ဒီလောက်တော်ပြီထင်ပါရဲ့'ဟု ပြောလိုက်ရာ ကျွန်တော်မှာ ရှေ့လျှောက်၍ ဘာမျှသတိမရတော့ဘဲ ကိုဖူးညို၏အသံဖြင့် ''ဒီကနေ့ ဒီလူ အိပ်လှချေကလား၊ နေမြင့်လှပြီလေ ထပါတော့လား ကိုတင်လှိုင်ရဲ့'ဟု ခေါ်ကာနှိုးသည်တွင်မှ အိပ်ရာမှ ထလာရလေတော့၏။

ကျွန်တော်သည် ထိုအဖြစ်အပျက်များကို သူငယ်ချင်းနှစ်ယောက်တို့အားပြောပြရာ ကိုဖူးညိုက အလွန်ထူးဆန်းကြောင်းနှင့် ဝန်ခံသော်လည်း ကိုသာမြတ်ကမူ 'ဟစ်ပနော်တီဇင်း' ခေါ် စိတ်ညှို့ခြင်း အတတ်မျိုးမျှသာ ဖြစ်သည်ဟုပြော၏။ ကျွန်တော်ကိုယ်တိုင်မှာမူ အမှန်ပင်သွားရောက်နိုင်ခြင်းဖြစ်သည်။ သို့မဟုတ် မျက်လှည့်ပြခြင်းတစ်မျိုးမျှသာဖြစ်သည်ဟု မဝေခွဲ မဆုံးဖြတ်နိုင်အောင် ဖြစ်နေတော့၏။





နောက်ညဥ့်များတွင်လည်း မဟာဒေဝသည် ကျွန်တော်ထံရောက်၍ အင်္ဂလန်ပြည်၊ အမေရိကန်ပြည်၊ တရုတ်ပြည် စသည်တို့သို့ တစ်လှည့်စီခေါ်သွားပြီးလျှင် ပြသလေရာ ၎င်းတိုင်းပြည်များသို့ ယခင်က ကျွန်တော်မရောက်ဖူးသဖြင့် ဟုတ်မဟုတ်ကို အမှန်မပြောနိုင်ချေ။ အကယ်၍ ရောက်ခဲ့ခြင်း ဟုတ်မဟုတ်ကို မဆုံးဖြတ်နိုင်သော်လည်း တကယ်ရောက်ရခြင်းနှင့် ခြားနားခြင်းမရှိသည်ကား အမှန်ဖြစ်တော့၏။ ၎င်းတိုင်းပြည်များ၌ တွေ့မြင်ခဲ့ရသော အခြင်းအရာများကို ရှည်လျားမည်စိုးသဖြင့် အကျယ်တဝင့် ရေးသားဖော်ပြခြင်း မပြုတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

## [၁၄]

ကျွန်တော်သည် မဟာဒေဝနှင့်အတူ လှည့်လည်ခဲ့ရခြင်း အကြောင်းများကို စန္ဒာဒေဝီအား ပြောပြသောအခါ စန္ဒာဒေဝီမှာ ကျွန်တော့်အတွက် စိုးရိမ်ကြောင့်ကျခြင်း ကင်းဟန်မတူချေ။

ဝီ။ 'ဘာကြောင့်လဲဆိုတော့ ယခုလိုလှည့်လည်ရခြင်းဟာ ရုပ်ရောနာမ်ရော သွားရခြင်းမဟုတ်၊ နာမ်ဝိညဉ်ကိုထုတ်ပြီး ခေါ်သွားခြင်းဖြစ်သောကြောင့် အလေ့အကျင့်ရနေသည့် မဟာဒေဝအဖို့ ကိစ္စမရှိသော်လည်း တစ်ခါတစ်ရံပြုလုပ်သူများအဖို့မှာ ရုပ်အတွင်းသို့ နာမ်ဝိညဉ် ပြန်ဝင်၍မရဘဲ ဖြစ်ချင်ဖြစ်တတ်သဖြင့် စိုးရိမ်ရကြောင်း' ပြောသည့်အခါ ကျွန်တော်မှာ များစွာထိတ်လန့် တုန်လှုပ်ခြင်းဖြစ်မိ၏။

စန္ဒာဒေဝီနှင့် ကျွန်တော်တို့မှာ ကျွန်တော် ကျန်းမာလာသည့်နေ့မှစ၍ နေ့စဉ်လိုပင် တွေ့ဆုံခဲ့ကြရာ ကျွန်တော်တို့၏ ချစ်ခန်းကြိုက်ခန်းအကြောင်းကို ရေးသားဖော်ပြရန် အချိန်တန်လောက်ပေပြီ။ ကျွန်တော်မှာ စန္ဒာဒေဝီကို ပထမအကြိမ် တွေ့မြင်လိုက်ရကတည်းက ချစ်ကြိုက် စုံမက်ခဲ့ကြောင်းကို စာဖတ်သူတို့ ရိပ်မိကြမည်ဖြစ်ပေရာ ၎င်းမေတ္တာဓာတ်မှာ တွေ့ဆုံရဖန်များလေလေ တိုး၍တိုး၍ ထက်သန်လာလေလေ ရှိနေပေတော့၏။





ထူးဆန်းသော အချက်တစ်ခုမှာ စန္ဒာဒေဝီအပေါ်၌ ဖြစ်ပေါ်လျက်ရှိသော ကျွန်တော်၏မေတ္တာဓာတ်မှာ မအုန်းကြည်နှင့်တွေ့စဉ်က မေတ္တာစိတ်ကဲ့သို့ လှိုင်းထမ်းပိုးထကြွ၍ မနေနိုင် မထိုင်နိုင် မအောင့်နိုင် မအီးနိုင် ဝုန်းဝုန်းဒိုင်းဒိုင်း ဒရောမျောပါး မေတ္တာအစားမျိုးမဟုတ်ချေ။ ဤသို့ဆိုခြင်းအားဖြင့် စန္ဒာဒေဝီအပေါ်၌ ဖြစ်ပေါ်ခဲ့သော မေတ္တာစိတ်သည် မအုန်းကြည်အပေါ်၌ ဖြစ်ပေါ်ခဲ့သော မေတ္တာထက် လျော့ပေါ့သည်ဟု မယူဆသင့်ချေ။

စင်စစ်မှာ ယခင်မေတ္တာသည် ဥပေက္ခာပီတိနှင့်တူ၍ ကြမ်းတမ်းလှပေရာ ယခုမေတ္တာသည် ဖရဏပီတိ အလားကဲ့သို့ ဝါဂွမ်းကိုဆီ၌ စိမ့်ဝင်ခြင်းသဖွယ် ရိုးတွင်းချဉ်ဆီသို့တိုင်အောင် တစ်ကိုယ်လုံး စိမ့်ဝင်သည်ဟု ဖော်ပြရပေမည်။

အခြားနည်းအားဖြင့် ဖော်ပြရသော် ပထမမေတ္တာသည် တသွက်သွက်လှုပ်ရှားသော လှိုင်းကြက်ခွပ်သဖွယ်ရှိနေ၍ ဒုတိယမေတ္တာမှာ လှိုင်းအိကြီးများနှင့်တူ၍ အခြေအမြစ်ပါ လှိုက်လှိုက်လှဲလှဲ လှုပ်ရှားသည်ဟု ဆိုလိုပေ၏။ ဒုတိယမေတ္တာသည် အမှန်အားဖြင့် ရာဂစိတ်ကင်းသည်ဟု မဆိုနိုင်သော်လည်း ပထမမေတ္တာထက် များစွာ သန့်ရှင်းစင်ကြယ်ပေ၏။

လပြည့်နေ့တစ်ညဉ့် ကျွန်တော်သည် စန္ဒာဒေဝီ၏ ချိန်းဆိုချက်အရ တောင်ထိပ်သို့တက်၍ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်လျက်စောင့်နေရာ ထိုညဉ့်တွင် ကျွန်တော်၏ မေတ္တာကို ဖွင့်ပြောပြတော့မည်ဟု စိတ်ထဲ၌ဆုံးဖြတ်ထား၏။

၎င်းနောက် စန္ဒာဒေဝီရောက်လာ၍ မျက်နှာချင်းဆိုင် ကျောက်တုံးတွင် ဝင်၍ထိုင်ရာ တစ်ကြိမ်မျှသာ နှုတ်ဆက်ပြီးနောက် ကျွန်တော်တို့သည် စကားမပြောတော့ဘဲ ပြည့်ဝန်းသောလမင်းကိုသာ မော့ကြည့်လျက် တဏှာဘောဖြင့် ဆိတ်ဆိတ်ထိုင်ကြသေး၏၊ အဘာန်ငယ် ကြာ



www.burmeseclassic.com

www.burmeseclassic.com



လတ်သော် ကျွန်တော်မှာ အကြောင်းစုံ တွေးမိသည်နှင့် သက်ပြင်းချလိုက်မိရာ စန္ဒာဒေဝီသည် ရှေ့သို့ယိမ်းညွှတ်ကာ ကျွန်တော်၏ လက်ပေါ်တွင် လက်တစ်ဖက် အသာတင်လျက် ...

ဝီ။ 'စိတ်မချမ်းသာလို့လား ကိုတင်လှိုင်'

ကျွန်တော်။ 'မချမ်းသာဘူးတော့မဟုတ်ပါဘူး၊ နို့ပေမယ့် စာမေးပွဲဝင်ကာနီး ကျောင်းသားလို အောင်မှအောင်ပါမလားလို့ တထိတ်ထိတ်ဖြစ်နေလို့ပါ'

ဝီ။ 'ဘယ်လိုစာမေးပွဲမျိုးလဲ'

ကျွန်တော်။ (ရှတ်တရက်အားတင်း၍) 'စန္ဒာဒေဝီကို ချစ်လာခဲ့တာ မှန်သော်လည်း ဟိုလူများလို အချည်းနှီးဖြစ်သွားမလားလို့ ပြောထိုက် မပြောထိုက် စဉ်းစားနေပါတယ်'

ဝီ။ 'ပြောနေဖို့ မလိုပါဘူး ကိုတင်လှိုင်၊ မြင်ကတည်းက ကျွန်ုပ်ကို စုံမက်တယ်ဆိုတာ သိပြီးသားပါ'

ကျွန်တော်။ 'ဒါဖြင့် စန္ဒာဒေဝီကကော'

ဝီ။ 'မေးဖို့လိုသေးသလား ကိုတင်လှိုင်၊ မြင်ရုံနဲ့မသိနိုင်ဘူးလား'

ကျွန်တော်။ 'ကျွန်ုပ်တို့ခေတ်ကာလလူများရဲ့ထုံးစံက ဖွင့်ပြောမှ ကျေနပ်နိုင်ကြတာ ဖြစ်လေတော့ ကြားပါရစေ စန္ဒာဒေဝီ'

ဝီ။ 'ချစ်ပါတယ် ကိုတင်လှိုင်၊ ယခုမှ မဟုတ်ပါဘူး၊ ဟိုတုန်းကတည်းက ချစ်ပါတယ်'

ကျွန်တော်။ 'ဟိုတုန်းကဆိုတာ ဘယ်တော့ကလဲ'

ဝီ။ 'ကုမာရမင်းသားကလေး ဘဝကတည်းကပါ'

ကျွန်တော်။ 'ဒါဖြင့် ကုမာရနဲ့ ကျွန်ုပ်နဲ့ဟာ တစ်ယောက်တည်းပဲလား'

ဝီ။ 'ဒါတောင် မရိပ်မိသေးဘူးလား'

ကျွန်တော်။ 'နို့ မအုန်းကြည်ကကော တစ်ယောက်လား'





ဝီ။ 'ကျွန်ုပ် တပ်အပ်တော့ မပြောနိုင်ဘူးပေါ့၊ နို့ပေမယ့် နှစ်ပေါင်းခြောက်ကုဋေကျော် အိပ်နေတဲ့အတွင်း ဝိညာဉ်ဟာ ငြိမ်ငြိမ်ကလေး အောင်းနေမယ်လို့မထင်ဘူး၊ ပြီးတော့လဲ တစ်ခါတစ်ခါမှာ အိပ်မက်လို ရေးရေး ရေးရေးနဲ့ ပေါ်လာတယ်'

ကျွန်တော်။ 'နေပါဦး၊ မှန်ခေါင်းထဲကနိုးလာတော့ လည်ပင်းကို ဖက်တာဟာ ကုမာရထင်လို့လား'

ဝီ။ 'ကုမာရထင်လို့ စန္ဒာဒေဝီဖက်တာလား သို့မဟုတ် ကိုယ့်ကိုယ်ကို မအုန်းကြည်ထင်လို့ ကိုတင်လှိုင်ကိုဖက်တာလား မပြောတတ်တော့ဘူး'

ကျွန်တော်။ 'ဒီဟာတွေ အပထားလို့ ကျွန်ုပ်ကို စန္ဒာဒေဝီ လက်ထပ်လို့ ဖြစ်နိုင်ဖို့ နည်းလမ်းရှိပါသလား'

ဝီ။ (ရှတ်တရက် မျက်နှာညှိုးလျက်) 'ခမည်းတော် သဘောတူလျှင် ဖြစ်နိုင်လောက်ပါရဲ့ထင်တယ်'

ကျွန်တော်။ 'သူ့သဘောမတူလျှင် ထွက်ပြေးကြတာပေါ့'

ဝီ။ 'ခမည်းတော် လိုက်မဖမ်းနိုင်အောင် ဘယ်ဆီများ ပြေးနိုင်မလဲ၊ ယခု ကျွန်ုပ်တို့ စကားပြောနေကြတာတွေကိုတောင် သူက အားလုံးသိလို့ ပြုံးနေရော့မယ်'

ကျွန်တော်။ 'ဒါဖြင့် သူ့သဘောတူအောင် ဘယ်လိုလုပ်ရမလဲ'

ဝီ။ 'သူခိုင်းတာလုပ်မှ တူမှာပေါ့၊ သူခိုင်းတာကို ကျွန်ုပ်တို့ လုပ်လျှင် ငရဲက ကမ္ဘာသချေ ခံလို့မပြီးနိုင်ပေဘူး'

ကျွန်တော်။ 'ခိုင်းမှာက ဘာလဲ'

ဝီ။ 'ကမ္ဘာကြီးတစ်ခြမ်းကလူတွေကို သတ်ပစ်ပြီး ကျွန်ုပ်တို့ကို မင်း၊ မိဖုရားတင်မြှောက်မယ်တဲ့'

ကျွန်တော်။ 'သူက တကယ်လုပ်နိုင်ပါမလား'

ဝီ။ 'လုပ်နိုင်လို့ တစ်ခါတုန်းကလုပ်ဖူးပြီ၊ သို့သော် စဉ်းစားဖို့



www.burmeseclassic.com

www.burmeseclassic.com



ရှိတာက မင်း မိဖုရားစည်းစိမ်နဲ့ ကမ္ဘာတစ်ခွင်လုံးကို အုပ်စိုးရမှာက တစ်ခဏကလေး၊ လူတွေသိန်းသန်းကုဋေ သတ်ပစ်လို့ ခံလိုက်ရမည့်အပြစ်က ကမ္ဘာနဲ့ချည်လို့ ကြောက်စရာ ကောင်းလှတယ် ကိုတင်လှိုင်'

ထိုအခါ ကျွန်တော်မှာ ယခုလောကဌ် တိုင်းနယ်အကျယ်အဝန်းဆုံးသော ဘုရင်ထက် အဆပေါင်းများစွာ ကျယ်ဝန်းမည့် ပြည်နယ်များကို အုပ်စိုးရမည့်စည်းစိမ်ကို မက်မောမိသော်လည်း စိတ်သဘောထား ဖြူစင်လှသော စန္ဒာဒေဝီ၏ဆန္ဒနှင့် ဖီလာဆုံးဖြတ်ရန် မဝံ့သည်နှင့် ဆိတ်ဆိတ်ပင် စဉ်းစားစိတ်ကူးနေမိ၏၊ နောက်ဆုံး၌ ...

ကျွန်တော်။ 'သူတကယ်လို့ အတင်းတိုက်တွန်းပြီး အတင်းစီမံလျှင် ဘယ်နှယ့်လုပ်ပမယ်'

ဝီ။ 'သူ့မှာလည်းတန်ခိုးနဲ့၊ ကျွန်ုပ်မှာလည်းတားမြစ်နိုင်တဲ့ တန်ခိုးနဲ့ပဲ၊ သူအတင်းကိုင်လျှင် ကျွန်ုပ်ကလည်း အတင်း ဖျက်ဆီးမယ် ကြံနေတယ်'

ကျွန်တော်။ 'သူ့အကြံကိုဖျက်လျှင် ဘေးတွေ့မှာ မစိုးရိမ်ရပေဘူးလား'

ဝီ။ 'ဘေးတွေ့တာလောက်တော့ ကျွန်ုပ်က အရေးမလုပ်ပါဘူး၊ လူပေါင်း သိန်းသန်းကုဋေရဲ့အသက် ကယ်ဆယ်လိုက်ရတဲ့ ကုသိုလ်ကြီးက နည်းသလား ကိုတင်လှိုင်'

ကျွန်တော်။ (စိတ်လေးစွာနှင့်) 'ဒီလိုဆိုလျှင် စန္ဒာဒေဝီနဲ့ ကျွန်ုပ် ဒီဘဝဆုံစည်းနိုင်ဖို့ နည်းလမ်းရှိပါဦးမလား'

ဝီ။ 'ဒီဘဝမှာမဆုံရင် နောက်ဘဝပေါ့မောင်ရဲ့၊ နောက်ဘဝမှ မဆုံရလျှင် ဟိုနောက်တစ်ဘဝပေါ့၊ သံသရာဆိုတာမျိုးဟာ တစ်ဘဝနှစ်ဘဝလောက်နဲ့ ပြီးတာမျိုးမှမဟုတ်ပဲ၊ ဒီလောက် စွဲစွဲမြဲမြဲ ချစ်လာခဲ့ကြတဲ့ မေတ္တာဟာ အချည်းနှီးတော့ မဖြစ်နိုင်ပါဘူး စိတ်သာချပါ'



[၁၅]

ကျွန်တော်သည် ကိုဖူးညိုနှင့်ကိုသာမြတ်တို့အား စန္ဒာဒေဝီနှင့် ကျွန်တော်တို့အကြောင်းကို ဖွင့်ဟပြောဆိုခြင်း မပြုသော်လည်း ကျွန်တော်၏ မျက်နှာကဲကိုခတ်ခြင်းအားဖြင့် ရိပ်မိကြဟန်ရှိ၏။ သူငယ်ချင်းတို့ မည်သည်မှာ မည်မျှပင်ချစ်ခင်မြတ်နိုးလှပါသည် ဆိုစေကာမူ ရည်းစားမှုနှင့်ပတ်သက်၍ တစ်ယောက်မအောင်မြင်သောနေရာ၌ တစ်ယောက် အောင်မြင်ခဲ့လျှင် မနာလိုတတ်မြဲ ဓမ္မတာပင်ဖြစ်ချေ၏။ အကယ်၍ မနာလိုစိတ်မရှိဟု ဆိုစေကာမူလည်း ကျွန်တော်မှာ စန္ဒာဒေဝီနှင့် နေရာကျနေပြီဖြစ်သောကြောင့် ၎င်းတို့နှင့်ခွဲတော့မည်ဟု တွက်ကိန်း ချနေကြသဖြင့် ထိုနေရာမှ ထွက်ခွာဖို့ တိုင်ပင်ကြသောအခါများတွင် လူသုံးယောက်အဖို့ မစဉ်းစားကြဘဲ လူနှစ်ယောက်ဟူ၍သာ စဉ်းစားကြ၍ ကျွန်တော်အားမူ စာရင်းမှ ဖယ်ရှားထားကြ၏။

နောက်ဆုံးတွင် ကျွန်တော်က ဖွင့်ဟပြောဆိုသောအခါ၌ ကိုသာမြတ်က ...

မြတ်။ 'အကြံအစည် အထမြောက်တယ်ဆိုတာ ဘာပဲဖြစ်ဖြစ် ကျုပ်တို့တော့ ဝမ်းမြောက်ပါတယ်ဗျာ၊ မနာလိုစိတ်လည်းမရှိပါဘူး၊ သို့သော် ခင်ဗျားစိတ်ဆိုးချင်လည်းဆိုးတော့ ကိုတင်လှိုင်၊ ကျုပ်တစ်ခု ဖွင့်ပြောတော့မယ်၊ ခင်ဗျားတို့နှစ်ဦး စုံမက်ကြစေကာမူ ချောချော

www.burmeseclassic.com

www.burmeseclassic.com



မောမောပေါင်းရမယ်လို့ ကျုပ်မထင်ဘူး၊ ကေန်မုချ ခင်ဗျား စိတ်ပင်ပန်း စရာကြီးတစ်ခုခု ကြုံတွေ့ရလိမ့်မယ်ထင်တယ်'

ကျွန်တော်။ 'ဒါဖြင့် ခင်ဗျားကော ဘာကြောင့် လူပျိုစကား ပြောသေးသလဲ'

မြတ်။ 'ကျုပ်အမှန်ပြောခဲ့ပြီကော၊ မပြောဘဲမနေနိုင်လို့ ပြောမိပါတယ်လို့၊ ဘယ်လိုယောက်ျားဖြစ်ဖြစ် သူ့ကိုမြင်ရလျှင် ကြိုက်မိကြမှာချည်းပဲ၊ လိုချင်ကြမှာချည်းပဲ၊ ရလို့ရငြား လူပျိုလှည့်မိကြမှာ ချည်းပဲ၊ သို့သော် သွေးပူတုန်းမှာ ပြောမိပြောရာပြောမိသော်လည်း သွေးအေးအေးနဲ့ စဉ်းစားကြည့်တော့ မရတာကိုဘဲ ကျုပ် ကျေးဇူး တင်ပါတယ်ဗျာ'

ညို။ 'ကျုပ်လည်း ဒီအတိုင်းပါပဲ'

ကျွန်တော်။ 'ပြောမယ့်သာပြောရပါတယ်၊ ကျွန်တော်လည်း ဒီအတိုင်း သဘောကျတတပါပဲ၊ သို့သော် ကံအတိုင်းပါ သူငယ်ချင်းတို့၊ ကျုပ်တော့ဖြင့် ဒုက္ခရောက်တော့မှ ရောက်ကရော၊ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုတာလို အဆုံးထိအောင် လိုက်ကြည့်တော့မှာပဲ'

ထိုညဉ့်၌ မဟာဒေဝသည် ကျွန်တော့်ထံသို့လာ၍ ခါတိုင်း နည်းတူ တိုင်ပင်ပြန်လေ၏။ လောက၌ အသက်ရှင်နေရလျှင် လူပေါ်တွင် လူဖော်လုပ်နိုင်မှ အသက်ရှင်ရကျိုးနပ်မည့်အကြောင်းများကို အကျယ်တဝင့် ပြောပြပြီးနောက် ...

ဒေဝ။ 'ဒါထက် ကျွန်ုပ်သမီးတော်ကို မောင်မင်း ဘယ်လိုကြံရွယ်သလဲ'

ကျွန်တော်။ 'ဆိုးတူကောင်းဖက်သဘောနဲ့ တစ်သက်ပတ်လုံး နေထိုင်ကြဖို့ ကျွန်တော်ကြံရွယ်ပါသည်'

ဒေဝ။ 'ကျွန်ုပ်လည်းရိပ်မိပါရဲ့၊ သို့သော် သူ့သမီးတော်လိုချင်လျှင် သူ့မွေးသဖခင်ရဲ့ အလိုအတိုင်း လိုက်ရလိမ့်မယ်'





ကျွန်တော်။ 'အလိုကို အမိန့်ရှိပါ'

ဒေဝ။ 'ကျွန်ုပ်ခိုင်းစေသမျှကို တစ်သက်ပတ်လုံး မငြီးငြူ မတော်မလှန် လိုက်နာရလိမ့်မည်'

ကျွန်တော်။ ' လိုက်နာလျှင်'

ဒေဝ။ 'လိုက်နာလျှင် သမီးတော်ကိုရပြီး ကမ္ဘာတစ်ခြမ်းကို အုပ်စိုးရတဲ့မင်း ဖြစ်ရစေမယ်၊ သက်တမ်းကိုလည်း သင်တို့ ထုံးစံထက် သုံးလေးဆရှည်အောင် ကျွန်ုပ်စီမံပေးမယ်'

ကျွန်တော်။ 'အကယ်၍ မလိုက်နာခဲ့လျှင်'

ဒေဝ။ 'မလိုက်နာခဲ့လျှင် သင်တို့သုံးယောက်ကို ကျွန်ုပ်ဖျက်ဆီး ပစ်လိုက်မယ်'

ကျွန်တော်။ 'လိုက်နာမယ်ဆိုလျှင် ဘယ်လိုလုပ်ရပါမလဲ'

ဒေဝ။ 'နက်ဖြန်ညမှာ သင်တို့သုံးယောက်ကို သမီးတော် လာခေါ်လိမ့်မယ်၊ ထို့နောက် ကျွန်ုပ်နှင့်အတူ လိုက်ကြရမယ်၊ ကိုင်း ကျွန်ုပ် သွားဦးမယ်'

ကျွန်တော်သည် မဟာဒေဝ၏စကားကို သူငယ်ချင်းနှစ်ယောက်တို့အား ပြောပြလေရာ ၎င်းတို့က ကမ္ဘာတစ်ခြမ်းကို အုပ်စိုးရသည်ဖြစ်စေ၊ တစ်ခုလုံးကို အုပ်စိုးရသည်ဖြစ်စေ၊ စန္ဒာဒေဝီကို ကျွန်တော်ရသည်ဖြစ်စေ မရသည်ဖြစ်စေ အရေးမကြီးကြောင်း၊ ကျွန်တော်နှင့်အတူတကွ ထွက်လာခဲ့ကြခြင်း ဖြစ်သောကြောင့် ကျွန်တော်မသေမချင်း သို့မဟုတ် ၎င်းတို့မသေမချင်း ကျွန်တော်နှင့်အတူတကွ လိုက်ပါကြမည်ဖြစ်ကြောင်းနှင့် ပြောဆိုကြသဖြင့် ကျွန်တော်မှာ ထိုမျှလောက်တာတွယ်စွဲလမ်းခြင်းအတွက် လွန်စွာ ဝမ်းမြောက်အားတက်မိ၏။ ထို့နောက် မည်ကဲ့သို့ ဖြစ်ရသည်ဖြစ်စေ ထူးထူးဆန်းဆန်း တွေ့ရကြုံရဖူးသည်ရှိရှိ မဟာဒေဝခေါ်ရာသို့ လိုက်ကြရန် ဆုံးဖြတ်ချက်ချလိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ညနေ နေဝင်ပြီးသည်နှင့် တပြိုင်နက် ကျွန်တော်တို့သည် အစားစားသောက်ပြီးကြ၍ အဆင့်သင့် ပြင်ဆင်ထားကြစဉ် စန္ဒာဒေဝီ ရောက်လာလေ၏။

မင်းသမီး၏ မျက်နှာထားမှာ အခါတိုင်းကဲ့သို့ ကြည်ရွှင်ခြင်း မရှိဘဲ ကြီးကျယ်သောအလုပ်ကိစ္စတစ်ခုကို ဆောင်ရွက်ရန် ဆုံးဖြတ်ထားသူ၏ မျက်နှာထားမျိုးဖြင့် ကူန္ဒြေကြီးစွာ ရှိနေလေ၏။

ကျွန်တော်တို့သည် စန္ဒာဒေဝီနောက်သို့ လိုက်လာကြ၍ ယခင်တစ်ခေါက်နည်းတူ ခါတ်လှေကားနှင့်တူသော ကျောက်ပြားကြီးဖြင့် ဥမင်လိုဏ်ခေါင်းထဲသို့ ဆင်းခဲ့ကြလေ၏။

ထိုအခါ၌မူ ယခင်ကတွေ့မြင်ခဲ့ရသည့် မြို့ကြီးမှာ တိတ်ဆိတ်စွာမရှိဘဲ လူသံသူသံတို့ဖြင့် ဆူညံလျက်ရှိရာ စန္ဒာဒေဝီက 'ဒီမြို့က လူစုမှာတော့ နေခံလို့ညခံရတဲ့လူစုတွေဖြစ်တယ်၊ တချို့မြို့က လူစုမှာတော့ ညခံလို့နေ့စံရတယ်၊ နေ့လူညလူ အလှည့်နဲ့ခံကြရတော့ ငရဲမှာ လူပြတ်တယ်လို့မရှိဘူး'ဟု ပြောပြသေး၏။

ကျွန်တော်တို့သည် မြို့ထဲမှဖြတ်၍ လျှောက်လာကြသောအခါ အိမ်များပေါ်၌ အချို့အိမ်သူအိမ်သားများသည် စောင်းငြင်း ပတ္တလားစသော တူရိယာများဖြင့် တီးမှုတ်သီဆိုလျက်ရှိကြရာ အချို့မှာလည်း မွှေးကြိုင်လှသော ဟင်းလျာများကို မြိန်ရေယှက်ရေ စားသောက်လျက်ရှိကြ၏။

အသူရကာယ် ဘုံသားများ အကြောင်းကို ကျွန်တော်တို့ ကြားရသည်ကား နတ်စည်းစိမ်တမျှ ခံစားကြရသည်ဆိုရာ ကျွန်တော်တို့ တွေ့မြင်ရခြင်းမှာမူ နတ်ဗိမာန်များမဟုတ်ဘဲ အေးချမ်းကြည်နူးဖွယ်ရှိသော အဆောက်အဦများတွင် ပင်စင်အငြိမ်းစားများသဖွယ် စိတ်အေးလက်အေး နေထိုင်ကြခြင်းများသာ တွေ့ခဲ့ရပေ၏။





တီးမှုတ်နေသော အိမ်တစ်ဆောင်ရှေ့သို့ ရောက်သောအခါ ကျွန်တော်ကြားဖူးသောအသံဖြင့် ''ကိုတင်လှိုင် ဘယ်တုန်းက ရောက်လာသလဲ'ဟုမေးလိုက်သဖြင့် လှည့်၍ကြည့်လိုက်ရာ အင်းဒိုင်အလုပ်ဖြင့် မြတ်စွန်းသောငွေဖြင့် ဘုရားတည် ကျောင်းဆောက်ခဲ့ဖူးသည့် တံငါသည် ဘုရားဒကာ ဦးသာဒွန်းဖြစ်နေသည်ကို တွေ့ရလေ၏။

ထို့နောက် ဆက်လက်လျှောက်သွားကြပြန်ရာ လူစု လူဝေးကောင်းလှစွာနှင့် ဝိုင်းဖွဲ့ကာ စကားပြောနေကြသော အိမ်တစ်ဆောင်ရှေ့သို့ရောက်ကြသောအခါ လူထုအလယ်မှ မားမားကြီးထိုင်လျက် စကားပြောနေသော လူကြီးကို မြင်ဖူးပါသည်ဟု သေချာစွာ ကြည့်မိ၏။ ထိုအခါမှ ဉပုသ်သီတင်းစောင့်၍ အယုံအကြည်မရှိ အဆိုသွင်းတိုင်းမဲဆန္ဒကို တွင်တွင်ကြီးရောင်းစားသည်ဟု နာမည်ကြီးဖူးသော မင်းတိုင်ပင် အမတ်တစ်ယောက် ဖြစ်နေကြောင်း သိရှိရလေ၏။

ငင်းနောက် ဆက်လက်လျှောက်သွားကြသောအခါ လာဘ် လှိုင်လှိုင်စား၍ အမိအဖများကို ပြုစုသော တရားသူကြီးများ၊ ဗုဒ္ဓဝေယျာဝစ္စကို ဆောင်ရွက်ရင်း ဘုရား၏ ဘဏ္ဍာတော်ငွေများကို ကောက်ကျစ်စဉ်းလဲပြု၍ နှုတ်ယူသုံးစွဲကြောင်းနှင့် စွပ်စွဲခြင်းခံရသည့် ဘုရားလူကြီးများ၊ ချေးတော့တင်းတောင်းတစ်မျိုး၊ ပြန်ဆပ်တော့ တင်းတောင်းတစ်မျိုးထားပြီး မြတ်စွန်းသောအတိုးငွေဖြင့် အလှူကြီး အတန်းကြီးပေးခဲ့ဖူးသည့် မြေရှင်များ၊ ချည်ထည်ကို ပိုးထည်လုပ်၍ လိမ်ရောင်းပြီး ကျောင်းကြီး ဆောက်လုပ်ခဲ့သည့် ပိုးကုန်သည်များ အစရှိသည့် သိဟောင်းကျွမ်းဟောင်း အမြောက်အမြားပင် တွေ့ခဲ့ရသေး၏။

တစ်နေရာ၌ အမျိုးသားကြီးပွားရေးစသော ခေတ်ဆန်သည့် ကုသိုလ်မျိုးကိုလည်းကောင်း၊ ကျောင်းဇရပ် စသည့်တို့ကို ဆောက်လုပ်သည့် ရှေးနည်းအတိုင်း ကုသိုလ်မျိုးကိုလည်းကောင်း မပြတ်မလတ်ပြုခဲ့သည့် လူခပ်ရွယ်ရွယ်တစ်ယောက်ကို တွေ့ရသဖြင့် အံ့ဩမိသေးရာ

www.burmeseclassic.com



အခြားသူတစ်ယောက်ကို စုံစမ်းမေးမြန်းကြည့်သောအခါမှ သူတစ်ပါး၏ သားပျိုသမီးပျိုများကို တွင်တွင်ကြီး ဖျက်ဆီးခဲ့သည့် ပြစ်ချက်နှင့် ရောက်လာသူဖြစ်ကြောင်း သိရှိရလေ၏။

ထူးဆန်းသောအခြင်းအရာတစ်ခုမှာ လူ့ပြည်၌ ထောင်သားများသည် မည်သည့်ပြစ်ချက်နှင့်ထောင်ကျသည်ဟု မိမိတို့အချင်းချင်း သိကြဟန်မတူသော်လည်း ၎င်းဘုံသားများမှုကား တစ်ယောက်၏ပြစ်မှုကို တစ်ယောက်သိကြသည်သာဖြစ်၏။ ယင်းသို့ရှိနေခြင်းမှာ အပြစ်ဟူသမျှ ရှုံ့ကြောက်၍ နောင်တတရား ရစေမှုအတွက် စီမံထားဟန်တူပေ၏။

နောက်ဆုံး၌ ကျွန်တော်သည် ယခင်က တစ်ကြိမ် ရောက်ခဲ့ဖူးသည့် မဟာဒေဝ၏အဆောင်သို့ ဆိုက်ရောက်လာကြလေရာ မဟာဒေဝမှာ ကျောက်ဖျာကြီးတစ်ချပ်ပေါ်တွင် ကံ့ကူဆံဖြင့် မြေပုံကြီးတစ်ခု ရေးဆွဲလျက်ရှိသည်ကို တွေ့ရလေ၏။ ၎င်းအနီး၌ကား ပုရပိုက်အမျိုးမျိုး၊ ကွန်ပါနှင့်တကွ လက်နက်ကိရိယာအမျိုးမျိုး၊ အင်းကွက်အမျိုးအမျိုး စုပုံလျက် ရှိပေ၏။ ကျွန်တော်တို့သည် မြေပုံကို ကြည့်ရှုကြသောအခါ ခေတ်ကာလပထဝီဝင် မြေပုံကြီးနှင့် ခပ်ဆင်ဆင်တူသည်ကို တွေ့ရသဖြင့် အံ့သြမိသေး၏။ ကျွန်တော်တို့၏ အံ့သြသော မျက်နှာထားများကို မြင်သောအခါ မဟာဒေဝက ...

ဒေဝ။ 'ဟိုခေတ်တုန်းက မြေပုံကတော့ ဒီဟာနဲ့မတူဘူး၊ ဟောဒီက သမုဒ္ဒရာရှိတဲ့နေရာမှာ ကုန်းမြေရှိတယ်၊ ဟောဒီ ကုန်းမြေနေရာမှာ ဟိုတုန်းက သမုဒ္ဒရာရှိတယ်၊ သို့သော် တစ်ခုတော့ထူးခြားတယ်၊ ဟောဒီနေရာကလေး တစ်ကွက်ကတော့ ဟိုတုန်းကလည်း ကုန်းမြေပဲ၊ ယခုလည်း ကုန်းမြေပဲ' ဟုပြောကာ မဇ္ဈိမတိုင်းနေရာကို လက်ထောက်၍ ပြလေ၏။

ကျွန်တော်။ 'ဒီမြေပုံကို ဘယ်လိုနည်းနဲ့ ရပါသလဲ'





ဒေဝ။ 'ဟိုညတွေမှာ မောင်နဲ့ ကျွန်ုပ်နဲ့ လျှောက်လည်ကြတာ အလကားမဟုတ်ဘူး၊ ဒီမြေပုံကို ဆွဲချင်တဲ့ ကိစ္စတစ်ခုလည်းပါတယ်၊ ကိုင်း ကိုင်း သွားကြဖို့ တော်လောက်ပြီ၊ လိုက်ခဲ့ပေတော့'ဟု ပြော၍ မဟာဒေဝသည် မြေပုံတွင် ကံ့ကူဆံဖြင့် အချို့သော နေရာများကို မျဉ်းသား မှတ်သားလေ၏၊ ထို့နောက်ဆက်လက်၍ ...

ဒေဝ။ 'ဟောဒီဟာတွေကို ရေနုစ်ပစ်ရမယ်၊ ဟောဒီမှာ ကုန်းပေါ်စေရမယ်၊ ဟောဒီနေရာတွေကို ချန်ထားရမယ်'ဟုပြောလေရာ ချန်ထားမည့်အထဲတွင် မြန်မာပြည် ပါဝင်သည်ကို တွေ့ရသဖြင့် ကျွန်တော်မှာ စိတ်အေးသွားမိ၏။ ကိုသာမြတ်ကမူ မယုံကြည်သောမျက်နှာထားမျိုးနှင့် လက်ပိုက်ကာကြည့်နေ၏။ ထိုအခါ ...

ဒေဝ။ 'ဟိုလူက ကျွန်ုပ်ရဲ့အစွမ်းကို မယုံနိုင်ဘူးဟုတ်စ၊ ကောင်းပြီ၊ ဒီကနေ့ည သိစေရမှာပေါ့'

ထို့နောက် ကျွန်တော်တို့သည် မဟာဒေဝ၏နောက်သို့ စီတန်းကာ လိုက်ပါလာခဲ့ကြလေ၏။ မဟာဒေဝသည် ကျောက်နံရံတွင် ဖောက်ထားသော အပေါက်ငယ်တစ်ခုမှ ဝင်သွားသဖြင့် ကျွန်တော်တို့လည်း ဝင်လိုက်သွားကြရာ လူတစ်ယောက်လျှောက်သာရုံမျှ ကျယ်ဝန်းသော လမ်းကြောင်းတစ်ခုကို တွေ့ရသည်နှင့် ၎င်းလမ်းကြောင်းအတိုင်း လျှောက်၍လိုက်သွားကြလေ၏။ ထိုနေရာ၌ကား မှောင်နှင့်မည်းမည်း ရှိနေသည်ဖြစ်၍ မဟာဒေဝသည် ရှေ့ဆုံးမှ မီးရှူးတိုင်တစ်တိုင် ကိုင်လျက် လမ်းပြရင်း လျှောက်သွားသဖြင့် ကျွန်တော်တို့က နောက်မှ လိုက်ကြရလေ၏။

အပေါက်ငယ်မှ ဝင်မိသည်နှင့်တစ်ပြိုင်နက် လမ်းသည် အောက်သို့ စိုက်ဆင်းသွားလေရာ ကျွန်တော်တို့သည် စန္ဒာဒေဝီနောက်မှ စီတန်းကာ လျှောက်လာကြ၍ ၁၀ မိနစ်ခန့် ဆင်းမိသောအခါ ၅၀၀ ပေထက်မနည်း နိမ့်ဆင်းလာခဲ့ကြလေပြီ။ သို့ရာတွင် လမ်းသည် ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဝေးကွာသေး၏။

တစ်နာရီခန့်လျှောက်မိကြသော် ဝင်စက နေရာထက် ပေ ၃၀၀၀ ထက်မနည်း လျှောဆင်းလာခဲ့ကြပြီးဖြစ်ရာ လမ်းမှုကား မဆုံးသေးချေ။ တစ်နာရီခွဲခန့် လျှောက်လာကြပြီးသောအခါတွင်မှ အပေါက်ငယ်တစ်ခုသို့ ရောက်ကြ၍ ၎င်းမှထွက်လိုက်ကြရာတွင် ချောက်ကြီးတစ်ခု၏ အစွန်းသို့ ဆိုက်ရောက်နေကြသည်ကို တွေ့ရပေ၏။

ထိုနေရာ၌ကား ယခင်က အလင်ရောင်မျိုးသည် ချောက်ထဲသို့ ထိုးဝင်လျက်ရှိသောကြောင့် ကျွန်တော်သည် ချောက်စွန်းသို့ တွားတွား၍ အောက်သို့ငုံ့ကြည့်လိုက်ရာ အောက်ခြေကို အလျဉ်းမမြင်နိုင်လောက်အောင် နက်လှသည့်အဖြစ်ကို တွေ့ရသဖြင့် ကြက်သီးထမိ၏။

ဤမျှလောက် ဆင်းလာခဲ့ကြပြီး ဖြစ်လျက်နှင့်ပင် ချောက်တခုကို ဆက်လက် တွေ့မြင်နေကြသည်မှာ အံ့သြဖို့ကောင်း၏။ စင်စစ်မှာ မြေကြီး၏ ဗဟိုချက်သို့ သွားနေကြသည့် လက္ခဏာရှိ၏။

ထူးဆန်းသော အခြင်းအရာတစ်ခုမှာ အလွန်ပြင်းထန်လှသော လေကြောင်းကြီးတစ်ခုသည် ချောက်ထဲမှ အပေါ်သို့ပင့်၍ တိုက်ချည် တစ်ခါ၊ ချောက်ကမ်းပါးမှ အောက်သို့နှိမ့်၍ တိုက်ချည်တလှည့်ဖြင့် တဟုန်းဟုန်း တိုက်ခတ်လျက်ရှိကြ၏။ ကျွန်တော်တို့ ကြည့်နေကြစဉ် အိမ်လုံးခန့် ပမာဏရှိ ကျောက်တုံးကြီးတစ်တုံးသည် ချောက်ထဲမှ ပင့်၍တိုက်သောလေနှင့်အတူ ပါလာလေရာ ကျောက်တုံးကြီးသည် ချောက်နှုတ်ခမ်းသို့ ရောက်သောအခါ၌ အနည်းငယ် တန့်ရပ်နေပြီးနောက် တဖန်အောက်သို့ငုပ်၍ ချာလပတ်လည်ကာ ဆင်းသွားလေ၏။

ထိုအခါ မဟာဒေဝက 'နောက်တကြိမ် ဒီကျောက်ကြီး တက်လာတဲ့အခါမှာ ကျွန်ုပ်တို့စီးလိုက်ကြရမယ် ပြင်ဆင်ထားကြ' ဟု ပြောသည်နှင့် ကျွန်တော်တို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်မိကြသေးရာ စန္ဒာဒေဝီက 'ကိစ္စမရှိပါဘူး၊ မကြောက်ကြပါနှင့်၊





ကျွန်ုပ်တို့ သွားနေကျဖြစ်ပါတယ်'ဟု ပြောသည်တွင်မှ အတန်ငယ် စိတ်သက်သာခွင့် ရကြ၏။

၁၅ မိနစ်ခန့် ကြာသောအခါ ကျောက်တုံးကြီးသည် တဖန် တက်လာပြန်ရာ ချောက်နှုတ်ခမ်းတွင် ယှဉ်ကပ်လျက် ရပ်နေသည်နှင့် တစ်ပြိုင်နက် မဟာဒေဝသည် ညီညာပြန့်ပြူးစွာရှိနေသော ကျောက်မျက်နှာပြင်ပေါ်သို့ တက်လှမ်းကာ 'မြန်မြန်လာကြ'ဟုခေါ်သည်နှင့် စန္ဒာဒေဝီ၊ ၎င်းနောက် ကျွန်တော်၊ ၎င်းနောက် ကိုသာမြတ်တို့သည် တစ်ယောက်စီ လှမ်းတက်လိုက်ကြလေ၏။

ကိုဖုးညိုမှာ ရင်တုန်တတ်သူဖြစ်သောကြောင့် ချောက်ကမ်းပါးတွင် ရီးတီးရားတားလုပ်ကာ ကျန်နေရစ်ရာ ကျွန်တော်တို့က 'လုပ်လေ မြန်မြန်'ဟု လှမ်းခေါ်လိုက်သည်တွင်မှ 'လာလေရော့လဟယ်' ဟု ဆိုင်းဆင့်ကာ တဟုန်တည်း ခုန်ထိုးချလိုက်၏။

ထိုအခါ ကျောက်တုံးကြီးမှာ ချိန်သားပျက်၍ အနည်းငယ် တိမ်းစောင်းသွားသေးသဖြင့် ကျွန်တော်တို့မှာ ဘုရားကို တ,သမိကြ၏။

နောက်တစ်ခဏ၌ ကျောက်တုံးကြီးသည် တိမ်းငဲ့သွားရာမှ တဖန် တည့်သွားပြီးနောက် ချောက်၏တစ်ဖက်ကမ်းဆီသို့ တရွေ့ရွေ့ ကူးသွားလေရာ ကမ်းတစ်ဖက်သို့ရောက်သည်နှင့် တပြိုင်နက် လေကြောင်း ပြောင်းလဲသွားဟန်လက္ခဏာနှင့် အောက်သို့ တဖြည်းဖြည်း လျှောဆင်းသွားလေ၏။

ထို့နောက် ကျောက်တုံးကြီးသည် တစ်ခဏထက် တစ်ခဏ အရှိန် ရလာသဖြင့် တိုး၍တိုး၍ လျင်မြန်စွာ လျှောဆင်းသွားလေရာ လေယာဉ်ပျံဖြင့် မြေသို့ ဦးစိုက်ကာ ထိုးဆင်းခဲ့ဖူးသည့် ကျွန်တော်တို့ပင်လျှင် မြန်လွန်းအားကြီးလှသဖြင့် မိုက်ခနဲ ဝေခနဲ ဖြစ်သွားသေး၏။

အရှိန်ကောင်းကောင်းကြီးရသော နေရာများနှင့် တစ်နာရီ မိုင် ၁၀၀ နှုန်းထက်လျော့လှမည်မထင်ချေ။ ဤနှုန်းအတိုင်း အောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဒုတ်ဒုတ်ထိ လျှောဆင်းပါမူကား ကျွန်တော်တို့မှာ အရိုးအသား ရှာတွေ့တော့မည် မဟုတ်ချေ။

ထိုအတောအတွင်း၌ ကျွန်တော်သည် အထက်သို့ မော့ကြည့်မိရာ ပထမ၌ တွင်းဝသည် ငယ်သည်ထက် ငယ်သွား၍ ဆီမီးခွက်ပမာဏလောက်မျှ မြင်ရပြီးနောက် လုံးလုံးကွယ်ပျောက်သွားလေ၏။ ကျောက်တုံးကြီးမှာမူ ဆင်းလျက်ပင်ရှိသေး၏။

ထိုခဏ၌ မဟာဒေဝက 'အသက်အောင့်ထားကြနော်၊ ပူတဲ့အပိုင်းကို ရောက်တော့မယ်' ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက်နွေးခနဲ ဖြစ်လာသည်ကို သတိပြုမိလေရာ ဆင်းလေပူလေ ဆင်းလေပူလေ ဖြစ်လာသဖြင့် တစ်နေရာတွင် ကြက်ဥပင် ကျက်လောက်သည်ဟု မှတ်ထင်မိ၏။ တစ်ကိုယ်လုံး ချွေးများယိုစီးကျလာကြသည်မှာ ပြောစရာမရှိတော့ချေ။

ဤနည်းအတိုင်း တစ်မိနစ်ခန့် ဆက်လက်ပူပြင်းခဲ့လျှင် သေဖွယ်ရာ အကြောင်းရှိတော့၏။ သို့သော် အပူကြီးတစ်ချက်မျှ ပူလိုက်ကြသဖြင့် ဟီးကနဲ ညည်းလိုက်ကြရပြီးနောက် ရိပ်ခနဲ အပူချိန် လျော့ကျသွားရာ နောက်တစ်ခဏတွင် နွေးရုံမျှကျန်ရာမှ လုံးလုံးအပူ ပျောက်ကင်းသွားလေတော့၏။

ထိုအခါကား ကျောက်တုံးကြီးသည် အလွန်လျင်မြန်စွာ လျှောဆင်းရာမှ တဖြည်းဖြည်း အရှိန်သတ်စပြုနေပြီဖြစ်ရာ ထိုမှတဖန် တဖြည်းဖြည်း နှေး၍နှေး၍ သွားပြီးနောက် ငြိမ့်ငြိမ့်ကလေး လျှောဆင်းရာမှ လုံးလုံးရပ်တန့်သွားလေတော့၏။

မဟာဒေဝတို့သားအဖသည် ရှေးဦးစွာ ဆင်းသက်၍ ကျွန်တော်တို့လည်း နောက်မှ ခုန်ဆင်းလိုက်ကြရာ မဟာဒေဝက 'ကိုင်း ခဏလောက် နားကြဦးစို့' ဟုပြောသည်နှင့် ကျွန်တော်တို့လည်း စိတ်မောကိုယ်မောဖြစ်ကာ ထိုင်ချလိုက်လေ၏။





ကျွန်တော်တို့ ဆိုက်ရောက်နေသော နေရာကား နံရံတစ်ဖက်တည်းသာ တွေ့မြင်ကြရ၍ အခြားသော အကာလည်းမမြင်၊ အမိုးလည်းမမြင် လဟာပြင်ပကတိကဲ့သို့ ဟင်းလင်းကြီးရှိနေပေတော့၏။

ဤနေရာ၌ ထွန်းတောက်လျက်ရှိသော အလင်းရောင်မှာ အသူရကာယ် တိုင်းပြည်မှာကဲ့သို့ တသမတ်တည်း ထွန်းတောက်သော အလင်းရောင်မျိုးမဟုတ်ချေ။ ညအချိန်တွင် ဓာတ်ရထားများသွားသည့်အခါ ဓာတ်ကြိုးအဆက်များသို့ရောက်၍ ဘီးဝိုင်းနှင့်ထိတွေ့သည့် တစ်ခဏ၌ လက်ခနဲလက်ခနဲဖြစ်သွားသော အပြာရောင်ရှိသည့် အလင်းရောင်အတိုင်း ပြာလဲ့လဲ့ရှိ၍ ၎င်းထက်အဆတစ်ရာလောက်လင်းသော လျှပ်စစ်ရောင်များသည် ပတ်ဝန်းကျင်တစ်ဝိုက်တွင် လက်ခနဲ ဝင်းကနဲရှိကြလေ၏။

၎င်းအလင်းရောင်များသည် တသမတ်တည်း တောက်လျှောက်ထွန်းတောက်သည်မဟုတ်ငြားသော်လည်း တစ်နေရာ၌ တောက်လျက်ရှိနေကြသောကြောင့် မှောင်တော့သည်မရှိဘဲ ဆက်လက်၍ တစ်လျှောက်တည်းကဲ့သို့ လင်းနေပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## [၁၆]

အမောအပန်းဖြေပြီးနောက် ကျွန်တော်တို့သည် ဆက်လက်၍ ခရီးသွားရန် ပြင်ဆင်ကြစဉ် မဟာဒေဝက ဤချောက်ထဲသို့ဆင်းရန် အခြားသောလမ်းတစ်ခုရှိသေးသော်လည်း ကျွန်တော်တို့၏သွေးကို စမ်းချင်သည့်အတွက်ကြောင့် ကျောက်တုံးကြီးလမ်းမှ တမင်ခေါ်ဆောင်လာကြောင်းနှင့် ပြောလေ၏။

ကိုဖူးညိုကမူ အခြားလမ်းတစ်ခု ရှိသေးလျှင် အပြန်ခရီးတွင် ထိုလမ်းမှ ခေါ်ဆောင်ပါမည့်အကြောင်းနှင့် ပြောသောအခါ မဟာဒေဝက ဟိုလမ်းက ဒီထက်မဆိုးဘူးလို့ သင်သိနိုင်သလော၊ သင်တို့ပြန်စိတ်ရှိသေးသည် အမှန်ပြောနိုင်သလော’ဟု လှည့်၍ပြောလိုက်ရာ ကြောက်ရသည့်အထဲတွင် ဖြဲခြောက်ခြင်းနှင့် တူသောကြောင့် ဆိတ်ဆိတ်နေလိုက်ကြရလေ၏။

နောက်ဆုံး၌ မဟာဒေဝသည် ကျွန်တော်တို့ကို ဆက်လက်ခေါ်သွားလေရာ ခြေလှမ်းပေါင်း ၅၀၀ ခန့် လှမ်းမိကြသောအခါ ကျောက်ဆောင်ပေါ်တွင် လမ်းကြောင်းကြီးတစ်ခု ထင်ရှားစွာ ဖြစ်ပေါ်နေသည်ကို တွေ့ကြရလေ၏။

လမ်းကြောင်းကြီးမှာ ဆူးလေဘုရားကြီးတမျှ ကျယ်ဝန်း၍ လေးပေခန့်မျှ ကျောက်ပြင်ထဲသို့ စူးဝင်လျက်ရှိရာ အလွန်တရာ လေးလံ





ကြီးမားလှသော အရာဝတ္ထုကြီး တစ်ခုသည် ၎င်းလမ်းကြောင်းတစ်လျှောက် အကြိမ်ကြိမ်အဖန်ဖန် လိမ့်သွားဖူးသည့် လက္ခဏာဖြင့် လမ်းကြောင်း တစ်လျှောက်လုံးမှာ ဖိတ်ဖိတ်တောက်လျက်ရှိ၏။

ထိုအချက်ကို ထောက်သဖြင့် လမ်းကြောင်းကြီးတွင် ခင်းထားသောအရာမှာ ကျောက်ရိုးရိုး မဟုတ်နိုင်၊ အလွန်မာကျောပြင်းတွဲသော သတ္တုတစ်မျိုးဖြစ်ဟန်တူ၏။

ကျွန်တော်တို့သည် ၎င်းလမ်းကြောင်းကြီးတစ်လျှောက် လိုက်သွားကြ၍ မိုင်ဝက်ခန့် လျှောက်မိသောအခါ လမ်းကြောင်းကြီး၏ အလယ်တည့်တည့်တွင် ကျောက်ဆောင်သည် တဖြည်းဖြည်း မောက်တက်လာသည်ကို တွေ့ရပေရာ ထိုနေရာမှစ၍ လမ်းကြောင်းကြီးသည် နှစ်ကြောင်းမွှာထွက်၍ ဥမင်လိုဏ်ခေါင်းကြီးထဲသို့ တစ်ဖက်တစ်ချက်စီခွလျက် ဝင်သွားသည်ကို တွေ့ရကြပေ၏။ လမ်းခွဲပြီးသည့်နောက်တွင်လည်း လမ်းကြောင်းကြီးတစ်ခုတစ်ခုသည် ဆူးလေဘုရားလမ်းပမာဏ ကျယ်ဝန်းလျက်ရှိကြသေး၏။

ထူးခြားသော အချက်တစ်ခုမှာ လမ်းခွဲပြီးသည့်နောက်၌ လက်ဝဲဘက် လမ်းကြောင်းကြီးသည် မခွဲမီကအတိုင်း ပြောင်လက်လျက်ရှိသော်လည်း လက်ယာဘက်လမ်းကြောင်းမှုကား မှေးမှိန်လျက်ရှိနေ၏။ ထိုအချက်ကိုထောက်သဖြင့် တစ်စုံတစ်ခုသော အရာကြီးသည် လက်ဝဲဘက်လမ်းအတိုင်း လိမ့်နေ၍ လက်ယာဘက်လမ်းသို့ မလိမ့်သည်မှာ အတန်ကြာလှသည့်လက္ခဏာရှိ၏။

သို့ရာတွင် လက်ယာဘက်လမ်းသို့ တစ်ခါက လိမ့်ခဲ့ဖူးကြောင်းမှာလည်း ထင်ရှား၏။ အဘယ်ကြောင့်ဆိုသော် လက်ယာလမ်းသည် လက်ဝဲဘက်လမ်းလောက် တဖိတ်ဖိတ်မတောက်သော်လည်း တစ်ခေတ်က တောက်ပြောင်ခဲ့ဖူးသည့် အထိမ်းအမှတ်မျိုး တွေ့ကြရသောကြောင့်ပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မဟာဒေဝအား 'ဒီဟာ ဘယ်လို အဓိပ္ပာယ်ရှိပါသလဲ'ဟု မေးသောအခါ မဟာဒေဝက 'ယခုလက်ဝဲလမ်းကြောင်းမှာ လိမ့်တဲ့အရာကြီးကို လက်ယာဘက်လမ်းကြောင်း ပြောင်းသွားအောင် လမ်းလွှဲပေးနိုင်ခဲ့လျှင် ပထဝီမြေကြီးဟာ ချိန်သားပျက်ပြီး ကုန်းမြေဟာ ရေဖြစ်မယ်၊ ရေဟာကုန်းမြေဖြစ်မယ် နားလည်ပြီးလား'

ကိုသာမြတ်။ 'ဒီလောက်ကြီးတဲ့အရာကြီးကို လမ်းပြောင်းအောင် လွှဲပေးနိုင်ပါမလား'

ဒေဝ။ 'လူ့လက်မောင်းက ခွန်အားလောက်နဲ့ မရပေမယ့် ပထဝီမှာရှိတဲ့ ခွန်အားကို အသုံးချနိုင်တဲ့ လူအဖို့တော့ မခက်ပါဘူး'

မြတ်။ 'ခင်ဗျားပြောတဲ့ ကမ္ဘာ့ချိန်သီးကြီးဟာ ဘယ်နှစ်နှစ်မှာ တစ်ကြိမ်လာတတ်သလဲ'

ဒေဝ။ 'ကျွန်ုပ်မှာတွက်ကိန်းရှိတယ်၊ ကျွန်ုပ်တစ်ယောက်တည်းပဲ သိနိုင်တယ်၊ သင်တို့ကို ပြောမပြနိုင်ဘူး'

မြတ်။ 'အတွက်ချော်လျှင် ဘယ့်နှယ်လုပ်မလဲ'

ဒေဝ။ 'ဘယ်တော့မှ မချော်နိုင်ဘူး၊ ဟော ပြောရင်းဆိုရင်း နားထောင်ကြစမ်း'

ထိုခဏ၌ ကလေးကစားသောဂျင်ကို မွှတ်လှအောင် ပေါက်သောအခါ၌ ဝီကနဲမြည်သည့်အသံနှင့်တူလျက် အိမ်လုံးလောက်ကြီးသော ဂျင်ကြီးပေါင်း သိန်းသန်းကုဋေမျှ တပြိုင်နက်တည်း 'ဝီခေါ်သော' အသံကြီးမျိုးသည် ဝေးလံသောအရပ်မှ သဲ့သဲ့ကလေးဖြစ်ပေါ်လာသည်ကို ကြားကြရလေ၏။

ဒေဝ။ (လက်ဝါးနှစ်ဘက်ကိုပွတ်လျက် ဝမ်းသာဟန်နှင့်) 'ဟော လာပြီ၊ ကြားကြလား၊ ကိုင်း သမီးတော် သူတို့ကိုပြင်ဆင်ပေးလိုက်'

ထိုအခါ စန္ဒာဒေဝီသည် လိုဏ်ခေါင်းတခုတွင် သိုဝှက်ထားသော အထုပ်တစ်ထုပ်ကိုယူ၍ တစ်ယောက်တစ်ထည်စီ ဝတ်ဆင်စေ၏။





၎င်းဝတ်လုံကြီးများမှာ သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထား၍ မာခေါက်ခေါက်ရှိကြပေရာ လျှပ်စစ်ဓာတ်အရှိန်ကို ခုခံကာကွယ်နိုင်သည်ဟု သိရှိရ၏။

ထို့နောက် ဒိုင်းတစ်ခုစီပေးအပ်၍ ကမ္ဘာ့ချိန်သီးကြီး လိမ့်လာသောအခါတွင် မျက်နှာများကို ၎င်းဒိုင်းဖြင့်ကာကွယ်ထားရန် သွန်သင်ပြောပြလေ၏။ ထိုအတောအတွင်း၌ မဟာဒေဝသည်လည်း ဝတ်လုံကြီးတစ်ထည်ကို ဝတ်ဆင်လျက်ရှိလေ၏။ စန္ဒာဒေဝီကမူ ကမ္ဘာ့ချိန်သီးကြီး လိမ့်လာသည့်အခိုက်တွင် ကျွန်တော်တို့အား နံရံတွင်ကပ်လျက် ဝပ်နေကြရန် မှာထားသေး၏။

မဟာဒေဝသည် ဝတ်လုံကြီးကို ဝတ်ဆင်ပြီးသည့်နောက် ကျောက်နံရံတွင် တစ်တောင်ပတ်လည်ခန့်ရှိသော အပေါက်တစ်ခု၏ အဖုံးကို ဖွင့်လိုက်ရာ သဘော်ဦးမှ မီးထိုးကြည့်သည့် အလင်းရောင်ကြီးမျိုး တစ်ခုပေါ်ထွက်လာ၍ အခြားဘက်နံရံသို့တိုင်အောင် အလင်းရောင် စူးဖောက်သွားသည်ကို တွေ့မြင်ကြရ၏။

အလင်းပေါက်အနီး၌ကား မီးရထားလမ်းခွဲအနီးတွင် လမ်းပြောင်းလွှဲရန်အတွက် ပြုလုပ်ထားသည့် ကိရိယာမျိုးနှင့် ခပ်ဆင်ဆင်တူသော အရာတစ်ခုတည်ရှိရာ မဟာဒေဝသည် ၎င်းမှ လက်ကိုင်ကို လက်ဖြင့် တင်ထား၏။ စန္ဒာဒေဝီမှုကား အလင်းပေါက်အနီးတွင်ရပ်လျက် မဟာဒေဝ ခိုင်းစေသည့်အတိုင်း လိုက်နာပြုလုပ်ပေးရန် စောင့်နေလေ၏။

ထိုအတောအတွင်း၌ ဝေးလံသောအရပ်မှ တဝီဝီမြည်သော အသံကြီးသည် ကျယ်လောင်သည်ထက် တိုး၍ ကျယ်လောင်လာလေရာ စကားပြောသော အသံများကို လွှမ်းမိုးသွားသောကြောင့် တစ်ယောက်နှင့်တစ်ယောက် ဟစ်အော်ပြောမှသာ ကြားနိုင်ပေတော့၏။

ထို့နောက် တစ်ကုဋေခန့်မျှသော ဆင်ပြောင်ကြီးများ ကုန်း၍အော်ကြခြင်းကဲ့သို့ စူးဝါးကျယ်လောင်သောအသံကြီး ပေါ်လာပြန်၍ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကြီးပေါ်၌ ကျွန်တော်တို့နှင့် မိုင်တစ်ဝက်ခန့် ဝေးကွာသော နေရာတွင် မန္တလေးတောင်လုံးထက်မငယ်သော မီးလုံးကြီးတစ်လုံး သည် ချာလပတ်လည်ကာ လိုဏ်ခေါင်းထဲမှ ပေါ်ထွက်လာလေ၏။

မီးလုံးကြီးသည် အလယ်မှ ဖွေးဖွေးဖြူလျက် အနားကွပ်တွင် အပြာရောင်နှင့်အနီရောင်က အကန့်ကန့် အရစ်ရစ်ရှိလေရာ အောက် ဘက်တွင် ခြေထောက်ကြီးတစ်ချောင်း ထွက်နေသဖြင့် ဗဟိုချက်၌သာ ဖောင်းဖောင်ကားကား ရှိနေလေ၏။

မီးလုံးကြီးသည် နီး၍လာလေလေ မြည်ဟိန်းသော အသံကြီး သည်လည်း တိုး၍ကျယ်လောင်လေလေ ရှိနေပေရာ ချာလပတ် လည်သောအဟုန်မှာလည်း တစ်စက္ကန့်လျှင် အပတ်ပေါင်း ၁၀၀ ထက် မနည်း ရှိကောင်းရှိပေလိမ့်မည်။

ထူးခြားသော အခြင်းအရာတစ်ခုမှာ ကျွန်တော်တို့နှင့် အတော် နီးကပ်လာလျက်နှင့်ပင် သိသိသာသာ ပူပြင်းသောအရှိန်ကို မခံစားကြရ သောကြောင့် သာမာန်မီးတောက်မီးလျှံမျိုး ဟုတ်နိုင်မည်မထင်ပေ။ လမ်းကြောင်းအတိုင်း ရှေ့လိမ့်လာစဉ် ခြေထောက်နှစ်ဖက် တပ်ထား သည့် မှို့ကြီးနှင့်တူသော မီးလုံးကြီးသည် ယိမ်းကာနွဲ့ကာ အိကာ စောင်းကာ ရှေ့သို့ တိုး၍တိုး၍လာလေရာ အရွယ်အားဖြင့် လည်း ကောင်း၊ အရောင်အဆင်းအားဖြင်းလည်းကောင်း၊ ပုံသဏ္ဍာန် အချိုး အစားအားဖြင့် လည်းကောင်း၊ မွှတ်လှအောင် ချာလပတ်လည်ခြင်း အားဖြင့်လည်းကောင်း လွန်မင်းစွာဆန်းကြယ်၏။ လွန်မင်းစွာ ကြောက် မက်ဖွယ်ကောင်းလှသောကြောင့် ဥပမာဆောင်၍ ပြရသော် ကမ္ဘာဖျက် မိုးကြီးရွာသွန်းချ၍ မိုးကြိုးတွေ တချုန်းချုန်း၊ လျှပ်စစ်တွေ တဝင်းဝင်း တလက်လက်ရှိနေခိုက်တွင် တောင်ပို့အဝမှ ပြူ၍ကြည့်နေသော ပိုးချ ပုရွက်ဆိတ်တစ်စုတို့၏ အံ့အားသင့်ခြင်းနှင့် တူချေမည်လော မပြော တတ်ပေ။





ထိုခဏ၌ မဟာဒေဝက 'ကမ္ဘာ့ချိန်သီးကြီး လာနေပြီ၊ ကြည့် လိုက်ကြ၊ ငါလမ်းလွှဲပြလိုက်မယ်' ဟု ဟစ်အော်ကာ စန္ဒာဒေဝီအား အချက်ပေးလိုက်ရာ စန္ဒာဒေဝီသည် အလင်းပေါက်မှ ကိရိယာကို ပြုပြင်ပေးလိုက်သဖြင့် အလင်းရောင်သည် မှိုပွင့်ကြီး၏ ခြေထောက် ဆီသို့ ထိုးလျက်ရှိလေ၏။

မှိုပွင့်ကြီးသည် တရွေ့ရွေ့လည်လာ၍ လမ်းခွဲသော နေရာအနီး သို့ ရောက်လာလေရာ မဟာဒေဝသည် ကျောက်လက်ကိုင်ကြီးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလေ၏။ ၎င်း၏ အလုပ်မှာကား လက် ကိုင်ကို နှိပ်လိုက်လျှင် အလင်းပေါက်မှထွက်သော လျှပ်စစ်အားသည် မှိုပွင့်ကြီး၏ခြေထောက်သို့ တည့်တည့်ကြီး ပန်းထွက်ခြင်းအားဖြင့် လက်ဝဲလမ်းမှ လက်ယာလမ်းသို့ ပြောင်းလွှဲပေးနိုင်မည်ဖြစ်သောကြောင့် စူးစူးစိုက်စိုက်ကြည့်လျက်ရှိ၏။

မှိုပွင့်ကြီးသည် လမ်းခွဲသို့ ရောက်သဖြင့် မဟာဒေဝက ကျောက် လက်ကိုင်ကြီးကို နှိပ်လိုက်သည်နှင့်တပြိုင်နက် စန္ဒာဒေဝီသည် အံ့ဩ ဖွယ်ကောင်းလှသော အပြုအမူတစ်ခုကို ပြုလိုက်သဖြင့် လူအားလုံး ပါးစပ်ဟလျက် ကြည့်နေကြရ၏။

ပြုမူပုံကား လမ်းလွှဲခလုတ်ကို မဟာဒေဝက နှိပ်လိုက်သဖြင့် လျှပ်စစ်ဓာတ်အားသည် မှိုပွင့်ကြီး၏ ခြေထောက်သို့ တည့်တည့်ကြီး ထိုးလိုက်သည်နှင့်တပြိုင်နက် စန္ဒာဒေဝီသည် အလင်းပေါက်ရှေ့၌ တည့်တည့်ကြီးရပ်ပြီးလျှင် အပေါက်မှပန်းထွက်သော လျှပ်စစ်ဓာတ်အား ကြီးကို ရင်ဘတ်၌တပ်ထားသောဒိုင်းဖြင့် ကာကွယ်ပေးလိုက်လေ၏။

ဓာတ်အားသည် ဒိုင်းပေါ်သို့တည့်တည့် ထိုးပန်းပြီးနောက် နံဘေး သို့ချော်ကာ အမြွာမြွာပန်းထွက်လာရာ စန္ဒာဒေဝီ တစ်ကိုယ်လုံးမှာ ထိန်ထိန်ဝင်းသော မီးပန်း၏အလယ်၌ လက်ပစ်တတွက်ခန့် ဓာတ်မတ် ကြီး ရပ်လျက်ရှိသည်ကို မြင်လိုက်ရသော၏။

www.burmeseclassic.com



တန်ချိန်ပေါင်း သိန်းသန်းကုဋေမက လေးလံလှသော မို့ပွင့်ကြီးကို ရွှေ့လျှောအောင်ပြုပြင်ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားကြီးကို ရင်ဘတ်ပေါ်၌ တည့်တည့်ကြီး ခံပေးလိုက်ခြင်းအားဖြင့် မည်ကဲ့သို့ ဝေဒနာမျိုး ခံစားရမည်ကို မတွေးဝံ့လောက်အောင် ရှိပေတော့၏။

ကျွန်တော်တို့ မြင်လိုက်ရသည်ကား စန္ဒာဒေဝီမှာ ခြေဖျားမှ ဆံဖျားတိုင်အောင် အူရောအသည်းပါ တစ်ကိုယ်လုံး ထိန်ထိန်လင်းသွားပြီးနောက် အနည်းငယ်မြောက်တက်၍ ရှေ့သို့ယိမ်းငိုက်သွားပြီးလျှင် ပြာပုံအတိ ဖြစ်သွားရှာလေတော့၏။

လျှပ်စစ်ဓာတ်အားသည် စန္ဒာဒေဝီ၏ ဒိုင်းနှုတ်ခမ်းတလျှောက်ပန်းထွက်ရာမှ ရှေ့သို့ကိုင်း၍ မို့ပွင့်ကြီး၏ ခြေထောက်ဆီသို့ ထိမှန်သွားသေး၏။ သို့ရာတွင် ဒိုင်းပေါ်၌ ခွန်အားကုန်မတတ် ဖြစ်ခဲ့သောကြောင့် လမ်းပြောင်းလွဲလောက်အောင် အားမရှိတော့ဘဲ လျှောင်ကြီးသွက်သွက်ခါမျှ လှုပ်သွားလေတော့၏။

အဖိုးကြီး မဟာဒေဝမှုကား သမီးအား ထိရောက်မည့် အန္တရာယ်ကို မြင်သည်နှင့် ကျောက်လက်ကိုင်ကို လွှတ်ထားခဲ့၍ စန္ဒာဒေဝီထံ ခုန်ထိုးလိုက်ရာ ဒိုင်းမှပန်းထွက်သော လျှပ်စစ်ဓာတ်အား ထိမှန်သွားသည့်အတွက်ကြောင့် ကြမ်းပေါ်သို့ ငိုက်ခနဲ ထိုးကျသွားပြီးလျှင် စင်းစင်းကြီးသေလျက် ရှိလေ၏။

သို့ရာတွင် တိုက်ရိုက် ထိမှန်ရခြင်းမဟုတ်သောကြောင့် စန္ဒာဒေဝီကဲ့သို့ ပြာပကာတိမဖြစ်ဘဲ မီးသွေးခဲပမာဏ မည်းမှောင်လျက်ရှိလေ၏။

ကျွန်တော်တို့မှာ ကြက်သေသေကာ ကြောင်တောင်ငေးနေကြရာမှ သတိရလာကြသဖြင့် လှမ်းကြည့်လိုက်သောအခါ မို့ပွင့်ကြီးမှာ ဥမင်လှိုဏ်ခေါင်းကြီးထဲသို့ ဝင်သွားခဲ့လေပြီ။

နောက်ဆုံး၌ ကျွန်တော်တို့သည် ထိုနေရာမှ ထလာခဲ့ကြ၍ မဟာဒေဝပြောပြဖူးသည့် ထွက်လမ်းမှ လိုက်လာခဲ့ကြရာ နာရီပေါင်း ၃၀





ကျော်ခန့်မျှတိုင်အောင် ကြီးစွာသောဆင်းရဲဒုက္ခများခံစားလျက် အထက်သို့တက်သော ဥမင်လှိုဏ်ခေါင်း လမ်းတစ်လျှောက် လျှောက်လိုက်ခဲ့ကြပြီးမှ အပေါက်တစ်ခု ဘွားခနဲတွေ့၍ တောင်ထိပ်သို့ ရောက်နေကြသည်ကို တွေ့ရလေ၏။

၂၄ နာရီတိုင်တိုင် အမောအပန်းဖြေကြပြီးနောက် ကျွန်တော်တို့သည် အခြေအနေကို ကြည့်ရှုကြရာ ယခင်က ဂူပေါက်သည် ရေအောက်သို့ နိမ့်သွားမည့်အဖြစ်ကို တွေ့ကြရလေ၏။

လက္ခဏာမှာ ပထဝီမြေကြီး၏ ဝမ်းခေါင်းထဲ၌ ကျွန်တော်တို့ရှိစဉ် လှုပ်ခဲ့သော လျှောင်ကြောင့် ကျုံဝင်သွားဟန် တူပေ၏။ အကယ်၍ ကျွန်တော်တို့သည် ကျောက်တုံးလမ်းမှ ပြန်လာကြပါမူကား ဂူဝပိတ်ဆို့နေသည်ကို တွေ့ရမည်ဖြစ်၍ ကေန်မုချ သေကြဖို့သာ နည်းလမ်းရှိပေတော့၏။ 'သေကံမရောက် သက်မပျောက်' ဆိုသော စကားသည် မှန်ပေ၏တကား။

နောက်ဆုံး၌ ကျွန်တော်တို့သည် လူရိုင်းဘုရင်ကိုရှာ၍ ၎င်းအားကြောက်လန့်အောင်ခြောက်လှန့်ခါဖြင့် လေယာဉ်ပျံကို တောင်းပြီးလျှင် အိန္ဒိယပြည်ဘက်သို့ ပျံလာခဲ့ကြလေရာ ချောချောမောမောပင် ဆင်းမလားမြို့သို့ ဆိုက်ရောက်လာကြရပေတော့သတည်း။

တင်လှိုင်

## ကိုသာမြတ်၏အမှာစာ

ကျွန်တော်တို့၏မိတ်ဆွေ ကိုတင်လှိုင်မှာ အထက်ပါ အဖြစ်အပျက်များကို ရေးသားပြီးသည့်နောက် များမကြာမီ အတွင်း၌ပင် ကွယ်လွန်အနိစ္စရောက်ရရှာလေရာ ၎င်း၌ဆွေမျိုးညာတိ အရင်းအချာ

www.burmeseclassic.com



လည်း မရှိသောကြောင့် သေခါနီးတွင် ငုဝ်းပိုင်ပစ္စည်းများကို သုံးပုံ အညီအမျှပုံပြီးလျှင် တစ်ပုံကို ကျွန်တော့်အားလည်းကောင်း၊ တစ်ပုံကို ကိုဖူးညိုအား လည်းကောင်း၊ တစ်ပုံကို ငုဝ်းနှင့်မအုန်းကြည် သို့မဟုတ် စန္ဒာဒေဝီတို့အတွက် ရည်စူး၍ ကောင်းမှုကုသိုလ်ပြုရစ်ရန်လည်းကောင်း အပ်နှံထားခဲ့ပါကြောင်း။

ဖော်ပြပါရှိသော အဖြစ်အပျက်များမှာ အစမှအဆုံးတိုင် မှန်ကန်သည်ဟု ကျွန်တော်၏ သက်သေခံချက်နှင့်တကွ 'ဆရာရွှေဥဒေါင်း' ထံသို့ ပေးပို့လိုက်ရခြင်း ဖြစ်ပါကြောင်း။

သာမြတ်

## ကိုဖူးညို၏ အမှာစာ

ကိုတင်လှိုင် ရေးသားခဲ့သော အဖြစ်အပျက် အခြင်းအရာများနှင့် ကိုသာမြတ်၏ ဖော်ပြချက်တို့မှာ အားလုံးမှန်ကန်ကြောင်း ကျွန်တော်က ထပ်လောင်း၍ သက်သေခံလိုက်ရပါကြောင်း၊ အဖြစ်အပျက်များမှာ အလွန်တရာ ဆန်းကြယ်သောကြောင့် ကျွန်တော်က 'ယုံချင်ယုံ၊ မယုံချင်နေ' ဟူ၍ ပြောလိုတော့ပါကြောင်း။

ဖူးညို

ရွှေဥဒေါင်း

ပြီးပါပြီ

ပဌမအကြိမ်

www.burmeseclassic.com

